
ကိုတင်အေး
John P. Lee
Broker/Owner
BRE # 01255756
Cell : (510) 219 2880
Office: (510) 505 9933
JohnLee@MRLBayArea.com
3982, Horner St, Suite A
Union City, CA 94587


MONTHLY သတင်းစာ

Printed in Los Angeles, USA | Burman American Printed Media | Free | Monthly

# မြန်မာ့ဂေဇက် Myanmar Gazette



Sandar West
BRE # 01334160
RE/MAX HALL OF FAME
Cell: (909) 816 3257
Ad on Page A 13


FREE အခမဲ့သတင်းစာ

December 2023 | Vol. 11/Issue 12 | 32 Pages | 7223 Baird Ave. #105 Reseda CA 91335 USA Tel: 1 (747) 777 6313 | www.MyanmarGazette.net | Since 2006| No. 180


ထင်ရှားကြိုးစားသူများကဏ္ဍ Best Actor ဆုရသူ Gin Mung Page 7
Stop The Hate MG Newsletter IX, X Page 8, 14
KaiTamsin Bwor Book Review The Pale-Faced Lie by David Crow Page 20
December အလှပန်း Kyi Pyar Win Page 17
တိမ်မည်း မင်းဘယ်လမ်းသွားသွား အဆက်မပြတ်စေရ Page 24
မောင်စွမ်းရည် လူအများသံယောဇဉ်မကင်းနိုင်တဲ့ ရန်သူ Page 6
မောင်မိုးညို 2020 Census မြန်မာလူမျိုးစုတို့ ၏အခြေပြ[ဂ] Page 25
တိုင်းရင်းဆေး လောက်သေပင် Desmodium triquetrum (L.) DC. Page 26


## Burmese Christian Alliance Christmas Worship Celebration



ဓာတ်ပုံ- Richard Khoo

## California Shan Social & Cultural Society Tai New Year 2118



ဓာတ်ပုံ- California Shan Social & Cultural Society

Burmese Christian Alliance Worship ကကြီးမှူးကျင်းပသော Christmas Worship Celebration ကို ဒီဇင်ဘာ၉၊ ၂၀၂၃ မနက်၁၁နာရီမှ မွန်းလွဲ ၁ နာရီ ခွဲ ထိ ကျင်းပခဲ့သည်။ အခမ်းအနားမှူးအဖြစ် Naw Bauk နှင့် ဦးထွန်းထွန်းရှိန်တို့ကဆောင်ရွက်ခဲ့ပြီး Rev, Latt Yishey က ကြိုဆိုနှုတ်ခွန်းဆက်ပြီး အသင်းသူအသင်းသားများက ဓမ္မတေးများ သီဆိုဆက်ကပ်ကြသည်။

Rev. Naw San Dee က အဓိက အချက် " ခရစ်တော်၏စကား" ဓမ္မကိုဝေငှရာ " အလင်းရောင်သည် နေရာတိုင်းတွင်ရှိပြီ ၁ : ၁-၄ တွင် ဘုရားသခင်က ပထမဆုံးအလင်းရောင်ကို ဖန်ဆင်း၏။ ဘုရားပေးသောအလင်းသည် ဦးဆောင်ဖို့ဖြစ်၏။ အလင်းဟာ အသက်ရှင်သန်ဖို့အတွက်ဖြစ်၏။ အလင်းအားဖြင့်ကြည့်ဖို့ဖြစ်၏။ ခရစ်တော်၏မေတ္တာသည် ဘုရားသခင်၏မေတ္တာနှင့်သက်ဆိုင်သည်။ ခရစ်တော်ဆောင်ရွက်သကဲ့သို့ ကျွန်ုပ်တို့ဆောင်ရွက်ဖို့လိုပြီး မေတ္တာဖြင့်အနိုင်ယူရန် လိုအပ်သည်။ ဘုရားပေးသောအလင်းသည် ကျွန်ုပ်တို့ဆီမှာ ရောက်ရှိနေပါသည်" ဟု ဟောကြားခဲ့သည်။ Pastor Ai Lian Paw က ခရစ်စမတ်အထူးဆုတောင်း ပးကာ သံစုံတီးဝိုင်း၊ စန္ဒယားလက်သံတို့ဖြင့် ခရစ်စမတ်တေးများသီဆိုကြခဲ့ကြသည်။

ထို့နောက် Rev. Harold Ho က ကောင်းကြီး ပေးကာ Pastor Christer Mawia က ဆုတောင်းကျေးဇူး တော်ချီးမွမ်းပြီး တက်ရောက်လာသူ ၂၀၀ခန့်ကို နေ့လယ်စာတည်ခင်းဧည့်ခံခဲ့သည်။ Burmese Christian Alliance တွင် အသင်းတော်၁၀ခုပါဝင်ကာ နှစ်စဉ် Camps, Worship &Music, Christmas, Revival, ဈေးရောင်းပွဲတို့ကို နှစ်စဉ်ကျင်းပပါသည်။



Photo: Aram K.

## Mae La refugee camp ကိုသွားခဲ့တဲ့ Star2

SweSwe Aye

အမေရိကားကိုရွှေ့ပြောင်းအခြေချလာတဲ့ မြန်မာတိုင်းရင်းသားလူနည်းစု လူငယ်များထဲက နယ်ပယ်အသီးသီးမှာ ကြိုးစားမှုနဲ့ ထိုက်ထိုက်တန်တန်အောင်မြင်ထင်ရှားနေကြသူတွေရှိပါတယ်။ အဲ့ဒီထဲကနေ Myanmar Gazette ပရိသတ်တွေအတွက် ကရင်ဇာတိနွယ်၊ Asian-American hip-hop ကိုဦးဆောင်နေသူတွေထဲက တဦးဖြစ်တဲ့၊ အမေရိကန်လူငယ် တေးရေး၊ တေးဆိုနဲ့ Rapper တဦးဖြစ်တဲ့ Star2 ကို မိတ်ဆက်ပေးချင်ပါတယ်။ Star2 ဟာ California ပြည်နယ်၊ San Diego မှာ နေထိုင်ပါတယ်။ သူ့ဂီတအနုပညာဖန်တီးမှုတွေဟာ အမေရိကန်ပရိသတ်တွေရဲ့ အားပေးမှုကို တခဲနက်ရရှိသလို သူ့ဘဝနောက်ခံဟာလဲ စိတ်ဝင်စားစရာကောင်းလှပါတယ်။ သူရေးသားသီဆိုတဲ့သီချင်းအများစုက Pop, R&B, and Hip-hop တွေဖြစ်ပြီး Gen Z တွေက သူ့အမာခံပရိသတ်တွေဖြစ်ပါတယ်။

Star2 ကို ထိုင်း-မြန်မာနယ်စပ်က Mae La refugee camp ပြောင်းခိုသူ (Refugee)စခန်းမှာ မွေး

To Page 16

California Shan Social & Cultural Society က ကျင်းပသည့် Tai New Year ရှမ်းနှစ်သစ်ကူးပွဲတော် (၂၁၁၈) ကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၉က Monetery Park ရှိ အောင်ဇေခမ်းမတွင် ညနေ၆နာရီမှည ၁၀ နာရီထိ ကျင်းပခဲ့သည်။ အခမ်းအနားတွင် California Shan ocial & Cultural Society ဥက္ကဋ္ဌDr. Sai Htwe Maung က နှုတ်ဆက်စကားပြောကြားခဲ့ပြီး California Shan ocial & Cultural Society က ရှမ်းတို့ဟူးနွေးဖြင့်ကြွရောက်လာသောဧည့်သည်များကို ညစာ ဧည့်ခံခဲ့သည်။

ဖျော်ဖြေရေးအစီအစဉ်တွင် ရှမ်းအိုးစည်တီးကာ ဥက္ကဋ္ဌ Dr. Sai Htwe Maung နှင့် Iowa ပြည်နယ်မှ အခမ်းအနားသို့တက်ရောက်သောတေးသံရှင် Sai De Moine က ရိုးရာဂီတ သရုပ်ဖော်ခဲ့ပြီး LA မြို့မှ "M" Music Band ( Lead guiter- Moe Latt & Sar Law La, Keyboard - Zau Hpan Lahtaw , Bass - David Khai, Drums - Kyaw Naing Aye) ၏တီးခတ်မှုဖြင့် အကယ်ဒမီမေဝင်းမောင်၊ တေးသံရှင် Sai De Moine, မမြမြအေး၊ အသင်းမိသားစုများနှင့် မြို့ခံတေးသံရှင်များက တေးသီချင်းများသီဆိုဖျော်ဖြေခဲ့ကြသည်။ ရှမ်းကလေးငယ်များ၏ ရင်သပ်ရှုမောဖွယ် ခါးသိုင်းကကွက်များနှင့် MayThandi Win, Christina Tun, KaiTamsin Aye တို့၏ ဒေါင်းနဒီအဖွဲ့၏ "စကားဝါမြေ" အကဖြင့် ဖျော်ဖြေမှုများကို မျိုးဆက်သစ်များကို ချစ်ခင်ကြသော ဧည့်ရိသတ်များက တခဲနက်အားပေးခဲ့ကြသည်။ ရှမ်းရိုးရာပျိုဖြူလေးများ၏ ရှမ်းအကကို လဲ

To Page 25



Ko Ko Nyein
Broker
818-383-2986
DRE Lic 01504276
Ad. on Page A5

East - West Dental Center
ဒေါက်တာဇော်ထွန်း : သွားဆေးခန်း
Orthodontics, Braces
635, E. Garvey Ave
Monterey Park
CA 91755
(626)288 6622


IRN INTERNATIONAL REALTY NETWORK
PEARL KHOO 王珍珍
Realtor®
Serving California since 1986
(626) 203-8966
pearl.tt.khoo@gmail.com
DRE #00908574
"I speak Burmese, Mandarin, Cantonese,Taiwanese and English."


# NYC, Time Square လူ့အခွင့်အရေးတွေပြန်ရဖို့ စစ်အာဏာရှင်အမြစ်ဖြုတ်စို့ ဆန္ဒထုတ်ဖော်ပွဲ



New York မြို့၊ Time Square တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဖြစ်သော ဒီဇင်ဘာ၁၀၊ ၂၀၂၃က "လူ့အခွင့်အရေးတွေပြန်ရဖို့ စစ်အာဏာရှင်အမြစ်ဖြုတ်စို့"ခေါင်းစဉ်ဖြင့် New York City Burmese Community (NYCBC)မှ ဦးဆောင်ကာ ဆန္ဒထုတ်ဖော်ပွဲကိုကျင်းပခဲ့သည်။ မွန်းလွဲ၁နာရီတွင်ကျင်းပပြီး မိုးရွာနေသော်လည်း မြန်မာပြည်သူတရာခန့်တက်ရောက်ခဲ့ကြ၍ မြန်မာပြည်တွင်း စစ်ဘေးရှောင်စခန်းများပါမကျန် အရပ်သားများကို စစ်တပ်ကလေကြောင်းနှင့် ဗုံးကျဲတိုက်ခိုက်မှုများကို UN နှင့် ကမ္ဘာ့နိုင်ငံများက ကန့်ကွက်အရေးယူပေးရန်ကို အဓိကတောင်းဆိုခဲ့ကြကာ အမျိုးသမီးအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးကာကွယ်ရေးများကိုလဲ ဟောပြောခဲ့ကြသည်။

မြန်မာ့နွေဦးတော်လှန်ရေးနှင့်ပတ်သက်သော ကြွေးကြော်သံများ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆိုင်ရာကြွေးကြော်သံများကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ကြွေးကြော်ခဲ့ကြပြီး စစ်အစိုးရကို တိုက်ပွဲဆင်နေသော တိုင်းရင်းသားတပ်များနှင့်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ အောင်ပွဲရစေရန်အတွက် အောင်သပြေလှူပ်ရှားမှုကိုပါ ပြုလုပ်ခဲ့ကြသည်။ ဓာတ်ပုံ- Wayne Chin

## Fort Wayne, IN

# စုပေါင်းဆုတောင်းတော်လှန် ဒီပါဝလီ



Myanmar Hindu Union မြန်မာဟိန္ဒူသမဂ္ဂကျင်းပသော စုပေါင်းဆုတောင်းတော်လှန်ဒီပါဝလီ တော်လှန်ရေးရန်ပုံငွေ ဈေးရောင်းပွဲကို Indiana ပြည်နယ်၊ Fort Wayne မြို့၊ ဇေတဝန်ကျောင်းတိုက်တွင် ၂၀၂၃ခုနှစ်၊ နိုဝင်ဘာ၁၂က ကျင်းပခဲ့ရာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီဥက္ကဌ ဦးအောင်ကြည်ညွန့်၊ အမျိုးသားညီညွတ်ရေးအစိုးရ နိုင်ငံခြားရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမိုးဇော်ဦး၊ သံအမတ်ကြီးဦးကျော်မိုးထွန်း၊ ကဗျာဆရာအောင်ဝေးတို့ တက်ရောက်ကာ အမှာစကားနှင့်ကျေးဇူးတင်စကားများပြောကြားခဲ့ပြီး ဟိန္ဒူခေါင်းဆောင်များကလည်း ရိုးရာထုံးတမ်း စဉ်လာအတိုင်း နှုတ်ဆက်ဂါရဝပြုခဲ့ကြသည်။ အခမ်းအနားသို့ ဟိန္ဒူနှင့်ဗုဒ္ဓဘာသာမြန်မာမိသားစုများက ရန်ပုံငွေဈေးရောင်းခဲ့ကြ၍ အလှူငွေများအားလုံးကို NUG အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန် ကြီးဌာနနဲ့ လူကယ်ပြန်ဝန်ကြီးဌာနတို့ကို ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ဓာတ်ပုံ- ကိုခင်မောင်လေး(Fort Wayne)

## Yoma Burmese Restaurant

# Christmas



Monterey Park, California ရှိ Yoma မြန်မာစားသောက်ဆိုင် ၏ နှစ်စဉ်ကျင်းပသည့် ခရစ်စမတ်အခမ်းအနား ၁၆ကြိမ်မြောက်ကို ဒီဇင်ဘာ၁၆၊ ၂၀၂၃က အောင်ဇေခမ်းမတွင် ညနေ၅နာရီခွဲမှ ကျင်းပခဲ့ရာ LAMCC မှ Rev. Ricky Hla, Rev. David Paul နှင့် ဆရာဇော်သက် ဦးတို့က ခရစ်စမတ်တရားဟောကြား၍ ဆုတောင်းပေးခဲ့ပြီး ရိုးမမြန်မာစားသောက်ဆိုင်ပိုင်ရှင် Jones က ဝန်ထမ်းများ၊ ရိုးမမြန်မာစားသောက်ဆိုင်ရေရှည်ရပ်တည်ရေးအတွက် ကူညီပံ့ပိုးကြသူများအား ခရစ်စမတ်လက်ဆောင်ပေးအပ်ခဲ့သည်။

ညစာနာရီတွင် ရိုးမ၏ Chef special ပုဇွန်အစပ်ကြော်၊ အမဲသားဟင်း၊ ကြက်သားဟင်း၊ ခေါက်ဆွဲကြော်၊ စမူဆာနှင့် ဆနွင်းမကင်း၊ အုန်းနို့ကျောက်ကြောတို့ဖြင့် ကြွရောက်လာသူဧည့်ပရိသတ်၁၀၀ခန့်ကို ညစာတည်ခင်းဧည့်ခံခဲ့သည်။ Yoma Burmese Restaurant သည် 713 E Garvey Ave, Monterey Park, CA 91755 တွင် တည်ရှိပြီး ၁၇နှစ်ခန့်သက်တမ်းရှိကာ Los Angeles ရှိ အဦးဆုံးမြန်မာစားသောက်ဆိုင်များတွင် တခုအပါအဝင်ဖြစ်သည်။

https://www.focuseyecenterla.com



FOCUS EYE CENTER
Ophthalmology Clinic မျက်စိအထူးကုဆေးခန်း
ရေတိမ်၊ အတွင်းတိမ်၊ Macular Degeneration၊ဆီးချို့နှင့် အခြေးပေါ် မျက်စိရောဂါအမျိုးမျိုးတို့ကို မြန်မာစကားဖြင့် ဆွေးနွေးတိုင်ပင်နိုင်ပါသည်။
ဒေါက်တာကေသွယ်ခိုင်
မျက်စိခွဲစိတ်အထူးကုဆရာဝန်
Bascom Palmer Eye Institute
Graduate and Professor
Dr. Kay T. Khine, MD Dr. Bryan Paul Jones, MD
3007 Huntington Dr.
Suite 202
Pasadena, CA 91107
(ဆေးခန်းတွင်ကားရပ်ရန် parking များစွာရှိသည်)
(626) 657-2020
kaykhine@focuseyecenterla.com www.focuseyecenterla.com



GRATITUDE VISION
OPTOMETRY
ဒေါက်တာဇင်မေရီမင်း B.Sc, O.D.
မျက်စိဆရာဝန်
Primary Eye Care
✔ မျက်မှန် နှင့် မျက်ကပ်မှန်ပါဝါစမ်းသပ်ခြင်း။
✔ မျက်စိခြောက်သွေ့ခြင်း၊ မျက်စိနာခြင်း၊ မျက်စိနီခြင်း၊ မျက်စိစပ်ခြင်းရောဂါများ ကုသခြင်း။
✔ အတွင်းတိမ်၊ ရေတိမ်၊ သွေးတိုး ဆီးချို ကြောင့်ဖြစ်သော မျက်စိရောဂါများစမ်းသပ်ခြင်း။
✔ အရည်အသွေးကောင်း မျက်မှန်ဒီဇိုင်းများ တစ်နေရာတည်းမှာ ရနိုင်ပါသည်။
✔ မြန်မာစကားဖြင့် စိတ်ချယုံကြည်စွာ တိုင်ပင်ဆွေးနွေးနိုင်ပါသည်။
Gratitude Vision Optometry
1632 Puente Ave. Baldwin Park CA 91706
(626) 587-0033
iCare@gratitudevision.com
Follow us on
www.facebook.com/Gratitude.Vision
www.instagram.com/gratitude.vision
www.gratitudevision.com
https://www.gratitudevision.com

## အရှင်ဩဘာသ



Azusa ဗြဟ္မဝိဟာရကျောင်းတိုက်မှာ သီတင်းသုံးတော်မူတဲ့ ဆရာတော်အရှင်ဩဘာသရဲ့ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၁၀ရက်နေ့က ကျင်းပခဲ့တဲ့ သက်တော်၆၅နှစ်ပြည့်မွေးနေ့မှသည် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ သက်တော်၁၂၀ထိ သာသနာပြုနိုင်ပါစေ။

Azusa ဗြဟ္မဝိဟာရကျောင်းတိုက်
ဒကာ၊ ဒကာမများ

## အန်တီ Esther Yang



ချစ်ခင်ရပါသော ကို Milton Yang နဲ့ မ Jasmine Yang တို့ရဲ့မိခင် အန်တီ Esther Yang ရဲ့ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၂၂မှာ ကျရောက်တဲ့ ၉၀နှစ်ပြည့်မွေးနေ့မှ ကျန်းမာပျော်ရွှင်ပြီး မွေးနေ့၁၂၀တိုင် ဘုရားသခင်ကောင်းချီးတွေရပါစေ။

Myanmar Gazette နှင့် San Francisco Bay Area မှ မိတ်ဆွေများ

## Maureen Myint



ချစ်မာမီ ဒေါ် Maureen Myint ရဲ့ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ၂၆ရက်မှာကျရောက်တဲ့ မွေးနေ့မင်္ဂလာမှသည် မွေးနေ့၁၂၀ကို ချစ်ဒယ်ဒီ ဦး Frankie Myint, ချစ်သား၊ သမီး၊ မြေးများနဲ့အတူ စိတ်ရောကိုယ်ပါကျန်းမာချမ်းသာ ခြင်းများစွာနဲ့ ဆင်နွဲနိုင်ပါစေ။

ချစ်သားသမီးများ- Dr. MgMgOo & Dr. KhinSandarMyint
Myo Zaw Myint ,Samantha Myint
တေးသံရှင် ZaYanDa

## မြန်မာ့ဂဇက် ၂၀၂၄ နှစ်သစ်ဆုမွန်



မြန်မာ့ဂဇက်ကို လစဉ်ဖတ်ရှုနေကြတဲ့ စာဖတ်ပရိသတ်များ၊ Covid ကာလမှာပါ တလမှမရပ်ဘဲ ဆက်တိုက် ထွက်နိုင်ဖို့ တဘက်တလမ်းက နေ အားပေးပံ့ပိုးနေတဲ့ စီးပွားရေးကြော်ငြာရှင်များအားလုံး၊ စိတ်စေတနာအားဖြင့် အချိန်ပေးပြီး ဖြန့်ချိပေးကြတဲ့ California, New York, Texas ပြည်နယ်များမှာနေထိုင်တဲ့ မိတ်ဆွေများ၊ စာမူများရေးသားပေးပို့ကြသူများအားလုံး မင်္ဂလာနှစ်သစ် ၂၀၂၄မှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ပြည့်စုံပြီး ပူပင်သောက၊ ဗျာပါဒ၊ ဘေးရန်ခပ်သိမ်းကင်းဝေးပြီး ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်၊ လိုရာဆန္ဒများပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းပို့သလိုက်ပါတယ်။

## နန်းခမ်းသီရိထွန်း

တင့်တယ်လှပရှုမဝ၊
ဖြူစင်စိတ်ထား ဂုဏ်ရည်ဝံ့ကြွား၊
လုပ်ငန်းစီးပွားတိုးတက်များပြား၊
အရာရာအဆင်ပြေအောင်မြင်ပါစေ။
ကောင်းခြီးချမ်းသာမင်္ဂလာအဖြာဖြာဖူးပွင့်ဝေစည်၊
သင်းပျံ့နေမည်။
ဘုရားဦးထိပ်ထားမင်္ဂလာတပါး၊
မိဘမေတ္တာကျေးဇူးဆပ်ကာ၊
ကျန်းမာရွှင်လန်း ဂုဏ်တော်ချီးမွမ်း၊
မွေးနေ့ချိန်ကာနိုဝင်ဘာ၁၈မှာ၊
ဖြတ်သန်းလျှောက်လှမ်း အနာဂတ်ခရီးလမ်း၊
တောင်းဆုခြွေ မေတ္တာဝေ၊
၁၀၀လှပါစေ။

ဦးမိုးကျော်- Minnie Gaw, ဒီဇင်ဘာ
ထွေးလေးခိုင်-ဦးကျော်ဝင်း၊
ဦးကျော်ဟိန်း-ဒေါ်ချိုပြုံးရီမိသားစု

## ၁၈နှစ်မြောက်မင်္ဂလာ



Fort Wayne မြို့နေ ချစ်ခင်ရပါသော ကိုခင်မောင်လေး နဲ့ မမာမာလွင် တို့ရဲ့ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၆ရက်နေ့မှာ ကျရောက်တဲ့ ၁၈နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်နေ့ရက်မှသည် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာနဲ့ သားမောင်အောင်ကိုလေး၊ သမီးငယ်သင်းခွာညိုလေးတို့နဲ့အတူ မင်္ဂလာနှစ်၁၀၀တိုင် ပါစေ။

CA မှ မိတ်ဆွေများ။ မြန်မာ့ဂဇက်


## မေသက်



ချစ်ညီမလေး မေသက်ရဲ့ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ မွေးနေ့မှသည် မွေးနေ့၁၂၀တိုင် လိုရာဆန္ဒများ ပြည့်ဝပါစေ။

ချစ်တဲ့ မဆွေဆွေ

## ကိုဝင်းစော



၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၂၆မှာကျရောက်တဲ့ ကိုဝင်းစောရဲ့မွေးနေ့မှာ စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပြီး ချစ်ဇနီးမခင်အေးဇံ၊ သား ဝေလင်းစော၊ ဇံမင်းစော တို့နဲ့ အတူ မွေးနေ့၁၂၀တိုင်ပါစေ။


San Fernando Valley မှ မိတ်ဆွေများ၊
ညီအစ်ကိုမောင်နှမများ

## မMichelle



၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၆ရက်မှာကျရောက်တဲ့ မ Michelle ရဲ့ မွေးနေ့မှာ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်းများ ကို အစဉ်ရရှိပြီး မွေးနေ့၁၂၀တိုင် လိုရာဆန္ဒတွေပြည့်ဝပါစေ။

မြတ်ပန်းသစ္စာညီအစ်မများ





https://www.facebook.com/profile.php?id=100091581507029

# အင်တာနက်မှာ ဈေးရောင်းပါ

Covid-19 ကာလတွင် Website ၏အရေးကြီးသောအခန်းကဏ္ဍကိုမြင်သာပါပြီ။
သင့်ကိုယ်စား 24 / 7 / 365 အလုပ်လုပ်ပေးနေနိုင်သော Websiteကိုတည်ဆောက်ပါ။
Websiteအရင်းအနှီးမှာ တကယ့်ရုံး။ဆိုင်၊စက်ရုံတို့ ၏၁လစာကုန်ကျစရိပ်ပင်မရှိ။
သင့်တွင်....
Idea စီးပွားရေးအမြင်နှင့်အဆက်အသွယ်-အရင်းအနှီးရှိသည်။
မိမိတွင်... အမေရိကား၏နှစ်၂၀ နည်းပညာအတွေ့အကြုံရှိပါသည်။
အင်တာနက်မှ ငွေပေး/ယူ ။ပစ္စည်းပို့ /သွင်းကိစ္စများကိုဆွေးနွေးတိုင်ပင်ကြည့်ပါ။

# ဒီခေတ်ကြီးထဲ... အမေရိကားမှာနေပြီး...

ကိုယ်ပိုင်လုပ်ငန်းအတွက်.. Website တခုတောင်မရှိဘူးဖြစ်နေပါသလား:
ရှိပြီး Website ကို ဘယ်လိုပြင်ဆင်ထိန်းသိမ်းရမှန်းမသိဖြစ်နေပါသလား:..
ကုမ္ပဏီ၊ ဆေးခန်း၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ လုပ်ငန်းဝက်ဘ်ဆိုက်များကို
မိမိနေထိုင်ရာရပ်ကွက်မြို့နယ်ရှိ Local Business Center - Google/Yahoo, Yelp! တို့တွင်မှတ်ပုံတင်ပေး၍
iPad, iPhone, Android phone, Computer တို့နှင့်အလွယ်တကူ ရှာတွေ့နိုင်အောင် တည်ဆောက်ပေးသည်။

http://www. ? .com

LOGO DESIGN
WEB DEVELOPMENT
MARKETING
SEO
SUPPORT

Ko Kai ကိုခိုင်
(213) 422 2307 Thakhin@Gmail.com

http://www. ? .com

ဒီခေတ်ကြီးထဲ... ဒီနိုင်ငံမှာနေပြီး...

ကိုယ်ပိုင်လုပ်ငန်းအတွက်.. ဝဘ်ဆိုက်တခုတောင်မရှိဘူးဖြစ်နေပါသလား

ရှိပြီး ဝက်ဘ်ဆိုက်ကို ဘယ်လိုပြင်ဆင်ထိန်းသိမ်းရမှန်းမသိဖြစ်နေပါသလား...

ပေါ်ချောင်ဈေးသက်သာသည့်ကုမ္ပဏီတွင် အလုပ်အပ်မိပြီး မည်သို့ဆက်လုပ်ရမှန်းမသိဖြစ်နေပါသလား . .

ဝဘ်ဆိုက်အကြောင်းနားမလည် အသင့်ဈေးရောင်းဈေးဝယ်လက်တင်တန်းသုံးချင်ပါသလား . .

SEO | WEBSITE SUPPORT | LOGO DESIGN | INTERNET MARKETING | WEB DESIGN

တိုင်ပင်ရန်။ ။ကိုခိုင်

kai@thakhin.com

(213) 422 2307



ဒန္တာ၊ သုခံ၊ အာရောဂျံ

သွားနှင့်ခံတွင်းကျန်းမာ၊ ကိုယ်စိတ်နှစ်ပါးချမ်းသာ



ဒေါက်တာမြင့်ဆွေ

Myint Swe D.D.S

- Most Insurance Plans Accepted
- Urgent Care and New Patients Welcome
- Discount Plan for No Insurance Patient, Senior & Student
- Ample Free Parking
- Close to South San Francisco Bart Station
- Weekend and Evening Appointments Available

Please call us today for Free X-Ray, Free Exam & Free Consultation

Tel: (650) 952 3400 Fax: (650) 952 3499

1133 El Camino Real Suite 3,
South San Francisco, CA 94080
Cross Street: Arroyo Dr.



TUSCANA PROPERTIES

အိမ်ဝယ်သူတိုင်း မြတ်ကြသည်

Buying. Selling. Financing.
Let me help you!

Call Nilar Aye
650-307-7897



Bay Area တွင်နေထိုင်သော မြန်မာမိသားစုများအတွက်

Townhouse, Condo, Single Family Home

ရောင်းခြင်း၊ဝယ်ခြင်းကိစ္စရပ်များကို အကောင်းဆုံးဝန်ဆောင်မှုဖြင့် ကူညီပေးပါရစေ

Nilar Aye
Realtor
DRE # 02178820
650-307-7897
nilar@TuscanaProperties.com
Office: 1875 S. Bascom Ave #2400 Campbell, CA 95008



ဒေါက်တာတင်တင်မြင့်

Shu-May Lee MD

Internal Medicine

1800 Sullivan Avenue
Suite 105
Daly City, CA 94015

Tel: (650) 755-2690
Fax: (650) 755-2606

Bay Area ရှိမြန်မာ၊တရုတ်မိသားစုများအတွက်





CORNEL REALTY

Jenny Wong

Cornel Realty LLC
License #: S. 0169349

C: 702-588-3483
O: 702-588-3483
TheChowTeam777@yahoo.com

5575 S. Durango Dr. Suite 107 Las Vegas NV 89113

Las Vegas တွင်အိမ်မြေ ရင်းနှီးမြှုပ်နှံလိုသူများ မြန်မာလိုတိုင်ပင်ဆွေးနွေးနိုင်ပါသည်။



NEW YORK LIFE



We'll always put your needs first. Just like you do for your loved ones.

Protecting your family's financial future is our top priority. Get in touch with me to learn how you can put your love into action for them.

Jin Lan (Linda) Shieh, LUTCF
Agent, New York Life Insurance Company
I speak English, Burmese & Chinese
951 Mariner Island Blvd., Ste 600
San Mateo, CA 94404
650-784-8577
jlshieh@ft.newyorklife.com

CA Insurance Lic # 0F58085

SMRU1848301 (Exp.01/22/2024)
©2021 New York Life Insurance Company,
51 Madison Avenue, New York, NY 10010.
All rights reserved. NEW YORK LIFE and
the NEW YORK LIFE Box Logo are trade-
marks of New York Life Insurance Company.

Insure. Prepare. Retire.

I speak Burmese, Mandarin and English မြန်မာလိုပြောဆိုဆွေးနွေးနိုင်ပါသည်။





မြန်မာအကြောင်း US အမျိုးသားမော်ကွန်းဝင်စေသော Myanmar Gazette

Los Angeles အခြေစိုက် မြန်မာသတင်းစာ Myanmar Gazette ကို Washington DC. အခြေစိုက် Newseum သတင်းမော်ကွန်းတိုက်က ၂၀၁၄ ခုနှစ်တွင် သတင်းစာအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု လက်ခံခဲ့သည်။ မြန်မာ့ဂုဏ်သည် မြန်မာနိုင်ငံပြင်ပတွင် မြန်မာဘာသာဖြင့်ထုတ်ဝေသည့် သက်တမ်းအကြာဆုံးစာစောင်ဖြစ်သည်။

လစဉ်ထုတ် Myanmar Gazette အကြောင်းကို Los Angeles Times အဖုံးတွင်အင်တာဗျူးဖော်ပြခဲ့သလို ကမ္ဘာ့အစောဆုံးမီဒီယာတခုဖြစ်သည့် Agence France Presse (AFP) သတင်းဌာနကလည်း အသေးစိတ်အင်တာဗျူးခဲ့သည်။

International Media များက အသိအမှတ်ပြုသော Myanmar Gazette

# မြန်မာ့ဂဇက် ၏ အယ်ဒီတာ့ သင်ပုန်း

ဒီဇင်ဘာလ ၂၀၂၃

၂၀၂၃ကိုနှုတ်ဆက်ပါသည်။ ၂၀၂၄သည် လှုပ်ရှားခုန်ဆွခြင်းများဖြင့်စောင့်၏။ ဖြစ်နေသော စစ်ပွဲကြီးများ ရပ်တန့်သွားမည့်အခြေအနေမမြင်ရသလောက် ပို၍တိုးလာမည့် စစ်နှင့်ပဋိပက္ခအခြေအနေများကိုမြင်ရနေသဖြင့် ၂၀၂၄သည် တနင်္ဂနွေဂြိုလ်မင်း တဖက်ကသံလျက် တဖက်က ခွက်ကိုင်လျှက်ဆင်းလာမည်ဟု ဆိုရပေမည်။ ကမ္ဘာ့လူဦးရေ၏တဝက်ကျော်ရှိသော အမေရိကား၊ ရုရှား၊ ထိုင်ဝမ်၊ အိန္ဒိယ နှင့် အင်ဒိုနီးရှား စသည့်နိုင်ငံတို့တွင် ကမ္ဘာ့အခြေအနေပြောင်းလှန်သွားနိုင်သည့် ရွေးကောက်ပွဲကြီးများရှိကြ၏။

**''အမေရိကအင်ပါယာ''**

၂၀၂၄နိုဝင်ဘာ၅ရက်နေ့တွင်သမ္မတအပါအဝင်ကွန်ဂရက်၏အထွေထွေရွေးကောက်ပွဲကြီးရှိရာ ဆိုင်ရာပါတီများ၏သမ္မတလောင်းများ အမတ်များ ကန်င်ပိန်းဆင်း စည်းရုံးနေကြပါသည်။ အထူးသဖြင့် အထိန်းမထပ် ယိမ်းတတ်သော အဆုံးအဖြတ်ပေးပြည်နယ်များဖြစ်သည့် မြောက်ကယ်ရိုလိုင်းနား၊ ဂျော့ဂျီယာ၊ အာရီဇိုးနား၊ မီချီဂန်၊ ဝစ္စကိုဆန် ပန်ဆန်ဗေးနီးယား တို့တွင် အလုအယက်ပါ။

အကယ်၍ သမ္မတထရမ့်သာပြန်လည်ရွေးကောက်ခံရလျှင် ပြည်တွင်းစစ်ကြီးဖြစ်နိုင်သည်ဟု ခန့်မှန်းထားချက်များရှိသည်။ ဒီဇင်ဘာလဆန်းပိုင်းက NETFLIX-မှမျှောလွှင့်လိုက်သော သမ္မတဟောင်းအိုဘားမားတို့ထုတ်လုပ်သူဖြစ်သည့် "Leave the World Behind" ရုပ်ရှင်တွင် အမေရိကားပြည်၏ပြည်ပျက်နိမိတ်ကိုပြဆိုထားပေရာ အဆိုပါသည် အိုဘားမားစ်တို့မှ လူထုကို ပေးသောသတင်းစကားဟု ဆိုသူများလည်းရှိသည်။ အဆိုပါဇတ်လမ်းအရ တိုင်းပြည်ပျက်ရန် နိမိတ်ဖြစ်ရပ်ကြီးသုံးပါးကိုဖြတ်ကျော်ရသည်ဟူ၏။ ၁)ပိတ်စို့ကန့်သတ်ခံရခြင်း(ဆက်သွယ်ရေး/အင်တာနက်/ကုန်း-ရေ-လေလမ်းကြောင်းများ)။ ၂)အချင်းချင်းယုံကြည်မှုပျက်ပြား၊ ဆူပူလှုပ်ရှား တောကြောင်များထကြွသောင်းကြမ်းခြင်းနှင့် ၃)ပြည်တွင်းစစ်/အစိုးရပြိုလဲခြင်း စသည်တို့ဟုဆိုပါသည်။

"အမေရိကားကို ပြည်ပမှ လာဖျက်ဆီး၍မရ၊ ပြည်တွင်း၌ ကိုယ်တိုင်ဖျက်ဆီးမှသာ"ဟု သမ္မတလင်ကွန်းကဆိုဖူးသည်။ အမေရိကားတွင် စစ်အင်အား/ညှုလက်နက်လုံလောက်စွာရှိသဖြင့် အမိမြေကိုထိပါးလာလျှင် လှမ်း၍အဝေးရောက်ပွဲသိမ်းလိုက်နိုင်သည်၊ အတွင်းလှိုက်၍ ပြိုကွဲလျှင်ကား မခံနိုင်။ လက်စားချေ ခြေမှုန်းခြင်းဝါသနာထုံသော ထရမ့်မှ သူသာသမ္မတပြန်ဖြစ်ခဲ့လျှင် အတိုက်အခံများ လစ်ဘရယ်များအား မည်သို့ပြုမည်ကို ကန်ပိန်းများဖြင့် သတင်းစကားပါးပြီးလည်းဖြစ်သည်။ မဟာဗျူဟာစာတန်းပြုစု၊ လူသူအင်အားစုဆောင်းနေပြီးလည်းဖြစ်သည်။ သို့သော် ၂၀၂၄နှစ်စ/နှစ်လည်ပိုင်း၏ တရားရေးနှင့်များစွာ ထရမ့်ရင်ဆိုင်ရမည်ဖြစ်သဖြင့် ထိုတောင်(တို့)ကို အမောင်ထရမ့်ကျော်နိုင်/မကျော်နိုင်ကားစောင့်ကြည့်ရမည်တည်း။

**''ပြိုကွဲ မြန်မာ''**

၁၀၂၇ဖြင့် မြန်မာနွေဦးတော်လှန်ရေး၏ စွမ်းအားမြှင့်လာမှုသည် မျှော်လင့်ချက်များစွာကိုလည်းသယ်ဆောင်ခဲ့သည်၊ မူလ ၁၀၂၇ ဦးတည်ချက်သည် စစ်အာဏာရှင်ဖြုတ်ချရေးထက် ချိုင်းနားမှ မြောက်ပိုင်းညီနောင်၃ဖွဲ့အား တွန်းတင်လိုက်ခြင်းကြောင့်ဖြစ်လာသော စစ်ဟုဆိုနိုင်သည်။ အခက်ကိုနင်းအချက်ရှာနိုင်ကြ၍သာ NUG/PDFတို့ ဤမျှရှေ့ရောက်အခြေအနေကောင်းလာခြင်းသာ၊ မည်မျှတည်တန့်မည် ခန့်မှန်းနိုင်ခြင်းမရှိသေးသော်လည်း ၂၀၂၄တွင် ပိုကျယ်ပြန့်လာမည့်သဏ္ဍာန်ရှိပါသည်။

မည်မျှတာသွားသည်/မသွားသည်ဟူသည် ချိုင်းနားမည်သို့သောအခြေအနေအထိ ဆန္ဒရှိသနည်းအပေါ်တွင်တည်သည်။ ချိုင်းနီးစ်(ချိုင်းနားနိုင်ငံသား)နှင့်တရုတ်(မြန်မာပြည်ပေါက် မြန်မာနိုင်ငံသား) ကိုခွဲခြားမသိ ရောထွေးလုံးချထားသော မြန်မာလူထုအများစုအတွက်ကား ချိုင်းနားနှင့်ကစားသမျှ ကိုယ်ကျိုးစီးပွားအခြေအနေကောင်းမည်ဟု ဤသူမထင်။ စစ်ကြီး၂ခုတွင် ငွေ/လက်နက်အင်အားဖြင့်ဝင်ပါနေသော အမေရိကားသည် တတိယပရော့ဆီစစ်မျက်နှာကို ဖွင့်လှစ်ရန် ဆန္ဒမရှိသေးသည်မှာထင်ရှား၏။ ဆန္ဒဆောင်လာရန် စည်းရုံးသိမ်းသွင်းနိုင်မည့် မြန်မာနိုင်ငံရေးသမားတဦးတလေရှိပါသည်ဟူ၍လည်း ဤသူမမြင်ပါ။

နောက်တချက်မှာ ဒေသစိုးမိုးမှုရှိနေပြီဖြစ်သော လက်နက်ရှိ/လက်နက်ကိုင်တိုင်းရင်းသားတပ်များနှင့် နွေဦးတော်လှန်ရေး၏စစ်တပ်များဖြစ်သည်။ မြန်မာ့ခလေ့စရိုက်အရ လက်နက်ကိုင်လိုက်သည်ဆိုလျှင် အာဏာ/ပါဝါရသွားသလောက် ပူးပေါင်းဆောင်ရွက်နိုင်စွမ်းအားနည်းသွားသည်ဖြစ်၍ သူတို့အား ဗဟိုမှထိမ်းချုပ် အမိန့်ပေးနိုင်သော စုစည်းအခြေအနေရောက်ရန် ဖြစ်နိုင်ချေနည်းလှပါသည်။ ဤသည်ကို သမိုင်းကလည်းပြဆိုပြီးဖြစ်၍ သမိုင်းဘီးလည်လာလျှင် မည်သို့ရင်ဆိုင်ဖြေရှင်းကြမည်ကို အထူးရည်ရွယ်ရင်းထားသင့်လေသည်။

၂၀၂၄တွင် သန်းခေါင်စာရင်းကောက်မည် ရွေးကောက်ပွဲကို နေရာချန်မထားလုပ်မည်ဟု ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကဆိုထားပါသည်။ အိမ်နီးချင်းဘင်္ဂလားဒေ့ရှ်တွင် ၂၀၂၄ အထွေထွေရွေးကောက်ပွဲကို အတိုက်အခံပါတီကြီးမှ သပိတ်မှောက်ကာ ဝင်မပါသလို NLDတို့သည်လည်း စစ်တပ်လုပ်သည့်ရွေးကောက်ပွဲတွင်ဝင်မပါဟု သတင်းစကားပါးပြီးဖြစ်ပါသည်။ ခြုံဆိုရလျှင် မြန်မာတို့၏၂၀၂၄သည် ပွဲမပြီး မီးမသေ။

**''အပူသည် ကမ္ဘာ''**

ကမ္ဘာ့အပူချိန်သည် တဆင့်ခုန်တက်သွားခဲ့ပြီ။ မပြန်လမ်းမှတ်တိုင်ဖြစ်သည့် အပူချိန် ၂ဒီဂရီစင်တီဂရိတ်ထိတက်မှုကို ရောက်လုစွန်းစွန်းပါ၊ သို့ဖြင့် ရေနံဝင်ငွေမှ ချမ်းသာကြွယ်ဝလွန်းသောနိုင်ငံ UAE တွင်ကျင်းပသော COP28 (ကုလသမဂ္ဂ ဥတုရာသီညီလာခံ)တွင် ရုပ်ကြွင်းလောင်စာထုတ်လုပ်မှုလျှော့ချရေး၊ ဥတုကပ်ဘေးရန်ပုံငွေတည်ထောင်ရေး အပါအဝင် အတည်ပြုချက်တချို့ရကာ ပွဲပြီးခဲ့ပုံရသော်လည်း ထိရောက်သော အပြန်အလှန်ထိန်းကျောင်းမှု မှုမထားနိုင်။

ဤကမ္ဘာမြေတွင် ဥတုရာသီစွမ်းဖြင့် သတ္တဝါများစွာ အသက်ပေါင်းကဋ္ဌေကဋ္ဌာ မျိုးပြုတ်ပျောက်ကွယ်ကြရဖူးသည်။ ကျောက်ဖြစ်ရုပ်ကြွင်းသက်သေများအရ သတ္တဝါတို့၏၇၅% အထက် အစုလိုက်အပြုံလိုက်မျိုးသုဉ်း ပျောက်ကွယ်ခြင်း ၅ပါးဆိုက်ခဲ့ပြီးပြီ သိကြရသည်။ သိပ္ပံအရမူ ဥတုရာသီ/မိခင်သဘာဝသည် သက်ရှိ/သက်မဲ့လောကတို့ကို ပျက်သုဉ်းစေသူ/ဖန်ဆင်းရှင်အစစ်ဖြစ်၏။ ယခုကမ္ဘာပျက်လောက်သည်ပြောနေကြသည်မှာ လူသား၏မှားယွင်းသောဆုံးဖြတ်ချက်/သုံးစွဲမှုများကြောင့်ဖြစ်သည် ဆိုပါသည်။ သတ္တဝါသည် သူမှီတင်းနေထိုင်ရာကမ္ဘာမြေကို အမှန်ဧကန်ဖျက်ပစ်နိုင်ပါသည်လော။

ကိုးကွယ်ကြရာ ကမ္ဘာ့ဘာသာတရားကြီးများ၏ကျမ်းစာတို့တွင် သတ္တဝါ(သို့)လူသားကြောင့် ကမ္ဘာပျက်နိုင်သည်ဟူ၍ မပါ။

ကမ္ဘာကြီးသက်တမ်းနှင့်ယှဉ်လျှင် တိုတောင်းလှသော မျက်စိတမှိတ်လျှပ်တပြက်မျှနှစ်ရာဂဏန်းအတွင်း၌ ကမ္ဘာမြေ၏အပူချိန်တို့ တရိပ်ရိပ်တက်လာခဲ့သည်ကို သိပ္ပံပညာရှင်များ တိုင်းထွာသတိပေးကြသည်။ အပူချိန်ပြောင်းလဲမှုနှင့်အတူ ရာသီဥတု မိုးလေဝသအပြောင်းများကိုလည်း မျက်ဝါးထင်ထင် အယောက်စီတိုင်းကိုယ်တိုင်ခံစားကြရသည်ပါ။ ၂၀၂၃တွင် ဥတုရာသီစံချိန်ကြီးများတင်လိုက်နိုင်သလောက် ၂၀၂၄တွင် ကမ္ဘာ့ဥတုရာသီ ပိုမိုအကြမ်းဖက် စံချိန်သစ်တို့ လာမည်။ ဆိုးဝါးကြမ်းတမ်းသောရာသီဥတုကြောင့် မူလဇာတိချက်ကြွေမွေးရပ်မြေမှ စွန့်ခွာထွက်ခွာပြေးကြရသူ ပြောင်းခိုသူတို့သန်းချီပါဦးမည်။

၂၀၂၃သည်ပြီးခဲ့သောနှစ်တသိန်းကျော်အတွင်းအပူဆုံးနှစ်ဖြစ်ခဲ့ပြီး စက်မှုခေတ်ကြိုကာလ(၁၈၅၀-၁၉၀၀) ထက် ၁.၄၆ဒီဂရီစင်တီဂရိတ်ခုန်တက်မှုပင် ကြုံခဲ့ရပါ၏။ ဗြိတိန်ဘုရင်ကြီးချားလ်စ်မှ "ဥတုရာသီပြောင်းလဲ ဖောက်ပြန်တဲ့ ဆိုးကျိုးဂယက်တွေကို ကမ္ဘာတဝန်း သူကိုယ်တိုင် မြင်တွေ့နေရတယ်"ဟုပင် COP28 ပြောလာ သိပ္ပံသက်သေများပြည့်နေပါမှ ဥတုရာသီဖောက်ပြန်အစွန်းရောက်မှုကို ဆန့်ကျင်သူများ(အချို့)အသိအမှတ်ပြုလာကြသည်ပါ။ ယခုရေနံထုတ်ချမ်းသာနေသော အိုပက်နိုင်ငံများသည် လွန်ခဲ့သောရာစုနှစ်ကဗြိတိသျှအင်ပါယာနှင့် တနည်းတဖုံပါတ်သက်သူများချည်းဖြစ်၏။

မည်သို့ဆိုစေ ထရမ့်သမ္မတအာဏာရပါလျှင် ဥတုရာသီသဘောတူညီချက်များအား အမေရိကားမှ နှုတ်ထွက်/ဖျက်ပစ်ဦးမည်ဖြစ်သတည်း။

**''နတ်ဉာဏ်၏တက်ခေတ်''**

၂၀၂၃သည် အေအိုင်ခေါ် ထိတွေ့စမ်းကြည့်၍မရသော နတ်ဉာဏ်၏ခေတ်စမ်းဖြစ်သည်။ ၂၀၂၄တွင် ကြီးများသောအပြောင်းအလဲများ လူမစွမ်းနတ်မသည်များဖြင့် နတ်ဉာဏ်၏တက်ခေတ်ကိုမြင်ကြရမည်။ စွမ်းရှိန်လွန်ကာ လူသားမျိုးနွယ်အားဖျက်ဆီးပစ်လိုက်နိုင်မည်လောပင်မသိ၊ လူသားတို့၏ အစိုးရတို့သည် ကြံဖန်ဥပဒေများထုတ် နတ်ဉာဏ်မပေါက်ရေးအတွက် တားမြစ်ဆေးများထုတ်နေကြပြန်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များက လူ၏DNA ဗီဇများကိုလေ့လာကြရင်းပြင်/ဖန်တီးခြင်းဖြင့်ဤသို့သော စူပါစွမ်းမျိုးမြင့်တင်လာနိုင်သည်ဟု ဖြစ်ဖူးသည်။ အစိုးရများလည်း ဥပဒေထုတ် ကန့်သတ်ချုပ်ချယ်ကြဖူးသည်။ ကမ္ဘာပျက်မပျက်တော့မသိ၊ သဘာဝလွန်စူပါလူသား ရုပ်ရှင်/စာအုပ်များ၏ ဘီလီယံချီဈေးကွက်ကြီးတော့ ဖြစ်ခဲ့သည်သာ။ ယခုမူ ဤသို့သောစာအုပ်/ရုပ်ရှင် ဖျော်ဖြေမှုများကို အေအိုင်က ထုတ်လုပ်ပေးမည်ထင်ရပါ၏။

ကိုဗစ်ရောဂါဖြစ်စေသည့် 0.1 μm အချင်းအရွယ်ပမာဏရှိသော SARS-CoV-2 ကိုရိုနာဗိုင်းရပ်စ်လေးသည် လူသားသန်းပေါင်းဂထောင်ကို ကိုင်လှုပ်ခဲ့ပြောင်းခဲ့ လူ၇သန်းနီးပါးမျှသတ်ခဲ့နိုင်သည်။ သေဆုံးလူသားများခန္ဓာတွင်းရောက်နေသော ကိုရိုနာဗိုင်းရပ်စ်တို့ကိုပေါင်း၍ လက်နှင့်ကိုင်ဆုတ်ကြည့်လျှင် လက်တဆုတ်စာသာရှိမည်၊ ၂၀၂၀ မတ်လမှစ ကိုဗစ်ရောဂါကို ၂၀၂၃ မေလတွင် WHOမှ ကမ္ဘာ့ကပ်အဖြစ်မှအဆုံးသပ်ခဲ့သည်ဖြစ်ကာ ၂၀၂၃သည် နလံထစအချိန်ဖြစ်၏။ ၂၀၂၄တွင် ကမ္ဘာ့စီးပွားရေး/လူမှုရေး တို့နလံထလာမည်ခန့်မှန်းနိုင်သည်။ ယူကရိန်း-ရုရှားစစ်နှင့် ယခုနှစ်အောက်တိုဘာမှစ,ထဖြစ်သော အစ္စရေး-ဟာမားစ်စစ်ကြောင့် ကြီးစွာသော ထိခိုက်မှုများဖြင့် စီးပွားရေးလည်း မသေချာမရေရာသည့် အခြေသို့ပြန်ဆုတ်သည်။ စစ်ဟူသည် အချိန်မရွေးဖြစ်နိုင်သဖြင့် ၂၀၂၄အတွက် ဖြစ်လာလတ္တံ့သောစစ်ကြီးများရှိနိုင်ပါသည်။ ချိုင်းနား/အမေရိကား၏သတ္တန္တရကပ်(တတိယကမ္ဘာစစ်)မရောက်နိုင်သေးဟုဆိုကြသည်။

၂၀၂၄သည် ၂၀၂၃ထက်ပိုကောင်းမွန်သောနှစ်ဖြစ်မည်ဟု ကမ္ဘာလူသားအများစုက တွက်ဆိုထားပါသည်။ မြန်မာအတွက်လည်း ထိုနည်းလည်းကောင်းဖြစ်စေသတည်း။

အကျယ်ဖတ်ရှုလိုပါလျှင် - https://myanmargazette.net/241933/

BUY – SELL – REFINANCE & HOME LOANS
KOWILL REALTY & MORTGAGE INC.
Specializing in SHORT SALE, REO & FORECLOSURE PROPERTIES
"If you currently have a FHA loan, call me about FHA streamline Refinance...."

အိမ်အရောင်းအဝယ်ပြုမည့်မြန်မာများကို
KOWILL နှင့်ကိုကိုငြိမ်းတို့က
အကောင်းဆုံးကူညီပေးရန်အသင့်ရှိပါသည်။

KOKO NYEIN
Broker
DRE # 01504276

Tel: (818) 383-2986 (DIRECT)
FAX: (661) 360-9514
Email: kowillrealty@gmail.com



NMLS ID 360088

အိမ်မြေဈေးတွေ.. တက်လာကြပြီ...

➜ သင့်ကိုယ်ပိုင်အိမ်မြေကိုရောင်းလိုပါရင် **ရက်၃၀အတွင်း**ရောင်းထွက်သွားအောင်ဝန်ဆောင်လုပ်ပေးနိုင်ပါတယ်။
➜ မရောင်းလိုသေးရင်လည်း ရှိနေတဲ့အိမ်တန်ဖိုးကနေ **ငွေအပိုထွက်လာအောင်** ဆောင်ရွက်ပေးနိုင်ပါတယ်။
အဲဒီငွေပိုငွေလျှံလေးနဲ့
- **အကြွေးတွေဆပ်မလား၊**
- **ကားဖိုးကြွေးကျန်အပြီးချေမလား၊**
- **သားသမီးကျောင်းစရိတ်ရှင်းပေးမလား၊**

**ကျနော်ကိုကိုငြိမ်းကိုမေးပါ။ကူညီပါရစေ။**

NEW STATED INCOME PROGRAMS

**Income** မပြနိုင်သော မြန်မာမိတ်ဆွေများအတွက်
**Our No income documentation programs**
⇨ 12 months Bank Statements = 70% LTV, self-employed only.
⇨ Investment Home = 60% LTV, self-employed or wage earner.
⇨ Owner Occupied =70 % LTV, self-employed or wage earner.
⇨ W2 Only Program, No Tax returns = up to 95 % LTV.
Call me @ **(818) 383 2986**
for Stated Income Programs

မေတ္တာဖောင်ဒေးရှင်းရဲ့ Immigration ဆိုင်ရာကူညီမှု

၂၀၀၇မှစခဲ့သည့်မေတ္တာအဖွဲ့သည်အမေရိကားမှာ(၁၆)နှစ်ခရီးတိုင်ခဲ့ပြီ။
သင့်ရဲ့အမေရိကန်နိုင်ငံသားအမြန်ရရှိရေးကိုအပြည့်အဝကူညီနိုင်ဖို့
အမေရိကန်နိုင်ငံရဲ့အောင်မြင်မှုအရဆုံးဝါရင့် Law firm ကြီးနှစ်ခုနဲ့
တွဲဖက်လုပ်ဆောင်နေပါသည်။
အချိန်မရွေးခေါ်ယူပါ။

Ruby MoMo 716-730-0576
Office: 929-370-6579
Email: myttafoundation.nyc@gmail.com

မြန်မာမိတ်ဆွေများအတွက်အထူးနှုန်း
TODAY'S DENTISTRY
ဒေါက်တာကျော်ကျော်စိုး D.D.S
Most Insurances are welcome & accepted
* Veneers * Crowns & Bridges * Full & Partials Denture
* Fillings * Extraction * Periodontal (Gum) Treatment
4747 Mission St
San Francisco, CA 94112
Tel: 415-585-5773
သင့်သွားကျန်းမာရေးကို မြန်မာလိုပြောဆိုတိုင်ပင်ဆွေးနွေးနိုင်ပါသည်။

# လူအများသံယောဇဉ်မကင်းနိုင်တဲ့ ရန်သူ

မောင်စွမ်းရည်

ကျွန်တော်တို့ မြန်မာလူမျိုးများက အစဉ်အလာအရ သတ်မှတ်ထားတဲ့ ရန်သူမျိုးငါးပါး ရှိပါတယ်။ ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ တဲ့။ ရှင်ဘုရင်မင်းများကိုတောင် ရန်သူစာရင်းထဲမှာ သူခိုးတွေ၊ မချစ်မနှစ်သက်သောသူတွေနဲ့ တန်းတူထားပြီး အမုန်းစာရင်း သွင်းထားရဲတဲ့ လူမျိုးပါ။ ကျွန်တော်ကတော့ မီးနဲ့ မကင်းတဲ့ "ဆေးလိပ်"ကိုလဲ ရန်သူစာရင်းထဲမှာ သွင်းပြီး အမုန်းပွားလျက်ရှိပါတယ်။ အံ့သြစရာကောင်းတာက မြန်မာလူမျိုး တမျိုးတည်းသာ မကပဲ နိုင်ငံတကာလူမျိုးပေါင်းစုံက ဆေးလိပ်ကို လူ့ယဉ်ကျေးမှုစာရင်းထဲ သွင်းပြီး လက်ခံထားကြခြင်းပါပဲ။ တကမ္ဘာလုံးမှာ စီးကရက်တို့၊ ဆေးပြင်းလိပ်တို့ကို အစဉ်အလာမပျက် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားလျက်ပဲ ရှိပါတယ်။ အိမ်တိုင်း အိမ်တိုင်း လူမျိုးတိုင်းမှာ ဆေးလိပ်ကို မိတ်ဆွေအပေါင်းအသင်း ဧည့်သည်တွေလာရင် ယဉ်ကျေးဖွယ်ရာ ဧည့်ခံပစ္စည်းတခုအဖြစ် အသုံးချနေကြဆဲပဲ ဖြစ်တယ်။ အံ့သြစရာပဲနော်။

ကျွန်တော်က ဆေးလိပ်ကို ငယ်စဉ်ကတည်းက မသောက်ခဲ့ပါ။ ကျွန်တော့်သူငယ်ချင်း ကိုသာနိုးက ဆေးလိပ်သောက်ပေမဲ့ ကျွန်တော်တို့ တက္ကသိုလ်မှာ ဆုံမိကြတော့ သူက ဆေးလိပ်ဖြတ်လိုက်ပါတယ်။ အသက် ၉၀ ကျော်ထိ နေသွားရပါတယ်။ တက္ကသိုလ်မှာ ကျွန်တော်နဲ့ အထူးရင်းနှီးခဲ့သူများထဲမှာ ကိုသာနိုးနဲ့အတူ ကိုတင်မိုး၊ ကိုကြည်အောင်၊ ကိုလေးမောင်၊ စသူများ ပါဝင်ပါတယ်။ ကဗျာဆရာကြည်အောင်နဲ့ ကဗျာဆရာ လေးမောင်(မြင်းခြံ)တို့ဟာ တယောက်နဲ့တယောက် ဆေးလိပ်မီးကူးရင်း မိတ်ဆွေဖြစ်သွားခဲ့သူတွေပါ။ မန်းတက္ကသိုလ်၊ ရတနာ အဆောင်မှာ အတူနေခဲ့ကြတာပါ။ မိတ်ဆွေဖြစ်သွားကတည်းက အတူတွဲပြီး လဖက်ရည်ဆိုင် ထိုင်ကြသူတွေ ဖြစ်လာပါတယ်။ ကြည်အောင်က လဖက်ရည်ဆိုင် ရောက်လျှင်ရောက်ချင်း သူ့ဖို့ လဖက်ရည်တခွက်နဲ့ နဂါးဆေးလိပ် တမတ်ဖိုး ငါးလိပ်ကို အရင် မှာပါတယ်။ ရောက်လာရင် လဖက်ရည်ခွက်ထဲကို သူ့ဆေးလိပ် ငါးလိပ်ရဲ့ အဆီခံပိုင်း နှစ်ထဲ့ပြီး စားပွဲပေါ်မှာ ဖြန့်ချထားလိုက်ပါတယ်။ တလိပ်ကို မီးညှိသောက်ပြီး စားပွဲပေါ်မှာ ဖြန့်ချထားလိုက်ပါတယ်။ တလိပ်ကို မီးညှိသောက်ပြီး နောက်ကျန် လေးလိပ်ကို အိတ်ကပ်ထဲ ကောက်ထဲ့ထားလိုက်ပါတယ်။ ဘယ်သူတောင်းတောင်း မပေးပါ။ ပိုက်ဆံပေးလိုက်မယ်၊ ဝယ်သောက်ပါ၊ ကျွန်တော့်အိတ်ကပ်ထဲက ဆေးလိပ်တွေက "အဖိရည်နဲ့ နှပ်ထားလို့ပါ" လို့ ပြောပြီး ငြင်းပါတယ်။ သူက လဖက်ရည်ကို သူ ငယ်စဉ်က ခေါ်ခဲ့တဲ့အတိုင်း "အဖိရည်"လို့ တသက်လုံး ခေါ်သွားခဲ့ပါတယ်။

**ဒါပေမဲ့ လူသတ်လက်နက်တွေ တီထွင် ထုတ်လုပ်ခြင်းနဲ့ ဆေးလိပ်စီးကရက်ရောင်းဝယ်ခြင်းကိုတော့ မလျှော့တမ်း တိုးချဲ့လုပ်ကိုင်နေကြဆဲပဲ ဖြစ်ပါတယ်။**

ဆေးလိပ်စွဲသူတွေကို ကျွန်တော် သတိထားကြည့်မိဖူးပါတယ်။ သူတို့ဟာ အိပ်ယာ ထလျှင်ထခြင်း ဆေးလိပ် မီးညှိသောက်လေ့ရှိကြပါတယ်။ အိပ်ယာဘေးမှာ ဆေးလိပ်နဲ့ မီးခြစ်ကို အသင့်တွဲထားလေ့ရှိပါတယ်။ ကျွန်တော် သတိထား ကြည့်မိသူတွေက အတူနေ သူငယ်ချင်းတွေပါ။ တင်မိုး၊ ကြည်အောင်၊ လေးမောင် စသူတို့ဖြစ်ပါတယ်။ နေ့လယ်ခင်း ထမင်းစားရင်း တခါ၊ ညစာ ထမင်းစားတုန်းစားခိုက် တခါ၊ ဆေးလိပ်ကို ချထားပါတယ်။ ကျွန်တော်က ဆေးလိပ်အနံ့ မခံနိုင်သူဖြစ်လို့ သူတို့ဆေးလိပ်သောက်ကြပုံကို သတိပြုမိနေခဲ့တာ ဖြစ်ပုံရတယ်။ သူတို့ စကားဝိုင်းမှာ ကျွန်တော်က ခပ်လှမ်းလှမ်းခွာပြီး နေလေ့ရှိပါတယ်။ ခက်တာက သူတို့ကလဲ မျက်နှာကို အနီးကပ်ကြည့်ပြီး စကားပြောချင်ကြသတဲ့။ ကဗျာသမား၊ စာသမားချင်းမို့ မခွဲမခွါတမ်း အတူတွဲနေကြပေမဲ့ ဆေးလိပ်ကိစ္စနဲ့ ခဏခဏ ရန်ဖြစ်ကြရတာပါ။ သူတို့က ညအိပ်ရာဝင်ရင်လဲ အိပ်ရာဘေး ဆေးလိပ်ခွက် ထားအိပ်ကြတာပါ။ တခါတရံ ဖျာအစွန်းမှာ တင်ထားလေ့ရှိပါတယ်။ တခါတရံ အိမ်နံရံပေါ် တင်ထားလေ့ရှိပါတယ်။ ကျွန်တော်က ရွံလို့ဆိုပြီး ဖယ်ရှားပစ်ရင် ရန်ဖြစ်တတ်လို့ သူတို့မသိအောင် ဖယ်ရှားရတာပါ။ နံရံတွေပေါ်မှာ ဆေးလိပ်ပြာတွေက တန်းစီပြီး ဖွေးနေတာပါ။ အဲဒါတွေကို ကျွန်တော်က သတင်းစာစက္ကူ ရေဆွတ်ပြီး ပွတ်သပ်ရှင်းလင်းရတာပါ။

တချို့ ဘုန်းတော်ကြီးများဟာ မိသားစုနဲ့(မိန်းမ၊ သားသမီးကို) စွန့်ခွာနိုင်ခဲ့ပါလျက်နဲ့ ဆေးလိပ်ကို မစွန့်နိုင်တာ တွေ့ရပါတယ်။ ဆေးလိပ်သောက်တတ်သူတွေရဲ့ ဇနီး၊ သားသမီးတွေကို တွေးမိတိုင်း သနားမိပါတယ်။ ဒီ ဆေးလိပ် "ယဉ်ကျေးမှု"ကို တကမ္ဘာလုံးက ဝိုင်းတိုက်ဖျက်မပြစ်ကြဘဲ မသိလိုက် မသိဖာသာနဲ့ မွေးမြူထားခဲ့ကြပါတယ်။ ကျွန်တော် တခါက အံ့သြဖူးတာက ကျွန်တော်တို့ ကျောင်းသားဘဝမှာ ကျောင်းသုံးမြန်မာပြဋ္ဌာန်းချက်ထဲကို ဆေးလိပ်ကဗျာတပုဒ် ထဲ့ပေးလိုက်တာပါပဲ။ ဒါကို မြန်မာစာပေ ပညာရှိကြီးတွေက ကဗျာပေါင်းချုပ်စာအုပ်ထဲမှာ တယုတယ ထဲ့သွင်းထားခဲ့ကြပြီး ကျောင်းသုံးစာအုပ် ပြုစုကြတဲ့ ပညာရှင်ကြီးများကလဲ ကျောင်းသုံးကဗျာလက်ရွေးစင် စာအုပ်ထဲကိုတောင် ထဲ့သွင်းခဲ့လိုက်ပြန်ပါတယ်။ မယ်ခွေရဲ့ "ဆေးလိပ်လက်ဆောင်" ထင်ပါရဲ့။

ဆေးလိပ်လက်ဆောင်

မဝယ်ဘူး၊
မယ်ခူးတဲ့ဖက်ရို။

စီးမဂျ၊
နေပူမှာမကင်အားလို၊
ထားရဝယ် အိပ်ရာအောက်မှာ၊
မင်းသောက်ဖို့ကို။

ညှာအနား၊
ရှေသွားနှင့်ကိုက်လို့တို၊
မချိုတောင့်လိပ်ဆေး။

ပိုးမဂျ၊
ဝါချည်ဖြူ တပင်ရစ်ကယ်နှင့်၊
ငယ်ချစ်မောင် ရှေ့ဝသွားကို၊
ပါးလိုက်တဲ့လေး။ ။

မယ်ခွေ

ကျွန်တော်တို့ကို မြန်မာစာသင်ကြားပို့ချတဲ့ ဆရာကြီးကလဲ စာထဲ မပါတာတွေကိုပါ ချဲ့ထွင်ပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ သင်ပါတယ်။ ဆေးလိပ်ဖက်ကို အိပ်ယာအောက် ထားရတာက "ကိုယ်သင်းနံ့လေးပါသွားအောင်"လို့တဲ့။ ပိုးမကူပါ ချည်ဖြူတပင်ရစ်ကယ်နှင့်" ဆိုရာမှာလဲ ပိုးချည်က သူ့အသက် ပါနေလို့ သက်သတ်လွတ် ဝါချည်ဖြူလေးကို သုံးရပါသတဲ့။ ဆင်းရဲသူမို့ ပိုးချည်မရှိလို့ ဝါချည်ကို သုံးရရှာတယ် လို့တောင် မပြောကြပါဘူး။ အဲသလောက် ဖွဲ့နွဲ့သင်ကြားကြတာပါ။ ဟုတ်တယ်လေ။ ကျောင်းသုံးကဗျာအဖြစ် လက်ရွေးစင် ရွေးချယ်ထားမှတော့ မကောင်းပြောလို့ မတင့်တယ်ဘူးပေါ့။ ကျွန်တော်က ကျောင်းသုံးစာအုပ်ကော်မီတီမှာ စာမူရွေးချယ်စိစစ် ထုတ်ဝေရသူအဖြစ် အခြေခံပညာ ဦးစီးဌာနမှာ တာဝန်ယူခဲ့ရဖူးပါတယ်။ အဲဒီ ဆေးလိပ်လက်ဆောင်လေးကို သတိရမိလိုက်ပါသေးတယ်။

ကျွန်တော်တို့အဖွဲ့ထဲမှာ ဆေးလိပ်အလွန်အကျွံ ကြိုက်သူများလဲ ပါရှိနေလို့ တက္ကသိုလ်က အစည်းအဝေးခန်းထဲမှာ အစည်းအဝေး မလုပ်ဘဲ ဝရန္တာစင်္ကြံနံလမ်းပေါ်မှာ လေတဖြူးဖြူးနဲ့ အစည်းအဝေးလုပ်လေ့ရှိပါတယ်။ သူတို့က အစည်းအဝေးခန်းထဲမှာ ခဏလေးတောင် မထိုင်နိုင်ကြပဲ မကြာခဏ အပြင်ထွက်ပြီး ဆေးလိပ်သောက်ရှူကြတာကလား။

စာအုပ်စာပေတွေထဲမှာ ရေးသားကြတာက လူတွေဟာ တနှစ်ထက်တနှစ်၊ တခေတ်ထက်တခေတ် တိုးတက် ယဉ်ကျေးလာသတဲ့။ ဒါပေမဲ့ လူသတ်လက်နက်တွေ တီထွင်ထုတ်လုပ်ခြင်းနဲ့ ဆေးလိပ်စီးကရက်ရောင်းဝယ်ခြင်းကိုတော့ မလျှော့တမ်း တိုးချဲ့လုပ်ကိုင်နေကြဆဲပဲ ဖြစ်ပါတယ်။

သူငယ်ချင်း တင်မိုး ဆုံးတော့ ကျွန်တော့ဘဝမှာ ချစ်ခင်သူတဦး ဆုံးရှုံးမှုကို အနီးကပ် ခံစားလိုက်ရလို့ ရှိုက်ကြီးတငင် ငိုကြွေးမိပါတယ်။ (အသက်က ရာစုတဝက်ရောက်နေပါပြီ) သူငယ်ချင်း တင်မိုးဟာ လဖက်ရည်ဆိုင် ကုလားထိုင်လေးမှာ ထိုင်ရင်း ဆေးလိပ်တန်းလန်းနဲ့ လဲကျသေဆုံးသွားခဲ့တာပါ။ သူ မကွယ်လွန်ခင် ကျွန်တော်က သူ့အိမ် သွားနေခဲ့တာပါ။ နေ့စဉ်လမ်းလျှောက်ထွက်လေ့ရှိပါတယ်။ လမ်းထွက်ရင် လမ်းမှာ သူဝင်လေ့ရှိတဲ့ဆိုင်က ဆေးပေါ့လိပ်နဲ့ စီးကရက် (ငါးသုံးလုံး တဗူး) ဝင်ဝယ်ပြီးမှ ခရီးဆက်လေ့ ရှိပါတယ်။

နယူးယောက်မှာ ကျနော့်ဆီ လာနေတော့ သူက ဘောဂဗေဒ စာရေးဆရာ ဦးချမ်းအေး - (မောင်စူးစမ်း)ရဲ့သမီး မချောစု အိမ်မှာ မွေ့လျော်ပါတယ်။ မချောစုက အိမ်ဆိုင်လေး ဖွင့်ပြီး ဗမာပြည်က သနပ်ဖက်ဆေးလိပ်နဲ့ စီးကရက်ဗူးတွေလဲ မှာယူရောင်းချပါတယ်။ တင်မိုး ပြန်တော့မယ်ဆိုရင် မချောစုအိမ်က ဆေးလိပ်တစည်းလုံးကို လွယ်အိတ်ထဲ ကောက်ထဲ့သွားတဲ့အပြင် အိတ်ကပ်ထဲမှာလဲ တထုပ်ကြီး ထဲ့ခဲ့ပါတယ်။ ဘာမေ့မေ့ ဆေးလိပ်ကို မမေ့ရှာပါ။ သူဟာ တသက်လုံး အဖျားအနာ ကင်းခဲ့ပြီး ကိုယ်လက် ကြံ့ခိုင်သူပါ။ ဒါပေမဲ့ ဆေးလိပ် သတ်လို့ သေပွဲဝင်ခဲ့ရရှာပါတယ်။

သူငယ်ချင်း နောင်ဘဝမှာ ဆေးလိပ်သောက်သူ မဖြစ်ပါစေနှင့်၊ ဆေးလိပ်နဲ့ ဝေးသူ ဖြစ်ပါစေသတည်း။

သူငယ်ချင်း
မောင်စွမ်းရည်

## အသားမှာဝက်၊ အရွက်မှာလက်ဖက် ဟင်းမှာ .. ဝက်လက်ဖက်

ဂွတ်ဂွတ်

မြန်မာတိုင်းရင်းသားခနုတို့ရဲ့ ရိုးရာဟင်းပါ။ မူလမှာ ဝက်သုံးထပ်သားနဲ့ချက်ပေမယ့် အရိုးဓာတ်လေးပါအောင် အဆီလည်းနည်းအောင် ဝက်နံရိုးနဲ့ချက်ပါတယ်။လက်ဖက်ရဲ့ ဖန်ခါးအရသာက ဝက်သား အ အီ အိမ့် ကို သတ်တာမို့ လိုက်ဖက်တဲ့အရသာရှိအတွဲအစပ်ပါ။

လက်ဖက်ကို အထုတ်ထဲက နှပ်ပြီးချဉ်ငန်စပ်ကိုသုံးလည်းရပါတယ်။

### ပါဝင်ပစ္စည်းများ

ဝက်နံရိုး ၁ပေါင်
ကြက်သွန်ဖြူ ၁၀ မွှာ
ဂျင်း - လက်တဆစ်
ကြက်သွန်နီကြီး - ၁လုံး(အခွံခွာပြီး ထပ်ခြမ်းခြမ်းထားရန်)
ခရမ်းချဉ်သီး(သေး) - ၁ လုံး
ငရုတ်သီးစိမ်း - ၆တောင့်
ငါးငံပြာရည်၊ပဲငံပြာရည် ၁ ဇွန်း
အရောင်တင်မှုန့် ၁ ဇွန်း
လက်ဖက် တဇွန်းမောက်မောက်
သကြား၊ အချိုမှုန့် နနွင်းမှုန့်အနည်းငယ်
ဆီ၊ ဟင်းချက်အရက်(ဝိုင်) သင့်ရုံ

### ပြင်ဆင်ချက်ပြုတ်နည်း

ဝက်နံရိုးတွေကို အတုံးလိုက် ရေဆေးပြီး ရေနဲ့ ပွက်ပွက်ဆူသည်အထိပြုတ်ပါ၊ ဆူလာလျှင် ရေသွန်ပြီး ရေအေးနှင့်အဆီများ အားသန့်စင်ဆေးကြောထားပါ။ ထို့နောက် နနွင်းမှုန့် ဆား ပဲငံပြာရည် အပျစ် ငါးငံပြာရည်နှင့် အရသာမှုန့်တို့ ထည့်ကာ အရသာဝင်အောင် တနာရီခန့် နယ်နှပ်ထားပါ

ဂျင်းနှင့် ကြက်သွန်ဖြူ တို့ကို ညက်အောင်ထောင်းထားပါ ။ ကြက်သွန်နီ နှင့် ခရမ်းချဉ်သီးကို ပါးပါးလှီးထားပါ။

### ပေါင်းအိုးနှင့်ချက်နည်း

ပေါင်းအိုးထဲကို ဝက်နံရိုး၊ ညက်အောင်ထောင်းထားသော ဂျင်း၊ကြက်သွန်ဖြူ၊ ပါးပါးလှီးထားသော ကြက်သွန်နီနှင့် ခရမ်းချဉ်သီး၊ ငါးငံပြာရည်၊ သကြား ၊ ပဲငံပြာရည်အပျစ်၊ အရောင်တင်မှုန့်တို့ကို ထည့်၍ သမအောင်နယ်ပါ။ ထို့နောက် ဆီထည့်ပြီး ရေ(သို့)ဟင်းချက်အရက် ကို ဝက်သားမြုပ်ရုံထည့်ပါ။

ပေါင်းအိုးကို "Meat/Stew "နှိပ်၍ Pressure Cook ဖြင့်ပေါင်းပါ။ ၁၅မိနစ်ခန့် ကြာပါတယ်။ အရိုးပါနူးပါတယ်၊

ခလုပ်တက်လာပြီး Pressure ကျသည်အထိ ၁၀မိနစ်စောင့်၍ ငရုတ်သီးစိမ်းများနှင့် လက်ဖက်အသားများကို ထည့်မွှေပြီး အဖုံးပြန်အုပ်ထားပါ။ လက်ဖက်နဲ့ ဝက်သားရောပြီး အနံ့လေး မွှေးသွားရန်ဖြစ်ပါတယ်။

အစပ်မကြိုက်သူများ ငရုပ်သီးကို လျှော့/ချိန်ဆထည့်ပါ။

### ဆီသတ်ချက်နည်း

ပေါင်းအိုး (pressure cooker) မရှိသူများ အိုးတလုံးထဲတွင် ဆီထည့်၍ ဂျင်း၊ ကြက်သွန်ဖြူ၊ ပါးပါးလှီးထားသော ကြက်သွန်နီနှင့် ခရမ်းချဉ်သီး၊ ငါးငံပြာရည်၊ သကြား ၊ ပဲငံပြာရည်အပျစ်တို့ထည့်ကာ ဆီသတ်ပါ။ ထို့နောက် ဝက်နံရိုးများ နှင့် အရောင်တင်မှုန့်ထည့်ပြီး တင်းလာသည်အထိ မွှေပါ။ အရောင်ပြောင်း၍ ဝက်နံရိုးများအနံ့မွှေးလာလျှင် ရေမြုပ်အောင်ထည့်ပြီး နူးသည်အထိ ပထမရေနှင့်လုံးချက်ပါ။

ပထမ တရည် ခမ်းတာနဲ့ ရေမြုပ်အောင်ထပ်ထည့်ပြီး လက်ဖက်အသား / ငရုတ်သီးစိမ်းများပါထည့်ကာထပ် တည်ပေးပါ။

ဝက်သား အသားများ နူးလာပါက အရသာမြည်းပြီး လိုသလို ပြင်ပေးကာ ဆီပြန်တဲ့အထိ ဆက်တည်ရန်ဖြစ်ပါတယ်။

ဝက်သားလက်ဖက်နှပ် ဆီပြန်ဟင်း မွှေးမွှေးလေးကို ထမင်းပူပူလေးနှင့် တွဲဖက်ကာ သုံးဆောင်နိုင်ပါပြီ။

## ဦးထွန်းကြွယ်
ဗမာ့ခေတ်သတင်းစာ တိုက်
အသက်(၉၉)နှစ်



ရန်ကုန်မြို့နေ (ဦးစံညွန့်+ဒေါ်သွဲ့)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာယံ(၃)ရပ်ကွက် နေ(ဒေါ်တင်တင်မ- ယုဝတီဂျာနယ်)၏ခင်ပွန်း၊ ဒေါ်ခင်နီလာ၊ ဦးကျော်မြင့်-ဒေါ်ခင်သီတာ၊ ဦးမိုးသက်မြင့်- ဒေါ်ခင်ဥမ္မာ၊ ဦးညဏ်စိုး-ဒေါ်ခင်သန္တာတို့၏ ချစ်လှစွာသောဖခင်ကြီး၊ ဝင်းထိုက်ကျော်(Ricky),ဖြိုးသန္တာမောင်၊ စုမဒီမောင်၊ မာယုကိုမြင့်တို့၏ ချစ်လှစွာသောအဘိုးသည် California ပြည်နယ်၊ Los Angeles မြို့တွင် ဒီဇင်ဘာ၁၉၊ ၂၀၂၃ခုနှစ်၊ ဒေသစံတော်ချိန် ညနေ ၄:၀၂ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားခဲ့ပြီး ရက်လည် ဆွမ်းသွပ်အလှူကို Azusa မြဟ္မဝိဟာရ ကျောင်းတိုက်တွင် ကျင်းပခဲ့ကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်ဆွေများ အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊သိမ်၊ကျောင်း၊ရဟန်းအမကြီး
## ဒေါ်နုနုစိန်
အသက်(၇၅)နှစ်

ကွယ်လွန်သူ(ဦးကျော်ဦး-ဒေါ်ခင်မလေး)တို့၏သမီးကြီး ဒေါ်နုနုစိန်သည် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၆ရက်၊ PST အချိန် ညနေ၅:၂၅ တွင် ကွယ်လွန်အနိစ္စ ရောက်သွားပြီဖြစ်ပါသဖြင့် ကွယ်လွန်သူအား ရည်စူးပြီး ရက်လည်ဆွမ်းကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၁၂ရက်နေ့တွင် Burma Buddhist Monastery ၌ သံဃာတော်များအား အာရုံဆွမ်းဆက်ကပ်လှူဒါန်းကာ တရားနာ၊ ရေစက်ချအမျှဝေခဲ့ပြီး ကြွင်းကျန်ရစ်သောရုပ်ကလပ်အား သရဏဂုံတင်၊ အသုဘရှုအခမ်းအနားကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၁၇၊ မွန်းလွဲ၁နာရီတွင် Alhambra ရှိ Universal ChungWah Funeral Home တွင်ကျင်းပခဲ့ပြီး မီးသဂြိုဟ်ခြင်းကို ၂၀၂၃ခုနှစ်၊ ဓက်တင်ဘာ၁၈တွင် Altadena ရှိ Mountain View Crematory တွင် ပြုလုပ်ခဲ့ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိသင်္ဂဟများ အားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နုနုစိန်

Los Angeles မြို့၊ မြန်မာအသိုင်းအဝိုင်း ၏ လူမှုရေး၊ ဘာသာရေးနှင့် နိုင်ငံရေးကိစ္စများတွင် စိတ်ရင်းစေတနာအပြည့်နဲ့ နှစ်ပေါင်း၂၀ကျော် တက်ကြွစွာ လူအား၊ ငွေအားဖြင့် ပါဝင်ပံ့ပိုးခဲ့သော ချစ်ခင်ရပါသော ဘုရား၊သိမ်၊ကျောင်း၊ရဟန်းအမ ဒေါ်နုနုစိန်၊ အသက်(၇၅)နှစ်သည် ဒီဇင်ဘာ ၆ရက်၊ ၂၀၂၃တွင် ဘဝတပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမောင်နှမများဖြစ်ကြသော ကိုကျော်ဌေးဦး၊ မလင်းလင်းဦး-Mr. David Wolfberg တို့နှင့် အတူ ဝမ်းနည်းရပါသည်။ ပြုလုပ်ခဲ့သော သီလ၊ ဒါန၊ ဘာဝနာကုသိုလ်များကြောင့် ဒေါ်နုနုစိန်သည် မြင့်မြတ်ရာဘုံဘဝကို ရောက်ရှိပြီး ကွယ်လွန်သူအားရည်စူးပြီးပြုသောကုသိုလ်များကို သာဓုခေါ်နိုင်ပါစေ။

LA မှ မိတ်ဆွေများ။
California မှ ဓမ္မမိတ်ဆွေများ။
Myanmar Gazette

# 2023 DTLA FILM FESTIVAL FILMMAKER AWARDS မှာ Best Actor ဆုရသူ ဇိုမီချင်းလူငယ် Gin Mung

SweSwe Aye

ယခုလ Myanmar Gazette အနုပညာရှင်များနဲ့ အမေးအဖြေကဏ္ဍအတွက် 2023 DTLA FILM FESTIVAL FILMMAKER AWARDS မှာ NUMB ဇာတ်ကားနဲ့ Best Actor ဆုရရှိခဲ့သူတွေထဲက တဦးဖြစ်တဲ့ ဇိုမီချင်းလူငယ် Gin Mung နဲ့ အမေးအဖြေကို ဖော်ပြလိုက်ပါတယ်။ NUMB ဇာတ်ကားအတွက် Best Actor ဆု ကို Rachel Halloway ကလဲ ရရှိခဲ့ပါတယ်။ ဒီဇာတ်ကားမှာပဲ Best Supporting Actor ဆုကိုရရှိခဲ့တဲ့ Jino Haulam ဟာလဲ ဇိုမီချင်းလူငယ်တဦးဖြစ်ပါတယ်။



Photo: Zam Khat

### 1) Could you share your brief bio with us?

I was born in Tungzang, in Chin state, Myanmar. I moved to the U.S. in 2001 with my family. I graduated from Hillsboro High School and received a bachelor's degree in Accounting at Trevecca Nazarene University in Nashville, TN. I moved to Los Angeles, California by myself in 2011 to pursue acting and have been living here since then. I recently got married to the love of my life, Zobawi this year and I thanked God for her everyday.

### 2) What were your challenges in your early days living in the US and how did you overcome them?

The challenges I faced early on would be learning a new language, making new friends from different backgrounds, and adapting to new cultures. I must say, it was not as hard as moving to Yangon at a young age in 4th grade. When we moved to Yangon from Chin State with my family, it was really my first time learning a new language (Burmese), experiencing a new culture and making new friends, etc. The experiences I had in Yangon really prepared me to cope with unfamiliar things and the challenges I may face.

### 3) Why did you choose acting as a career? What things inspired you to be an actor?

I was a senior in college and, like every other student, I started thinking about what I really wanted to do after graduation. Out of all the things that I wanted to do, I was more passionate about acting than anything else, so I decided to pursue acting after I graduated. The thing that inspires me to be an actor really is the "art" itself. I love the process of filmmaking, studying and experiencing different characters and learning human psychology and behaviors. 4) Did you go to film school?

I never attended a formal film school, but I did take some specific classes for my acting. I learned so much about acting and filmmaking through being on movie sets, by watching incredible actors on set, volunteering on USC Film Student projects, reading and researching as much as I can as well.

### 6) Could you tell us Bridge Features and your involvement in "Numb"? How did you feel when you got the best actor for "Numb" award selected by DTLA Film festival?

I had always wanted to be able to make movies about the stories I care about and the style I wanted to make. After living in LA for more than a decade, I was finally able to start a production company called Bridge Features. Numb is our very first feature film by Bridge Features. For this movie, I was a producer as well as one of the lead actors. We won 4 awards from the DTLA Film Festival; 2 best actors, 1 best supporting actor, and best editing. I felt incredibly proud of these awards and this movie because Numb wouldn't be where it's at without the support and generosity of the Tulsa Zomi community and our community all around the United States. The cast and crew went through so many challenges, and we never gave up. I am indebted to them. I'm also very proud of my friend, another Zomi actor, Jino Haulam for receiving the best supporting actor award as well. His performance is breathtaking. He was so passionate, so committed to his character and this movie as a whole. It definitely translates his hard work on the big screen and is very well deserved for his award. Through the process of making this movie, I learned the power of unity and community more than before, and I believe that we can achieve anything if we work together.

### 7) What do you love about the character in "NUMB"?

What I love about my character in Numb is that although he constantly faces emotional and physical abuse from his loved one, he tries to understand them, never gives up and still shows love and compassion towards them.

### 8) Who do you look up to as an actor?

Al Pacino is someone who I will always admire because of the authenticity in his work. He is able to embody the soul of his characters, and they are all so different from each other, especially in his earlier films.

To Page 20

## တောအတွင်း

ခြေဝါလက်ဝါ
သန်လည်းသန်၏
မြန်လည်း မြန်၏။

မျက်စိနဲ့ နား
ပါးလည်း ပါး၏
ကြားလည်းကြား၏။

နှာခေါင်းပါးစပ်
နပ်လည်းနပ်၏
တတ်လည်း တတ်၏။

သို့လင့် ကစား
အဟိတ် ဦးနှောက်
အမြီးပေါက်၍
ဖောက်ထိုး မှောက်လှန်
မျောက်မှန်သမျှ
ခလောက်ဆန်တတ်ကြသတည်း။

နိုဦးဇော်

## အဆောင်

ငှက်ပျောရွက်ခင်းပြီး
ငှက်ပျောဖူးနဲ့ ထမင်းစားမယ်
ငါးပိရည်ရေရင် ကျိုထားမယ်
အိမ်အကြောင်း မတွေးမိအောင်
ဂရုစိုက်မယ်။

အလာပသလ္လာပပြောတဲ့အခါ
သူ့အကြောင်း မပြောမိအောင်
သတိထားမယ်
တောက်ပို့ရောက်မလာရင် ဝတ်သွားမယ်
သံလိုက်အိမ်မြှောင်နဲ့ ဆော့ကစားမယ်။

ရေထဲ ခဲကျရင် လှိုင်းထမယ်
အရုံးနဲ့နေသားကျဖို့ လေ့ကျင့်မယ်
ဖွင့်လို့မရတဲ့တံခါးကို မဖွင့်ပဲနေမယ်
ဂယောင်ချောက်ချား ကင်းပုန်းချထား
မယ်။

လရောင်အစစ်ကို နမ်းချင်တယ်
ကောသလအိပ်မက်တွေ မက်နေတယ်
ဝိညာဉ်တွေ အိမ်မဲ့ရာမဲ့လျှောက်လာတယ်
တမြေတည်းနေပေမယ့် ကမ်းနား
သစ်ပင်ပြိုတတ်တယ်။

ကျည်ထဲ အာကာထည့်ထားတယ်
ငြိမ်းချမ်းရေးက ဟားတိုက်နေတယ်
ပွန်းလေးတွေနောက်မှာ လက်မည်းကြီး
ရှိတယ်
လေငြိမ်နေရင် မကြာခင်မုန်တိုင်းလာ
တတ်တယ်။

အိပ်ရေးဝဝ အိပ်ချင်တယ်
ဒရုန်းသံကြားရင် ရေငတ်တယ်
သေနတ်ကျမ်းဖြစ်ရင် သေတတ်တယ်
ရန်သူမျိုး(၅)ပါးထဲ (၁)ပါးတိုးလာတယ်။

အဲဒါကြောင့် -
မင်းကို ငါပြောတာ
ပိဒီအက်ဖ်တွေ မလာခင်
အလံဖြူ အဆင်သင့်ဆောင်ထားပါလို့

ကျော်မင်းထွန်း(NEW YORK)

## ဂဇက်ကဗျာ ၁

### ဘုရား ဘုရား

ဘုရားရောက်မှ ဘုရားတတဲ့ခေတ်က
ကကျန်ခဲ့ပြီ နေ့စဉ်ဘဝမှာ
နေရာတကာ ဘုရား ဘုရား
အိမ်ရှင်မတွေ ဈေးဝယ်ထွက်တယ်
ဘုရား ဘုရား
ကားသမားတွေ ဆီဆိုင်သွားတယ်
ဘုရား ဘုရား
အိမ်ထဲကနေ အိမ်ပြင်ထွက်တယ်
နောက်ကြောက ချမ်းသလိုလို
ဘုရား ဘုရား

မီးဖိုချောင်က အိုးခွက်ပြုတ်ကျ
ရင်တောင် ဝုန်းခနဲ ဖုံးသံများလား
ထိတ်လန့်နေရတယ်
ဘုရား ဘုရား
ဈေးထဲက တရုတ်သေနတ်နဲ့
ကလေးကစားနေတာတွေ့ရင်လည်း
ဘုရား ဘုရား

လူကြီးတွေလည်း ဘုရား ဘုရား
ကလေးတွေလည်း ဘုရား ဘုရား
ဘုန်းကြီးတွေလည်း ဘုရား ဘုရား
ကျောင်းသားတွေလည်း ဘုရား ဘုရား

ခုတော့ ဘုရားတွေလည်း
သူ့ငွေတွေအတွက်
ဘုရား ဘုရား ။

ဇော်မင်း

### သဘာဝအလှတရားမှ ဘဝတက္ကများ

သဘာဝ အလှတောဆိုတာ
ခဏတာသဘောသာမျှ
ငေးမောလို့ ရှုမဆုံးပေမဲ့
တကယ့်ဘဝတောထဲ ဝင်ကြည့်လျှင်
ရင်မောစရာများစွာဖြင့်
ဖွေရှာစားကြ နေ့စဉ်ဝန်တာ
အမြဲသာ ဖွေရှာနေကြရပေမဲ့
ကိုယ့်ဘဝ ကိုယ်အလွန်သာယာ
ဘဝတက္က ဆိုသည်မှာ.......
ရပ်တည်ရာ တွယ်ငြိတဲ့သဘော
အတောမသတ် သံသရာမှာ
ပြုံးပျော်စွာ ဖြတ်သန်းလို့
ဥပါဒါန် အစွဲအလန်းများဖြင့်
လွတ်လမ်း ဘယ်မမြင် - ခရီးနှင်လျှက်
အမြဲ....။ ။


ကိုစ

ပုံနှိပ်ဖော်ပြမည့်ဂဇက်ကဗျာ(တို)ကဏ္ဍနှင့် ရသကဏ္ဍ(ဝတ္ထုတို)တွင်ပါဝင်လိုသူများ editor@MyanmarGazette.net သို့ပေးပို့နိုင်ပါသည်။


HAN TIN, D.D.S.
FAMILY DENTISTRY

5865 Mission St
At Oliver & Acton
San Francisco, CA 94112
Telephone (415) 334-2584
Fax (415) 349-4495

Office Hours - By Appointment



City Travel & Tour
Discount Air Tickets
မိတ်ဟောင်းမိတ်သစ်များကိုလှိုက်လှဲစွာကြိုဆိုပါသည်

Tel: (415) 399-1212

City Travel ၏ဝန်ဆောင်မှုများ–
• ပတ်စပို့သက်တမ်းတိုးခြင်း
• ပြည်ဝင်ခွင့်ဗီဇာလျှောက်ခြင်း
• Co-Op AIR TICKET
• GROUP TICKET
• AMERICA Domestic Tours
• INTERNATIONAL Tours
• MYANMAR Tours
• INBOUND Tours from MYANMAR

1039 Grant Ave, Suite 203
San Francisco, CA 94133
citytravel@yahoo.com

ကိုသန်းဝင်း Cell Ph. (650) 703 2458

PickupRide.com
Need a Lift?
Dispatch-(833)656-1022
မင်္ဂလာပါ အကြိုအပို့ဝန်ဆောင်မှု
William-(626)747-2482
Airport, Hotel, & Home
TCP-33302

Highland Transporter
Serving All Airport Transportation ( LAX )
Local & Long Distance
Home/Office & Commercial Moving
Box/Furniture Moving
လူ ၂၀ ယောက်စီး Motorhomeရှိသည်။ ခရီးသွားများ ဆက်သွယ်ပါ။
Reasonable Rates
Call (626) 623 0036
David Lim

Take My Card!
ဤနေရာတွင်သင်၏ Business Card ကိုထည့်ပါက
တလအတွင်း သတင်းစာစောင်ရေ ၁သောင်းနှင့်အတူ
pdf ဖြင့် သိန်းချီဖြန့်ဝေပြီးဖြစ်သွားပါမည်။
ads@MyanmarGazette.NET
သို့ Scan ဆွဲ၍ (သို့)ဓါတ်ပုံရိုက်၍email ပို့ပါ။
(သို့)
(213) 422 2307 သို့ ဖုံးဆက်မေးပါ။
(သို့)
မိမိ၏ Business Cardကို ဓါတ်ပုံရိုက်ပြီး
(213) 422 2307သို့ Text Message ပို့ ပါ။
4” x 2 1/2” Size, $25/Month

ဆရာဦးအောင်ပိုင် (နယူးယောက်)
ဗေဒင်၊လက္ခဏာပညာရှင် (Astrologer & Palmist)
ကံကောင်းချိန်တွင်အလုပ်စလုပ်ပါ
ကံညံ့နေလျှင်...ယတြာချေ၊ အဟုတ်ပြေရမည်။
ယတြာအတွက်သီးခြားငွေပေးရန်မလိုပါ
(၁) ဘဝပေးကံဇာတာဟောကိန်း၊
လူ့ဘဝအရွယ်ခုပါးတွင် ကံကောင်းသောအရွယ်၊ ကံညံ့သောအရွယ်တို့ကို ကြိုတင်သိရှိပြင်ဆင်ထားနိုင်မည်။
(၂) ယခုသက်ရောက်နေစ်ကံဇာတာဟောကိန်း- စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊
အလုပ်ကိစ္စ၊ ငွေကိစ္စ၊ ပြဿနာရှုပ်ထွေးမှုတို့ကို သိရှိ၍ လိုအပ်သောယတြာကိုပါ ညွှန်ကြားပေးမည်။
(၃) မွေးဖွားရမည့်ကလေးများအတွက်ဘဝကံကောင်းစေသောရက်ရွေးပေးခြင်း-
မွေးဖွားချိန်ကောင်းမှ ဘဝကံကောင်း၍ ချမ်းသာနိုင်မည်။
(၄) လာဘ်ကောင်းသောနာမည်မှည့်ခေါ်ရန်အပြစ်ကင်းသောနေ့နံရွေးပေးခြင်း-
နာမည်မှန်မှ လူရာဝင်ကံကောင်းမည်။
☎: (929)928 6659 E-mail: victor.aung@gmail.com
(646) 944-3964 104-53, 43 Ave 2 FL, Corona, NY 11368

# ရန်လိုရှုံ့မုန်းခြင်းတွေကို လူမျိုးစုတွေအားလုံး ပူးပေါင်းပြီး တွန်းလှန်ကြဖို့

SweSwe Aye

## Stop the Hate Newsletter IX



Ethnic Media Services, CAIR San Diego နှင့် Catalyst တို့ပူးပေါင်းကျင်းပသည့် လူထုအခြေပြု အဖွဲ့ခေါင်းဆောင်များနှင့် မီဒီယာများတွေ့ဆုံပြီး လူမျိုးအသီးသီး၏လူမှုနယ်ပယ်များတွင်ဖြစ်ပွားနေသည့် ရန်လိုရှုံ့မုန်းခြင်းနှင့်ပတ်သက်ပြီး ဆွေးနွေးအဖြေရှာသည့် " Foster အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၉ က El Cajon, California တွင် ကျင်းပခဲ့သည်။

Ethnic Media Services Co-Director Julian Do က " ရန်လိုရှုံ့မုန်းခြင်းကို တိုက်ဖျက်ဖို့အတွက် လူမျိုးစုတွေအားလုံး အတူပူးပေါင်းကြဖို့လိုပါတယ်။ ဒီဆွေးနွေးပွဲဟာ ဩဂုတ်၃၊ ၂၀၂၃ ကျင်းပခဲ့တဲ့ အစည်းအဝေးရဲ့ လေးလပတ် အစည်းအဝေးဖြစ်ပြီး နောက်မှာလဲ ကျနော်တို့အားလုံး ပူးပေါင်းဆောင်ရွက်ကြမယ်" ဟု ပြောကြားခဲ့သည်။

Tazheen Nizami, executive director of CAIR San Diego နှင့် Tuyen Nguy, Stop the Hate Manager Catalyst of San Diego & Imperial Counties တို့က လူမျိုးစုတဦးနှင့်တဦးကြားဖြစ်စေ၊ လူမျိုးစုတစုထဲ မှာဖြစ်စေ ရန်လိုရှုံ့မုန်းခြင်းကိုအခြေပြုသော ရန်ရှာခြင်း၊ ရာဇဝတ်မှုများဖြစ်ပွားခြင်းကို တားဆီးနိုင်မည့် လူတဦးနှင့်တဦးကြားထားရှိရမည့် "Respect" လေးစားအသိအမှတ်ပြုခြင်း၊ "Social Justic" လူမှုရေးတရားမျှတမှု ၊ "Value" စံတန်ဖိုးများကို တဦးချင်းစီ ဆွေးနွေးခဲ့ကြပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့်အချက်များဖြစ်ကြသည့် " Action" အကောင်အထည်ဖော်ခြင်းနှင့် " Challenges" စိန်ခေါ်မှုများအကြောင်းကိုအသေးစိတ် ဆွေးနွေးခဲ့ကြသည်။ " Challenges" စိန်ခေါ်မှုများတွင် လူမျိုးစုအသီးသီးရင်ဆိုင်နေရသော အဓိကအချက်များမှာ Leadership ဦးဆောင်လမ်းပြမှုနှင့် လူငယ်အင်အားများ၊ စည်းလုံးမှုနည်းပါးခြင်းများ၊ ဘာသာစကားအခက်အခဲများ၊ ကြောက်ရွံ့မှု၊ တဆင့်ပြန်မပြောဘဲ မျိုသိပ်ထားသောအဖြစ်အပျက်များ၊ ပုဂ္ဂိုလ်ရေးရာဘက်လိုက်မှုများ၊ ဘာသာစကားအခက်အခဲများ၊ Misinformation နှင့် Disinformation များ၊ အဆက်အသွယ်မရှိခြင်းများနှင့် ယခုကာလတွင်ဖြစ်ပေါ်နေသော Islamophobia မွတ်စလင်များအားရွံ့ကြောက်ခြင်း နှင့် Antisemitism ( Jewish များအား ရွံ့မုန်းခြင်း။) များ၊ Anti Asian Hate Crime (အာရှသားများအား ရန်လိုရှုံ့မုန်းခြင်းများ) အကြောင်းကို အုပ်စုအသီးသီးခွဲပြီး ဆွေးနွေးခဲ့ကြသည်။

Tazheen Nizami, executive director of CAIR San Diego က " ကျမတို့ဟာ လေးစားအသိအမှတ် ပြုမှုခံရပြီး ယုံကြည်ခြင်းခံရတဲ့ လူမှုအဖွဲ့အစည်းကို တည်ထောင်ဖို့လိုပါတယ်။ မွတ်စလင်လူမှုအဖွဲ့အစည်းဟာ ယုံကြည်မှုကိုရလောင်တဲ့ သတင်းအချက်အလက်တွေမမျှဝေနိုင်ခဲ့ဘူး။ " ဟု ပြောကြားခဲ့သည်။

၂၀၂၃ Israel - Hamas war ဖြစ်သည့် အောက်တိုဘာ၇၊ ၂၀၂၃ နောက်ပိုင်းမှစပြီး အဆိုပါစစ်ပွဲဂယက်သည် US သို့ရိုက်ခတ်ပြီးနောက် slamophobia မွတ်စလင်များအားရွံ့ကြောက်ခြင်း နှင့် Antisemitism ( Jewish များအား ရွံ့မုန်းခြင်း) အဖြစ်အပျက်များ၊ တိုက်ခိုက်မှုများ နှင့် ရာဇဝတ်မှုများ ဖြစ်ပွားလာခဲ့သည်။ Anti-Defamation League (ADL) ၏ မှတ်တမ်းအရ အောက်တိုဘာရရက်မှ နှစ်လအကြာအတွင်း antisemitic incidents ပေါင်း ၂, ၀၃၁ ခု ဖြစ်ပွားခဲ့ပြီး ဒီဇင်ဘာ၁၁၊ ၂၀၂၃ မှတ်တမ်းအရ ၂၀၂၂ခုနှစ်မှစပြီး ၂၀၂၃ခုနှစ်ဒီဇင်ဘာလထိ သတင်းပေးအတည်ပြုပြီးသော antisemitic incidents သည် ၃၃၀% တက်လာခဲ့သည်။

CAIR အဖွဲ့၏မှတ်တမ်းအရ ၂၀၂၃ Israel - Hamas war ဖြစ်သည့် အောက်တိုဘာမှာပင် US တနိုင်ငံလုံးရှိ CAIR ဌာနခွဲများသို့ ဘက်လိုက်မှုများကို တိုင်ကြားခြင်းနှင့်အကူအညီတောင်းခံခြင်း ၂, ၁၇၁ ခု ရှိသည်။ Anti-Muslim နှင့် Anti- Arab incidents များသည် ၂၀၂၂ခုနှစ်တွင် ကျဆင်းခဲ့ပြီး ၂၀၂၃၊ အောက်တိုဘာ၇ရက် နောက်ပိုင်းတွင် နိုင်ငံအနှံ့ ပြန်တက်လာခဲ့သည်။

Covid-19 Pandemic ကာလမှစပြီး နိုင်ငံအဝှမ်းတွင် Anti-Asian hate incidents နှင့် Anti-Asian hate crimes များသည် US အနှံ့ဖြစ်ပွားခဲ့ပြီး Stop AAPI Hate ကို အသိပေးတိုင်ကြားလာသော Hate acts ပေါင်းမှာ ၂၀၂၀ခုနှစ်မှ ၂၀၂၂ခုနှစ်ထိ ၁၁, ၄၀၉ ခု ရှိပြီး ၂၀၂၀ခုနှစ်တွင် ၄,၄၀၉(၃၈.၆%) ၊ ၂၀၂၁ခုနှစ်တွင် ၅, ၆၇၉(၄၉.၈%) ၊ နှင့် ၂၀၂၂ခုနှစ်တွင် ၁, ၃၂၁(၁၁.၆%) ရှိခဲ့သည်။ Stop AAPI Hate သို့ တိုင်ကြားမှုများမှာ ၏ ၂၀၂၀နှင့်၂၀၂၁ခုနှစ်များတွင် အများဆုံးဖြစ်ခဲ့သည်။

ယခု အလုပ်ရုံဆွေးနွေးပွဲသည် ဩဂုတ်၃၊ ၂၀၂၃ တွင် El Cajon တွင်ကျင်းပခဲ့သည့် ပထမဆုံးလူမှုအသိုင်းအဝိုင်းနယ်ပယ်မှခေါင်းဆောင်များ နှင့်မီဒီယာများ အစည်းအဝေးအပြီး ပထမလေးလပတ်အလုပ်ရုံဆွေးနွေးပွဲဖြစ်သည်။

"This resource is supported in whole or in part by funding provided by the State of California, administered by the California State Library in partnership with the California Department of Social Services and the California Commission on Asian and Pacific Islander American Affairs as part of the Stop the Hate program. To report a hate incident or hate crime and get support, go to https://www.cavshate.org/."

# (၇)ရက်သားသမီးဗေဒင်

ဇန်နဝါရီ

၁။ **တနင်္ဂနွေနေ့ဖွား** ။ ဝင်ငွေ၊ ထွက်ငွေ မမျှသောလ ဖြစ်သည်။ ဝင်သောငွေသည် ထွက်ရန် အသင့်ဖြစ်မည်။ ကျန်းမာရေးအတွက် သောက များမည်။ အလုပ်၌ အတွင်းရန် ပေါ်တတ်သည်။ ဇနီးဖြစ်သူ၏ ကျန်းမာရေး မကောင်းပါ။
ယတြာ။ နာနတ်သီး ကပ်လှူပါ။

၂။ **တနင်္လာနေ့ဖွား** ။ အလုပ်ပုံမှန်ကောင်းနေမည်။ ငွေဝင်ရန်လမ်းများ ရှိသော်လည်း မျှော်မှန်းသလောက် မရ ဖြစ်နေတတ်သည်။ ဇနီးသည်နှင့် အဆင်မပြေပါ။ လူပျို၊ အပျိုများ လက်ထပ်ရန်ကိစ္စ ရက်ရွှေ့နေမည်။ အချစ်ရေး၌ သဘောထားကွဲလွဲတတ်သည်။ ယတြာ။ ဒူးရင်းသီး ကပ်လှူပါ။

၃။ **အင်္ဂါနေ့ဖွား** ။ အလုပ် ကောင်းသော်လည်း အကျိုးရရှိမှု နည်းသောလ ဖြစ်သည်။ ငွေဝင်လာသမျှ ကုန်နေမည်။ နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ငွေကုန်ကျမည်။ မိန်းမဖြစ်လျှင် လင်ယောကျ်ား၏ ကျန်းမာရေး အထူးညံ့မည်။ ကံမကောင်းခြင်းများသောလ ဖြစ်သည်။ ယတြာ။ လိမ္မော်သီး ကပ်လှူပါ။

၄။ **ဗုဒ္ဓဟူးနေ့ဖွား** ။ အလုပ် အလွန်ကောင်းသောလ ဖြစ်သည်။ အလုပ်တိုးချဲ့နိုင်မည်။ အလုပ်အတွက် စိတ်ချမ်းသာမည်။ အလုပ်မရှိသေးလျှင် အလုပ်ရမည်။ အလုပ်လုပ်နေသူ ဖြစ်လျှင် ရာထူးတိုးမည်။ သားသမီးတို့အတွက် ဝမ်းသာရမည်။ ခရီးသွားရန်ကိစ္စ ပျက်မည်။ ယတြာ။ အုန်းထမင်း ဆွမ်းကပ်ပါ။

၅။ **ကြာသပတေးနေ့ဖွား** ။ အလုပ် ကောင်းနေမည်။ အလုပ်၌ စိတ်ရှုပ်စရာကိစ္စ ဖြစ်ပေါ်မည်။ မိတ်ဆွေ ပျက်တတ်သည်။ ငွေကြေး ပျောက်ခြင်း၊ အထားမှားခြင်း သတိထားပါ။ ခရီးသွားရန်ကိစ္စ အဆင်ပြေမည်။ အကျိုးရှိ၏။
ယတြာ။ အားဆေး လှူတန်းပါ။

၆။ **သောကြာနေ့ဖွား** ။ အလုပ်ကောင်းနေသော်လည်း အလုပ်တွင်း၌ ရန်ပေါ်ကိန်းရှိသည်။ သားသမီးအတွက် စိတ်သောက ရှိမည်။ ခင်ပွန်းသည်အတွက် စိတ်ချမ်းသာမည်။ ကြာသပတေးနံ ထွက်ကိန်းပျက်ကိန်း ရှိသည်။
ယတြာ။ အုန်းနို့ခေါက်ဆွဲ ကပ်လှူပါ။

၇။ **စနေနေ့ဖွား** ။ အလုပ်ပုံမှန် ကောင်းနေမည်။ လုပ်ငန်းဆိုင်ရာ အကြီးအကဲများ၏ ယုံကြည်အားကိုးခြင်း ခံရမည်။ ခင်ပွန်းဖြစ်သူအတွက် လာဘ်ကောင်း ဝင်မည်။ ခရီးသွားရန်ကိစ္စ ပျက်သွားမည်။ ယတြာ။ ဒန်ပေါက်ဆွမ်း ကပ်လှူပါ။

# ဗေဒင်သုတ ။ (ဓမ္မာ သောက၊ အင်းဝ ရာဇ)

ဓမ္မာ သောက၊ အင်းဝ ရာဇ၊ အိမ်ထောင်ဖက် အသက်မရှည်ရာ ဆိုသော ဗေဒင်အညွှန်းဆောင်ပုဒ်သည် ရှေးဗေဒင် ပညာရှိများ၏ အဆိုအမိန့်ဖြစ်ပါသည်။

စနေနှင့် ကြာသပတေး၊ သောကြာနှင့် တနင်္လာ၊ တနင်္ဂနွေနှင့် ဗုဒ္ဓဟူး၊ ရာဟုနှင့် အင်္ဂါနေ့ သားသမီးတို့သည် အိမ်ထောင်ဖက် မပြုသင့်ကြောင်းနှင့်၊ အိမ်ထောင်ပြုကြပါက ရန်ပေါ်ခြင်း၊ စီးပွား မဖြစ်ခြင်း၊ ရောဂါဘယထူပြောခြင်း စသော ပြဿနာတခု မဖြစ် တခုဖြစ်တတ်ကြသည်ဟု ဆိုပါ၏။ စိတ်ညစ် စိတ်ပျက်စရာကိစ္စများပေါ်ပေါက်၍ အဆုံးစီရင်သွားသူများလည်း တွေ့ရဖူး၏။ အိမ်ထောင်ရေး အဆင်မပြေသဖြင့် စီးပွားရေး ထိခိုက်ကြသူများ၊ အိမ်ထောင်ရေး မသာယာသူများလည်း ရှိကြ၏။

နေ့နံ မတဲ့ကြ၍ ပြဿနာများ မကြာခဏ ပေါ်ကြသော်လည်း သားသမီးများ မွေးဖွားကြသဖြင့် မိဘများ မသင့်မတင့် ဖြစ်တိုင်း သားသမီးများ စိတ်ဆင်းရဲနေကြရသည်ကိုလည်း တွေ့မြင်ရဖူးပါသည်။ လင်ဖြစ်သူက ကြာသပတေး၊ မယားဖြစ်သူက စနေ စုံတွဲသည် သမီးရည်းစားဘဝ၊ အိမ်ထောင်ကျစ ဘဝများတွင် အားကျလောက်စရာ ချစ်ခင်ကြသော်လည်း တနှစ်ခန့် ကြာသောအခါ ပြဿနာပေါ်ကြ၊ ရန်ပေါ်ကြနှင့် စိတ်ညစ်စရာ အလွန်ကောင်းသော ဇနီးမောင်နှံ ဖြစ်ကြတော့၏။ သားသမီး ၃ယောက် မွေးဖွား၏။ ပြဿနာ မဖြစ်သောနေ့ မရှိသည့်ကြားမှ လင်ဖြစ်သူမှာ အေအိုင်ဒီအက်စ်ရောဂါ ရရှိလေတော့၏။ ထိုရောဂါနှင့်ပင် သေဆုံးသွားရ၏။ ဇနီးဖြစ်သူမှာလဲ ရေထဲဆင်း၍ အဆုံးစီရင်သွားတော့၏။ ဓမ္မာ ရန်ဓါတ်အတွဲ၏ ဒုက္ခပေးခြင်းသည် နှစ်ဦးစလုံး သေဆုံးသွားသည်နှင့် မရပ်သေးဘဲ လောကအလယ်တွင် မျက်စေ့သူငယ်နှင့် ကျန်ရစ်ခဲ့သော လူမမည် ခလေး၃ယောက်မှာ မိဘများ၏အပူမီး ကူးစက်ခြင်းဖြင့် လောကအလယ်တွင် ကျန်ရစ်ခဲ့ရတော့၏။

အိမ်ထောင်ရန် ဖြစ်သော ဓမ္မာ သောက၊ အင်းဝ ရာဇ အတွဲသည် အိမ်ထောင်ရေးတွင် အလွန်ဒုက္ခပေးတတ်၍ ရှောင်ကျဉ်သင့်ပါ၏။ အတွေ့အကြုံမရှိဘဲ အပေါ်ယံအတွေးရှိသူများက ကိစ္စမရှိပါ- လင်မယား ၂ဦး ခွင့်လွှတ်နားလည်ခြင်း ရှိလျှင် အဆင်ပြေနိုင်သည်ဟု ဆိုကြသော်လည်း သတိထားလေ့လာကြည့်၍ သိရသောအတွဲများမှာ ရန်ပေါ်ခြင်း၊ ပြဿနာရှုတ်ထွေးခြင်းများ ရှိသူများကြသဖြင့် ဗေဒင်သုတအဖြစ် ဖေါ်ပြအပ်ပါသည်။

ဆရာဦးအောင်ပိုင် (နယူးယောက်) victor.aung@gmail.com

# ဂဇက်စာအုပ်စင်







## နွေနေအောက်မှာ... ကြွေ - မိုးငြိမ်းဇ

စာရေးသူ မိုးငြိမ်းဇ၏ နွေနေအောက်မှာ... ကြွေ သည် ရသစာပေနှစ်သက်မြတ်နိုးသည့် ပရိသတ်များ လက်မှ မချနိုင်လောက်အောင် ရသမြောက်သည့် စာအုပ်ကောင်းတအုပ် ဖြစ်သည်။

မျက်နှာဖုံးပန်းချီကို ဖေစိုးအောင်က သရုပ်ဖော်ထားပြီး စာမျက်နှာ၁၄၉မျက်နှာ ပါရှိသည်။ စာအုပ်ရောင်းဈေးမှာ ၂၀၀၀ကျပ်ဖြစ်ပြီး နှစ်ကာလများစာပေက ထုတ်ဝေသည်။

## ဂျိုဇော် ဝတ္ထုတို ၁၀၀ [ပထမတွဲ+ ဒုတိယတွဲ] - ဂျိုဇော်

၁၉၉၀ဝန်းကျင်ကာလ မြန်မာဝတ္ထုတိုများ အက်အားကောင်းစဉ် မန္တလေးအခြေပြု၊ ဆရာဝန်စာရေးဆရာတဦးဖြစ်သော ဂျိုဇော်၏ ဝတ္ထုတိုများကို ပရိသတ်များ ယခု စာအုပ်နှစ်တွဲတွင် တစုတစည်းထဲဖတ်ရမည် ဖြစ်သည်။ ပထမတွဲတွင် ဆရာ မြသန်းတင့် ရေးသားခဲ့သော အမှာစာကိုဖော်ပြထားပြီး ဒုတိယတွဲအတွက် စာရေးဆရာသိုက်ထွန်းသက်က အမှာစာရေးပေးထားသည်။

ငါတို့စာပေက ဒီဇင်ဘာ၊ ၂၀၂၃တွင် ထုတ်ဝေလိုက်ပြီး စာမျက်နှာပေါင်း၁၁၄၃မျက်နှာ ပါဝင်သည်။ စာအုပ်ရောင်းဈေးမှာ ၂အုပ်ပေါင်း ၂၃၀၀၀ကျပ်ဖြစ်သည်။

## တောင်ပံများနဲ့မြစ် [မိဘမေတ္တာဖွဲ့ကဗျာများ]။ - နေရစ်သော်[ဟသ်ာတ]

မိဘကိုတန်ဖိုးထားချစ်မြတ်နိုးသူများ အတွက် နေရစ်သော်(ဟသ်ာတ) ရေးသားသော၊ မန္တလေးအမေနေ့အဖေနေ့ ကျင်းပရေးအဖွဲ့က ကြီးမှူးကျင်းပခဲ့သောအမေကဗျာ၊ အဖေကဗျာပြိုင်ပွဲများမှ ဆုရရှိခဲ့သော ကဗျာရှည်၂ပုဒ်အပါအဝင် မိဘမေတ္တာဖွဲ့ကဗျာများကို စုစည်းထားသောကဗျာစာအုပ်ဖြစ်သည်။

ဆောင်းဆုရတီစာပေက ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာတွင် တတိအကြိမ်ထုတ်ဝေပြီ စာအုပ်ရောင်းဈေးမှာ ၅၀၀၀ ကျပ်ဖြစ်သည်။ စာမျက်နှာ၈၅မျက်နှာပါဝင်ပါသည်။

# ဂဇက်ကဗျာ ၂

## ကိုယ်ရေးတဲ့သမိုင်း

သူငယ်ချင်း .....
နှစ်တစ်နှစ်ဆိုတာ
ခေတ်တစ်ခေတ်ပါပဲ
နှစ်တိုင်းမှာ ခေတ်သမိုင်းရှိတယ် ။

သူငယ်ချင်း .....
ဘယ်လိုဘယ်နှစ်
ဘယ်လိုခေတ်ကို
ဘယ်လို မင်းဖြတ်ခဲ့ပြီလဲ။

သူငယ်ချင်း .....
၂၀၂၃ ခုနှစ်
ခေတ်က ကျန်တော့မယ်
၂၀၂၄ ခေတ်
နှစ်က လာတော့မယ် ။

နှစ်တိုင်း ခေတ်တိုင်း
ကိုယ့်သမိုင်းကို
ကောင်းစွာချန်ထား
တင်ကျန်သွားဖို့
မင်းသမိုင်း မင်းရေး
ငါ့သမိုင်း ငါရေး
ကိုယ်ရေးတဲ့ သမိုင်း
မရိုင်းစေနဲ့ သူငယ်ချင်း ။ ။

ဂျော်စူးသစ်

**Publisher**
Thakhin Kai Bwor
thakhin@gmail.com
(951) 842 5446

**Editor in Chief**
GyiSoe
editor@MyanmarGazette.net
(213) 422 2307

**Editors**
Saung Oo Pan
editor1@MyanmarGazette.net
Nyo Khet Kyaw
Min Let, Rae Wady, Swe Swe

**Design Director**
Kai
kai@MyanmarGazette.net

**Advertising Director**
Swe Swe
(626) 506 9608
Ads@MyanmarGazette.net

**Photographers**
George Swar, Henry Kao
kAi, Gary Rocchio

**Contributing Writers**
Maung Moe Nyo, KZ
Black Chaw, Thint Aye Yeik
TainMae, Myo Kyaw Myint

**Myanmar Branch**
Rangoon Gazette

**Main Office:**
7223 Baird Ave. #105
Reseda CA 91335
(747) 777 6313

**ADVERTISING AND ADVERTORIAL POLICIES**

Myanmar Gazette (M.G) Newspaper reserves the right to refuse to publish, in its sole and absolute discretion, any advertising and material submitted for publication by client. Submission of an advertisement or advertorial to an M.G sales representative does not constitute a commitment by M.G to publish a Client's Material. M.G has the portion to correctly classify any Client's Material and to delete objectionable words or phrases.

Client represents and warrants that a Client's Material does not and will not contain any language or material which is libelous, slanderous, or defamatory or invades any rights of privacy or publicity; does not and will not violate or infringe upon, or give rise to any adverse claim with respect with any common law or other right whatsoever ( including without limitation, any copyright, trademark, service mark or contract right) of any person or entity, or violate any other applicable law ; and is not the subject of any litigation or claim that might give rise to any litigation.

Publication of a Client's Material does not constitute an agreement to continue publication.

Client agrees and covenants to indemnify M.G and its officers against any and all loss, liability, damage, expenses, cost, charges, claims, actions, causes of action, recoveries, judgments, penalties, including outside attorneys' fees (Individually and collectively "Claims") which M.G may suffer by reason of (1) Client's breach of any of the representations, warranties and agreements herein or (2) any Claims by any third party relating in any way to Client's Material.

M.G will not be liable for failure to publish any Client's Material as requested or for more than one incorrect insertion of a Client's Material. In the event of an error, or omission in printing or publication of a Client's Material, M.G shall be limited to an adjustment for the space occupied by the error, with maximum liability being cancellation of the cost of the first incorrect advertisement or republication of the correct advertisement.Under no circumstances shall Myanmar Gazette Newspaper be liable for consequential damages of any kind.


Myanmar Gazette, published once a month and distributed to Myanmar Community in Los Angeles, San Franscio, New York City, Tokyo, Taiwan, Singapore and Myanmar.

All articles published in this paper represent the opinions of the authors and do not necessarily reflect the opinions of the editors. We are happy to receive your comments and suggestions concerning the Newspaper. Letters must contain complete name and return address. The materials, however, are subject to editing and revisions.

We provide an astounding wealth of information to our Community

ဤသတင်းစာတွင်ပါဝင်သောဆောင်းပါးများကို မြန်မာ့ဂဇက်သတင်းစာ(Myanmar Gazette) နှင့်ဒီဇိုင်းဆွဲပေးသူများ၏ခွင့်ပြုချက်မရှိပဲ အခြားမီဒီယာများ၊ စာနယ်ဇင်းများ၊ ဝက်ဘ်ဆိုက်များတွင်ပုံနှိပ်ဖော်ပြခြင်း၊ကူးယူအသုံးပြုခြင်း ခွင့်မပြု။






# ယခုလကာတွန်း





ပင်ဝါးရုံ ဆန်လှော်မုန့်ဟင်းခါးအနှစ်ထုပ်

Pin Waryone MoHinGa paste

✓ အနှစ်ပုံစံချက်ထားပါသဖြင့် Room temperature တွင် ၇ ရက်မှ ၁၀ ရက် အထိအထားခံပါမည်။

✓ Freezer ထဲတွင် ၃လ မှ ၆လ ထိ မူလ အရသါမပျက်ပဲ ထားရှိနိုင်ပါသည်။

✓ တဆင့်ပြန်လည်ရောင်းချ လိုသူများလည်း ဆက်သွယ်နိုင်ပါသည်။

✓ US ပြည်တွင်း ၅ ထုပ်နှင့် အထက်မှာပါက Daly City, California မှ သက်သာသော ဈေးနှုန်းဖြင့် ပို့ဆောင်ပေးပါသည်။

Made in USA
NO MSG
NO preservative
NO peanut

☎ 650 515 5130, 650 515 5215

https://www.facebook.com/Foods

https://www.facebook.com/Foods


# တွေးတစိမ့်စိမ့်ဟာသများ

ခင်မောင်အေး(စာရင်ခွင်)

### အများကြီးမစားပါဘူး

ကျနော့်အမေ မုန့်ဆိုင်တစ်ဆိုင်ကို ရောက်နေတယ်။မုန့်တွေကို အလှပြထားတဲ့ မှန်သေတ္တာထဲရောက်နေတဲ့ယင်ကောင် တစ်ကောင်ကို အမေသတိပြု မိတယ်။ အရောင်းစာရေးက အမေ့ရဲ့ရှုံ့ရှာ တဲ့ဟန်ပန်ကို သတိပြုမိလို့ဖြစ်ပါလိမ့်မယ်။ အမေ့ကို သူမ အခိုင်အမာပြော လိုက်တာက

"စိုးရိမ်မနေပါနဲ့အန်တီ၊ အဲဒီကောင်တွေ အများကြီးမစားနိုင်ပါဘူး" တဲ့။ ။

### စားပွဲထိုးအလုပ်

ကျနော်တို့ရဲ့ဆယ်ကျော်သက်မြေးမလေး သူ့ရဲ့ပထမဆုံးအလုပ်ဖြစ်တဲ့ စားပွဲထိုးအလုပ်ကို စလုပ်တော့ စိတ်လှုပ် ရှားနေတယ်။ဒါပေမဲ့ အလုပ်ဆိုင်းတစ် ဆိုင်းပြီးတဲ့နောက် သူ့စိတ်လှုပ်ရှားမှုဟာ လျော့ပါးသွားပုံပေါ်တယ်။ စားပွဲထိုးလုပ်ရတာကြိုက်ရဲ့လား- ကျနော်ကမေးတော့ သူပုခုံးတွန့်ပြီးပြောလိုက်တာက

"လူတွေက-ဘာလိုချင်တယ်၊ညာလိုချင်တယ်ဆိုပြီး တောင်းဆိုနေတာတွေ မလုပ်တော့ဘူးဆိုရင် အိုကေပါတယ်".. တဲ့။ ။

### စမစ်နဲ့သူ့ဆရာ

ဆရာကကျောင်းသားတွေကိုပြောတယ်။ "ကနေ့ ပေးစာ ( letter writing ) ရေးခြင်း ရဲ့အခြေခံတွေသင်ယူကြမယ်"

"ဆရာ- ကျနော် ပထမတန်းမှာတုံးက အက္ခရာစာလုံးတွေ ( letters ) ရေးနည်းကို သင်ခဲ့ပြီးပြီလေ၊ ကျနော်အခုဆရာ့ကိုရေး ပြပါ့မယ်"

စမစ် က ပြောပြောဆိုဆို အက္ခရာစာလုံး a,b,c စသည် ( letters ) တို့ ကိုရေးပြတယ်။ ဆရာကဒေါသထွက်ပြီး"ဟဲ့ ငတုံး အက္ခရာစာလုံးတွေကိုပြောတာမဟုတ်ဘူး မင်းတို့ရဲ့ဘဝအကြောင်းတွေကိုလူတွေကို ပြောပြဖို့ ပေးစာရေးခိုင်းနေတာကွ " ။

" ဒါပေမဲ့ဆရာ-အဲဒီလိုပြောပြဖို့ letters တွေကိုဘာ့ကြောင့်ရေးနေမှာလဲ၊ ကျနော်တို့မှာ Facebook ရှိနေပြီပဲ "

" ဟေ့ကောင် ငတုံး၊ တိတ်တိတ်နေစမ်း ၊ အားလပ်ရက်မှာ မင်းတို့လုပ်ခဲ့တာတွေ ကိုမင်းတို့အမေ့ဆီ စာတစောင်ရေး ပြောပြပါ "။

" ကျနော်ကအဖွားနဲ့နေတာပါ ၊ အားလပ် ရက်တွေမှာ ကျနော်ဘာတွေလုပ်တယ် ဆိုတာ အဖွားကသိပြီးသားပါ " ။

" အိုကေ ဒီလိုဆိုရင် သင့်ရဲ့ဘိုင်စကယ် အသစ်အကြောင်းသင့်အဒေါ်ဆီ စာရေး ပြောပြပါ " ။

စမစ်သိတ်ပျော်သွားတယ်။ " ကျနော် စက်ဘီးအသစ်တစင်းရတော့မှာပါ၊ တကယ့် စပရိုက်ပါ၊ ဆရာဘယ်လိုသိ ပါလိမ့်' ။

" မဟုတ်ဘူး စမစ်၊ မင်းစက်ဘီးအသစ် တစင်းရမှာမဟုတ်ဘူး "

" ဒီလိုဆိုရင် စာထဲမှာ ကျနော့်အဒေါ်ကို ကျနော် ဘယ်လို လိမ်ပြောရမှာလဲ'

"ကဲကွာ မင်းတို့ပြောဖို့လိုအပ်နေတဲ့တယောက်ယောက်ဆီကြိုက်တဲ့အကြောင်း စာတစောင်ရေးကြပါ'

အဲဒီနောက်ကျောင်းဆင်းခေါင်းလောင်း ထိုးသွားတယ်။ ဆရာက" အိမ်စာအဖြစ်စာတစောင်ရေးခဲ့ကြ။နက် ဖြန်တင်ကြ' လို့မှာတယ်။ နောက်တနေ့ ကျောင်းသားတွေအိမ်စာလုပ်လာကြတယ်။ ဆရာက စမစ်အား သူ့စာကို ဖတ်ပြခိုင်းတယ်။

စမစ်ဖတ်ပြတဲ့သူ့စာက-

" ဆရာခင်ဗျား- ရီစရာမြို့က ကျနော့် ဝမ်းကွဲညီအစ်ကိုဆီ ကျနော် စာတစောင်ရေးလို့ရနိုင်/မရနိုင် အဲဒါသိချင်လို့ ဆရာ့ဆီ ဒီစာရေးလိုက်ပါတယ်။ ။

### အကျင့်ပါနေလို့

ကျမယောက်ျားနဲ့ကျမတို့နှစ်ယောက် စလုံး အလုပ်လုပ်ကြတယ်။ဒါကြောင့် ကျမတို့မိသားစုဟာ အပြင်ထွက်စားကြ တာများတယ်။လောလောဆယ်ဆယ်မှာ ကျမတို့ ရှားပါးအိမ်ချက်ထမင်းဟင်းကို စားနေကြတုံး ကျမရဲ့၃နှစ်ရွယ်သမီးဆီ နွားနို့ခွက်ကို ကျမလှမ်းပေးလိုက်တယ်။ သမီးငယ်က ကျမကို နဝေတိမ်တောင် ယောင်နန ကြည့်ပြီး ပြောလိုက်တာက "သမီး နွားနို့မမှာဘူး' တဲ့လေ။

# မြန်မာပြည် သတင်းဒိုင်ယာရီ

သင့်အေးရိပ် စုဆောင်းတင်ပြသည်

**Dec 23** ။ စစ်ပွဲနဲ့ ပဋိပက္ခတွေ ပြင်းထန်နေတဲ့ မြန်မာနိုင်ငံမှာ အရင်က မကြုံဖူးသေးတဲ့ အရှိန်အဟုန်နဲ့ ဆင်းရဲမွဲတေမှု မြင့်တက်နေပြီး စီးပွားရေး ပြိုလဲနေတယ်လို့ ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (UNDP) ရဲ့ အာရှနဲ့ ပစိဖိတ်ဒေသဆိုင်ရာ အကြီးအကဲက သတိပေးလိုက်ပါတယ်။

နမ့်ဆန်မြို့ကိုထိန်းချုပ်ထားတဲ့ တအာင်းတပ် TNLA ဟာ မန်တုံမြို့က စစ်ကောင်စီတပ်စခန်းအကုန်လုံးကိုလည်း တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့တာကြောင့် ၁၀၂၇ စစ်ဆင်ရေးအတွင်း ဒီဇင်ဘာလ တစ်လအတွင်းမှာ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအရ နမ့်ဆန်မြို့နယ်နဲ့ မန်တုံမြို့နယ်တို့နဲ့ ဖွဲ့စည်းထားတဲ့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေတခုလုံးကို TNLA က ထိန်းချုပ်နိုင်ခဲ့ပါတယ်။

**Dec 22** ။ ရှမ်းပြည်နယ်မြောက်ပိုင်း က ၁၀၂၇ စစ်ဆင်ရေးရဲ့ စစ်ရေးအရှိန်ကို လျှော့နိုင်ရေး ထပ်ဆွေးနွေးဖို့ အတွက် ဒီဇင်ဘာ ၂၂ ရက်မှာ စစ်ကောင်စီအဖွဲ့ ချိုင်းနားနိုင်ငံ၊ ယူနန်ပြည်နယ် ကူမင်းမြို့ကို ဒုတိယအကြိမ်ရောက်နေပြီး စစ်ကောင်စီနဲ့ မြောက်ပိုင်း မဟာမိတ်အဖွဲ့တွေကြား ဆွေးနွေးပွဲတွေ ကူမင်းမှာ ထပ်မံပြုလုပ်ဖို့ ရှိနေပါတယ်။

စစ်ကိုင်းတိုင်းက NUG/ PDF တပ်ဖွဲ့တွေက ဗိုလ်နဂါးရဲ့BNRA တပ်အပါအဝင် တခြား လက်နက်ကိုင်အဖွဲ့တချို့ကို နယ်မြေဖြတ်ကျော်ခွင့် တားဆီးတာ၊ လက်နက်သိမ်းတာနဲ့ ရဲဘော်တွေကို ဖမ်းဆီးတဲ့ဖြစ်စဉ်တွေ ရှိနေတယ်လို့ သက်ဆိုင်ရာအဖွဲ့တွေက ပြောပါတယ်။

**Dec 21** ။ မန္တလေးနန်းတွင်းမှာရှိတဲ့ စစ်ကောင်စီရဲ့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (လပခ) အထူးရုံးအပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေနေထိုင်ရာ အဆောင်၊ တိုင်းမှူးနဲ့ ဒုတိယတိုင်းမှူးအဆောင်တွေကို၂၁ ရက် မနက်အစောပိုင်းမှာ မြို့ပြပြောက်ကျားအဖွဲ့တွေက ရှော့တိုက်ဒုံး (၅) လုံးနဲ့ ပစ်ခတ်ခဲ့ကြောင်းထုတ်ပြန်သလို ဒေသခံတွေကလည်း ပေါက်ကွဲသံတွေကြားခဲ့ရကြောင်း ပြောပါတယ်။

၁၀၂၇ စစ်ဆင်ရေးနောက်ပိုင်း ရခိုင်ပြည်နယ်မြောက်ပိုင်းက တိုက်ပွဲတွေ ရက်ပေါင်း ၄၀ ရှိလာချိန်မှာ ရခိုင်တောင်ပိုင်းကိုပါ တိုက်ပွဲတွေရောက်ရှိလာပြီး စစ်တပ်က တောင်ပိုင်းမှာ ရေကြောင်း၊ကုန်းကြောင်းလမ်းတွေအားလုံးကို ပိတ်ထားတဲ့အတွက် ဒေသခံတွေမှာ စားနပ်ရိက္ခာပြတ်လပ်တဲ့အခြေအနေကို ရင်ဆိုင်နေရပါတယ်။

**Dec 20** ။ စစ်ကောင်စီကို လက်နက်ကိုင်ခုခံနေတဲ့ဒေသတွေမှာ လေကြောင်းသုံး တိုက်ခိုက်တာတွေ ရှိနေပေမဲ့၊ အရပ်သားတွေ အားထားနေရတဲ့ ပြည်တွင်းလေကြောင်းလိုင်းခရီးစဉ်တွေကတော့ ၃ပုံ ၁ပုံလောက် လျော့နည်းသွားတဲ့အပြင် တချို့မြို့ ပြေးဆွဲမှုတွေ ရပ်နားနေပြီး၊ လေယာဉ်လက်မှတ်ခတွေလည်း ဈေးတက်သွားကြောင်း သိရပါတယ်။

ချိုင်းနား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့ကို မြန်မာ့ပြောင်းဆန် တန်ချိန် ၇ သိန်း တင်ပို့သွားဖို့အတွက် MOU(နားလည်မှုစာချွန်လွှာ) လက်မှတ်ရေးထိုးထားကြောင်း မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်း(MICA)ထံမှ သိရပါတယ်။ မြန်မာပြည်မှာ ပြောင်းစိုက်ပျိုးမှု ဧက ၂ သန်းကျော်၊ အထွက်နှုန်း တန်ချိန် ၃ သန်းကျော်ရှိပြီး ပြည်တွင်းသုံးစွဲမှု တန်ချိန် ၁ သန်းနီးပါးရှိကာ ပြည်ပတင်ပို့မှု တန်ချိန် ၂ သန်းကျော်ရှိတယ်လို့ ပြောပါတယ်။

**Dec 19** ။ လျှပ်စစ်မီး ၂၄ နာရီ ရရှိမယ်ဆိုရင် မီတာခကို လက်ရှိပေးဆောင်တဲ့နှုန်းထက် ၂ဆကျော် ၃ဆထိ ပေးဆောင်မယ်လို့ စက်ရုံ၊ အလုပ်ရုံတွေဘက်က စစ်ကောင်စီ လျှပ်စစ်ဝန်ကြီးဌာနဆီ စုပေါင်းအဆိုပြု တင်ပြထားပေမဲ့ အခုအထိ အကြောင်းပြန်တာ မရှိသေးကြောင်း လုပ်ငန်းရှင်တွေဆီက သိရပါတယ်။

ရှမ်းပြည်နယ်မြောက်ပိုင်းက နမ့်ခမ်းမြို့သိမ်းတိုက်ပွဲမှာ TNLA ဘက်က ၄၉ ဦးသေဆုံးခဲ့ပြီး ၁၄၅ ဦး ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ တိုက်ခိုက်မှုတွေအတွင်း စကစတပ်ဘက်က လေကြောင်းကနေ အကြိမ် ၄၀၀ ကျော် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ပေါင်(၅၀၀)ဗုံးနဲ့ ၁၂ ကြိမ်၊ အဆိပ်ငွေ့ဗုံး ၆လုံး အသုံးပြုခဲ့တယ်လို့လည်း ပြောပါတယ်။

**Dec 18** ။ စပါး အဓိကစိုက်ပျိုးပြီး ဆန်အများဆုံးထွက်တဲ့ ဧရာဝတီတိုင်းမှာပေါ်ဆန်းမွှေး ဆန်ချောတအိတ်ကို ငွေကျပ် ၇၀,၀၀၀၊ ဆန်ကြမ်းတအိတ်ကို ငွေကျပ် ၄၇,၀၀၀ ဝန်းကျင်သာရှိခဲ့ရာကနေ လက်ရှိမှာတော့ ပေါ်ဆန်းမွှေးဆန်ချောတအိတ်ကို ၁၁၀,၀၀၀ နဲ့ ၁၂၅,၀၀၀ ၊ ဆန်ကြမ်း တအိတ်ကို ငွေကျပ် ၇၉,၀၀၀ နဲ့ ၉၅,၀၀၀ အထိ ဈေးမြင့်တက်နေပါတယ်။

စက်သုံးဆီဈေးနှုန်းတွေ မြင့်တက်မှုကြောင့် ရန်ကုန်နဲ့ ဧရာဝတီတိုင်း မြို့တွေကို ပြေးဆွဲနေတဲ့ အဝေးပြေးကား ယာဉ်စီးခတွေ အရင်ထက် ၄ ဆလောက်ထိ မြင့်တက်လာလို့ ခရီးသွားပြည်သူတွေ အခက်ကြုံနေရကြောင်း ဒေသခံတွေက ပြောပါတယ်။

**Dec 17** ။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ စက်သုံး ဓာတ်ဆီ၊ ဒီဇယ်တွေကို ဝယ်ယူရခက်ခဲပြီး ပြတ်လပ်တဲ့အတွက် ကျောက်မီးသွေးလာဝယ်တဲ့ ကားတွေ လျော့နည်းသွားပြီး ကျောက်မီးသွေးရောင်းသူတွေ အခက်ကြုံနေကြပါတယ်။

မြန်မာပြည်ရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့မှာ လျှပ်စစ်မီးပြတ်တောက်မှု ပိုမိုဆိုးရွားနေပြီး လာမယ့် နွေကာလမှာ မီးရဖို့ စိုးရိမ်စရာဖြစ်နေကြောင်း မြို့ခံတွေက ပြောပါတယ်။

**Dec 16** ။ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ကချင်ပြည်နယ်မှာ အသက်မပြည့်သေးတဲ့ ၁၈ နှစ်အောက် လူငယ်တွေပါ မူးယစ်ဆေးရောင်းဝယ်၊ သုံးစွဲမှု ပိုများပြားလာကြောင်း ဒေသခံတွေက ပြောပါတယ်။

ဒီနေ့ စစ်ကောင်စီလေတပ် နှစ်ပတ်လည်နေ့မှာ စစ်ရေးပြတာတွေမလုပ်ဘဲ အန္တရာယ်ကင်း ပရိတ်တရားနာခဲ့ကြောင်း သိရပါတယ်။

**Dec 15** ။ မြန်မာပြည်မှာ တိုက်ပွဲတွေ အချိန်ကြာလာတာနဲ့အတူ နေရပ်စွန့်ခွာထွက်ပြေးသူအရေအတွက် တနေ့တခြားပိုများလာပြီး စားနပ်ရိက္ခာမလုံလောက်တော့တဲ့ အကျပ်အတည်း ဖြစ်လာနိုင်ခြေရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ WFP က ပြောပါတယ်။ WFP အနေနဲ့ လာမယ့် ၆ လအတွင်း မြန်မာပြည်သူတွေကို ထောက်ပံ့ဖို့ လိုအပ်တဲ့ ရန်ပုံငွေရဲ့ ၅၉ ％ ပဲ လက်ဝယ် ရှိနေပြီး ရှေ့ဆက်လုပ်ငန်းတွေ စီမံဖို့ အခက်အခဲဖြစ်နေကြောင်း အစီအရင်ခံစာ ဖော်ပြထားပါတယ်။

ချိုင်းနားရဲ့ ကြားဝင်ဆောင်ရွက်ပေးမှုနဲ့ မြန်မာစစ်ကောင်စီနဲ့ ညီနောင်မဟာမိတ် သုံးဖွဲ့ပါဝင်တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား ပြီးခဲ့တဲ့ရက်ပိုင်း တွေ့ဆုံဆွေးနွေးပြီး ယာယီ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့တယ်ဆိုပါတယ်။

**Dec 14** ။ ဒီဇင်ဘာ ၁ ရက်ကနေ ဒီနေ့ထိ ၂ပါတ်အတွင်းမှာ စစ်ကောင်စီတပ်ရဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြောင့် နိုင်ငံတဝန်း အမျိုးသမီး ၁၁ ယောက်နဲ့ အမျိုးသားအယောက် ၃၀၊ စုစုပေါင်း ၄၁ ယောက် သေဆုံးခဲ့ပြီး အာဏာသိမ်း ၃ နှစ်နီးပါးအကြာ စစ်ကောင်စီတပ်ရဲ့ ပစ်ခတ်သတ်ဖြတ်မှုတွေကြောင့် နိုင်ငံတဝန်း အပြစ်မဲ့ကျဆုံးပြည်သူ ၄,၂၅၅ ယောက်နဲ့ ဖမ်းဆီးထိန်းသိမ်းခံရသူပေါင်း ၂၅,၅၅၂ ယောက်ရှိပြီလို့ အေအေပီပီ ထုတ်ပြန်ချက်အရ သိရပါတယ်။

စစ်ကောင်စီက ပြည်ပရောက် မြန်မာတွေကို ဝင်ငွေခွန် ၂ ％ ပေးဆောင်ဖို့ အောက်တိုဘာလက အခွန်အကောက်ဥပဒေကို ပြင်ဆင်ပြီး အမိန့်ကြေညာချက် ထုတ်ထားတဲ့အပြင် ပြည်ပရောက် မြန်မာအလုပ်သမားတွေ လစာရဲ့ ၂၅ ％ ကို တရားဝင် လမ်းကြောင်းကနေ မိသားစုဆီလွှဲပို့ဖို့ ဖိအားပေးထားပြီး နိုင်ငံခြားငွေရရှိရေး ကြိုးစားနေပါတယ်။

**Dec 13** ။ လက်နက်ကိုင် ပဋိပက္ခတွေနဲ့ နိုင်ငံရေး အကျပ်အတည်းများ ဖြစ်ပွားနေတဲ့ မြန်မာပြည်အတွက် စာနာမှုအကူအညီအဖြစ် ဗြိတိန်နိုင်ငံက စတာလင်ပေါင် ၄ သန်းခွဲ (ဒေါ်လာ ၅.၆ သန်းကျော်) သုံးစွဲမယ်လို့ ကြေညာပါတယ်။

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ကို စစ်ကောင်စီတပ်က လေကြောင်းကနေ ပစ်ခတ်တိုက်ခိုက်ခဲ့လို့ ရှေးဟောင်းသမိုင်းဝင် ဘုရားတဆူနဲ့ သာသနိက အဆောက်အဦတချို့ ထိခိုက်ပျက်စီးခဲ့ကြောင်း ဒေသခံတွေက ပြောပါတယ်။ မြောက်ဦးမြို့ဟာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း ယူနက်စကို ဝင်နိုင်ဖို့ ၂၀၁၉ ခုနှစ်ကတည်းက ကြိုးပမ်းနေတဲ့ ရှေးဟောင်းနယ်မြေတခုလည်း ဖြစ်ပါတယ်။

**Dec 12** ။ မြန်မာပြည်မှာ ဖြစ်ပေါ်နေတဲ့ ပဋိပက္ခတွေ၊ ကုန်သွယ်မှုနဲ့ ကုန်စည်စီးဆင်းမှု အဟန့်အတားတွေ၊ ကျပ်ငွေတန်ဖိုး မတည်ငြိမ်မှုနဲ့ ငွေကြေးဖောင်းပွမှု အခြေအနေမျိုးစုံရဲ့ ရိုက်ခတ်မှုကြောင့် မတ်လ ၂၀၂၄ အထိ တနှစ်အတွင်း မြန်မာပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၁ ％ ပဲ ရှိမယ်လို့ ကမ္ဘာ့ဘဏ်က ခန့်မှန်းလိုက်ပါတယ်။

မြန်မာပြည်ဟာ အာဖဂန်နစ္စတန်နိုင်ငံကို ကျော်လွန်ပြီးတော့ ကမ္ဘာမှာ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနိုင်ငံဖြစ်လာကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံး(UNODC)က သတင်းထုတ်ပါတယ်။ ၂၀၂၃ ခုနှစ်ထဲမှာတင် မြန်မာပြည်က ဘိန်းတန်ချိန် ခန့်မှန်းခြေ ၁,၀၈၀ တန်ထိ ထုတ်လုပ်ခဲ့တာဖြစ်ပါတယ်။

**Dec 11** ။ ၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ကျောင်းသားအရေအတွက်ရဲ့ ၅၀ ％ ကျော်က စစ်ကောင်စီဖွင့်တဲ့ တက္ကသိုလ်တွေမှာ မတက်ဘဲ စစ်ကျွန်ပညာရေးဆန့်ကျင် CDM လုပ်ထားဆဲ ဖြစ်ပါတယ်။ ကျောင်းသားတွေရဲ့ ၅ ပုံ ၁ပုံ လောက်သာ ၂၀၂၃ ခုနှစ်မှာ ကျောင်းတက်နေကြတာဖြစ်လို့ ၅၀ ％ နဲ့ အထက် တက္ကသိုလ်ကျောင်းသားတွေ CDM လုပ်ထားဆဲဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ ပညာရေးဝန်ကြီးဌာနက ပြောပါတယ်။

စစ်ကောင်စီခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ တိုက်ပွဲတွေပြင်းထန်နေတဲ့ အရှေ့မြောက်ဒေသ အချက်အချာ လားရှိုးမြို့ကို သွားရောက်ပြီး စစ်တပ်မိသားစုတွေ၊ စစ်ဘေးရှောင်ဒုက္ခသည်တွေကို တွေ့ဆုံ အားပေးစကားပြောခဲ့ကြောင်း သိရပါတယ်။ ညီနောင် မဟာမိတ်သုံးဖွဲ့ရဲ့ ၁၀၂၇ စစ်ဆင်ရေးကြောင့် ရှမ်းမြောက်ဒေသမှာ စစ်ကောင်စီ စစ်စခန်းပေါင်း ၂၀၀ ကျော်နဲ့ မြို့တချို့ လက်လွှတ်ဆုံးရှုံးခံရပြီးတဲ့နောက်မှာ ရှမ်းမြောက်ဒေသ စစ်တိုင်းဌာနချုပ်ရှိရာကို ပထမဆုံးအကြိမ် ရောက်ရှိလာတာပါ။

**Dec 10** ။ ရန်ကုန်တိုင်းအတွင်းမှာ ယခုလအတွင်း စစ်ကောင်စီတပ်နဲ့ ဌာနဆိုင်ရာပူးပေါင်းပြီး ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့လှုပ်ရှားမှုတွေ လုပ်နေပေမယ့် ပြည်သူလူထုက စိတ်ပါဝင်စားမှု မရှိဘူးလို့ မြို့ခံတွေက ပြောပါတယ်။ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ လျှောက်ထားတဲ့ပါတီ ၆၃ ခု ရှိပြီး မှတ်ပုံတင်ခွင့်ပြုချက် ကျပြီးတဲ့ပါတီ ၄၂ ပါတီရှိကြောင်း သတင်းထုတ်ထားပါတယ်။

**Dec 09** ။ ကရင်နီပြည်နယ်၊ လွိုင်ကော်မြို့ကို စစ်ကောင်စီတပ်က လက်နက်ကြီးနဲ့ ဆက်တိုက်ပစ်ခတ်နေတာကြောင့် ကရင်နီပြည်နယ်ရဲ့ အထင်ကရ စေတီတော်ဖြစ်တဲ့ တောင်ကွဲစေတီ ကျည်ထိမှန်ခဲ့ရပြီး အကြီးဆုံး ဈေးဖြစ်တဲ့ သီရိမင်္ဂလာဈေး(လွိုင်ကော်တောင်ဈေး) တခုလုံး မီးလောင်ပြာကျခဲ့ပါတယ်။

ရက္ခိုင်တပ်တော်(အေအေ)တပ်တွေဟာ မကွေးတိုင်းထဲထိ တော်လှန်ရေးပူးပေါင်းအဖွဲ့တွေနဲ့အတူ ထိုးစစ်ဆင်နေကြောင်း ဒေသခံတော်လှန်ရေးအဖွဲ့က ပြောပါတယ်။ ရက္ခိုင်တပ်တော်(အေအေ)ဟာ နိုဝင်ဘာ ၁၃ ရက်ကစပြီး ရခိုင်ပြည်နယ်နဲ့ ချင်းပြည်နယ်ထဲမှာလည်း စစ်ကောင်စီတပ်တွေကို ထိုးစစ်ဆင် တိုက်ခိုက်နေပါတယ်။

**Dec 08** ။ လူသတ်မှုနဲ့တခြားရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှု အရေအတွက်ဟာ ကမ္ဘာတဝန်း စံချိန်တင် မြင့်မားလာခဲ့ပြီး လူသတ်မှုအများဆုံး ထိပ်တန်း ၁၀ နိုင်ငံ စာရင်းမှာ မြန်မာပြည်လည်း ပါဝင်နေကြောင်း ကုလသမဂ္ဂရဲ့အစီရင်ခံစာက ဖော်ပြပါတယ်။

မြန်မာပြည်မှာ တွေ့ဆုံဆွေးနွေးရေးအဆင့် ရောက်ဖို့ အခြေအနေတွေ အများကြီးလိုအပ်နေသေးကြောင်း To Page 11

From P10 မြန်မာပြည်သတင်း NUG အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလ က ပြောပါတယ်။ ဒါ့အပြင် တိုင်းရင်းသားတွေနဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ လက်ရှိ နိုင်ငံတဝှမ်း ပူးပေါင်းစစ်ဆင်ရေးတွေမှာ ဘယ်နိုင်ငံရဲ့ ဩဇာမှ ပါဝင်မှုမရှိကြောင်း ယာယီသမ္မတက ပြောပါတယ်။

**Dec 07** ။ မြန်မာပြည်ရဲ့စီးပွားမြို့တော် ရန်ကုန် အပါအဝင် မြို့ကြီးများစွာမှာ လောင်စာဆီ ပြတ်လပ်မှုဒဏ် ဆိုးဆိုးရွားရွား ကြုံတွေ့နေရပါတယ်။ စစ်အာဏာသိမ်းပြီးကတည်းက ပြည်တွင်း ကျပ်ငွေတန်ဖိုးဟာ US ဒေါ်လာနဲ့ နှိုင်းယှဉ်ရင် အဆမတန် ကျဆင်းနေလို့ လောင်စာဆီ တင်သွင်းသူတွေဟာ ဆီဖိုးတွေ ပေးချေရာမှာ အကန့်အသတ်၊ အခက်အခဲတွေ ရှိနေတာပါ။

'ကျားဖြန့်'လို့ခေါ်တဲ့ အွန်လိုင်းငွေလိမ်ဂိုဏ်းတွေမှာ ပါဝင်ပတ်သက်သူ ၃၁,၀၀၀ ကို မြန်မာစစ်ကောင်စီဘက်က ချိုင်းနားဘက်ကို လွှဲပြောင်းပေးခဲ့ပေမဲ့ အရေးပါသူခေါင်းဆောင်တွေ မပါဘဲ စစ်ဆင်ရေးမစခင်မှာ မြန်မာစစ်တပ် ရဟတ်ယာဉ်နဲ့ ဒီလူတွေကို ကယ်ထုတ်သွားခဲ့ကြောင်း MNDAA ကိုးကန့်တပ်ပြောခွင့်ရသူက ပြောပါတယ်။

**Dec 06** ။ တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ တိုက်ပွဲတွေမှာ စစ်ကောင်စီဘက်က တပ်ရင်းလိုက်ကျဆုံး ဒဏ်ရာရတာ၊ လက်နက်ချ အလင်းဝင်တာတွေ များလာတဲ့အတွက် ပဲခူးတိုင်းအနောက်ခြမ်း မြို့နယ်တွေက တပ်တွေမှာ စစ်သား မရှိသလောက် နည်းပါးသွားပြီး စစ်သားသစ် စုဆောင်းနေသလို ပေါ်တာဆွဲမှုတွေလည်း ရှိနေကြောင်း သိရပါတယ်။

မြန်မာပြည်တွင်း ဆန်စျေးနှုန်းဟာ နိုင်ငံရေး၊ စီးပွားရေး မတည်ငြိမ်မှု၊ ကျပ်ငွေ တန်ဖိုးကျဆင်းမှုတွေကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်နဲ့ စိုက်ပျိုးထုတ်လုပ်မှု ခက်ခဲပြီး စျေးနှုန်းမြင့်မား ရှားပါးနေပေမယ့် ပြီးခဲ့တဲ့ နိုဝင်ဘာလအတွင်း မြန်မာပြည်ကနေ ပြည်ပကို ဆန်တင်ပို့မှု တန်ချိန် ၁၇၅,၀၀၀ ကျော်ရှိပြီး အောက်တိုဘာလနဲ့ နှိုင်းယှဉ်ရင် ၅၀ ٪ နီးပါး မြင့်တက်လာပါတယ်။

**Dec 05** ။ US ဒေါ်လာစျေးကို စစ်ကောင်စီဗဟိုဘဏ်က သတ်မှတ် မပေးတော့ဘဲ စျေးကွက်အတွင်း နှုန်းထားတွေအတိုင်း လွတ်လပ်စွာရောင်းဝယ်ကြဖို့ ကြေညာလိုက်ပြီးနောက် ပြင်ပစျေးကွက်မှာ ဒေါ်လာစျေးနဲ့အတူ ပြည်တွင်းရွှေ အဖွင့်စျေးတွေ လှုပ်ခတ်သွားပြီး ၁ ဒေါ်လာကို ၃၅၅၀ ကျပ် အထိ မြင့်တက်သွားပါတယ်။ ဒါ့အပြင် သွင်းကုန်တွေအတွက် လိုအပ်တဲ့ ဒေါ်လာငွေကို ၂၁၀၀ ကျပ်နှုန်းနဲ့ ရောင်းချပေးတော့မှာ မဟုတ်ဘဲ ကုမ္ပဏီတွေအနေနဲ့ လိုအပ်တဲ့ဒေါ်လာကို စျေးကွက်ပေါက်စျေးအတိုင်း ဝယ်ကြရတော့မှာဖြစ်ပါတယ်။

မြန်မာစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ရုရှားသမ္မတ ဗလာဒီမာပူတင်က Order of Alexander Nevsky ဘွဲ့တံဆိပ်၊ ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းကို Order of Friendship ဘွဲ့တံဆိပ် ချီးမြှင့်လိုက်ပြီး မြန်မာစစ်ခေါင်းဆောင်ကလည်း ရုရှားလုံခြုံရေးကောင်စီအတွင်းရေးမှူးကို သရေစည်သူဘွဲ့ ပြန်ပေးအပ်ပါတယ်။

**Dec 04** ။ ရှမ်းပြည်နယ်တောင်ပိုင်းမှာ စိုက်ပျိုးတဲ့ ဘိန်းတွေဟာ အခုနှစ် စျေးအနည်းငယ် ပြန်ကျသွားတဲ့အတွက် တပိဿာ ကျပ် ၉ သိန်းကျော်ပဲ ရရှိတော့ကြောင်း ဘိန်းစိုက်တောင်သူတွေက ပြောပါတယ်။ စစ်အာဏာသိမ်းပြီးနောက် မြန်မာပြည်မှာ ဘိန်းစိုက်ပျိုးမှု ၃၃ ٪ တက်လာပြီး ဘိန်းထုတ်လုပ်မှု ၂ ဆနီးပါး မြင့်တက်လာတဲ့အပြင် စိတ်ကြွမူးယစ်ဆေး၊ မက်သာဖက်တမင်း ထုတ်လုပ်မှုတွေပါ တရှိန်ထိုး ပြန်မြင့်တက်ခဲ့ပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံး(UNODC)က မြန်မာပြည်ရဲ့ ဘိန်းစိုက်ပျိုးမှု အများဆုံးဟာ ရှမ်းပြည်နယ်ဖြစ်ပြီး တနိုင်ငံလုံး အတိုင်းအတာအရ ၃၉ ٪ ရှိတယ်လို့ ထုတ်ပြန်ထားပါတယ်။

"လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ ဆက်လက် မိုက်တွင်း နက်နေမယ်ဆိုရင် မိုက်တွင်းနက်တဲ့ဒဏ်ကို ဒေသရှိပြည်သူတွေကသာ ခံစားရမှာဖြစ်ပြီး မြေစာပင်ဖြစ်နေတဲ့ ပြည်သူကို ကိုယ်ချင်းစာဖို့နဲ့ ဆက်လက် မမိုက်မဲကြဘဲ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းဖို့ လိုကြောင်း" အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောပါတယ်။

**Dec 03** ။ စစ်ကောင်စီတပ်ကနေ ခွင့်မဲ့နဲ့ စစ်ပြေး စစ်သားတွေ မူလတာဝန်ပြန်ပြီး ထမ်းဆောင်မယ်ဆိုရင် ပြစ်ဒဏ်တွေကို လွတ်ငြိမ်းခွင့်ပေးမယ်လို့ စစ်ကောင်စီကစည်းရုံးပြောဆိုပါတယ်။

ပြည်သူ့ခုခံစစ်ပွဲ စတင်ပြီးနောက် ၂ နှစ်တာကာလအတွင်း တိုက်ပွဲတွေမှာ စစ်ကောင်စီဘက်က အရာရှိ စစ်သည် ပေါင်း ၄၃,၅၀၀ ကျော် သေဆုံးပြီး တပ်ကနေ ထွက်ပြေးလာသူတွေနဲ့ ပြည်သူ့ရင်ခွင် ခိုလှုံလာသူပေါင်း ၁၀,၀၀၀ လောက်ရှိကြောင်း NUG နဲ့ CDM တပ်မတော်သားတွေထံက သိရပါတယ်။

**Dec 02** ။ မွန်ပြည်နယ်၊ ဘီးလင်းမြို့မှာ ၅၈ နှစ်ကျော်အတွင်း ၃၆ ဒသမ ၂ နဲ့ အပူချိန်အမြင့်ဆုံး စံချိန်သစ် တင်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ် ဂွမြို့ရဲ့ အပူချိန်ဟာလည်း ၄၁ နှစ်အတွင်း အမြင့်ဆုံး စံချိန်တင်ခဲ့ပြီး ၃၄ ဒသမ ၃ ဒီဂရီစင်တီဂရိတ် ရှိခဲ့ကြောင်း ပြောပါတယ်။

ရခိုင်ပြည်နယ်မှာ စက်သုံးဆီပြတ်လပ်လာတဲ့အတွက် လူမှုကူညီရေးအသင်းများ ယာယီရပ်နားထားရပြီး လူမှုကူညီရေးကို မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးနေရကြောင်း သိရပါတယ်။

**Dec 01** ။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)တွေ ထိန်းချုပ်ထားတဲ့ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့ရှိ ကမ္ဘောဇဘဏ်ခွဲက ကျပ် ၃၂ ဘီလီယံကျော်၊ မြန်မာ့ရှေ့ဆောင်ဘဏ်က ၉ ဘီလီယံကျော်၊ ဧရာဝတီဘဏ်က ၂ ဘီလီယံကျော်နီးပါး၊ ကမ္ဘာ့ရတနာဘဏ်က ကျပ်သိန်း ၃,၁၀၀ ကျော်၊ Tun Commercial Bank က ကျပ်သိန်း ၂၈၀၀ ကျော်နဲ့ စုစုပေါင်း ၄၄ ဘီလီယံကျော် သိမ်းဆည်းထားပြီး ဒီသိမ်းဆည်းငွေတွေကို မှတ်တမ်းတင်ကာ အပ်နှံငွေ မဆုံးရှုံးရန် အာမခံပြီး ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအဖြစ် စီမံခန့်ခွဲသွားမယ်လို့ NUG ကြားကာလဗဟိုဘဏ်က ကြေညာပါတယ်။

၁၀၂၇ စစ်ဆင်ရေး ၁ လကျော် ကာလအတွင်း ချင်းရွှေဟော်၊ မုံးကိုး၊ ကွမ်းလုံ၊ ပန်ဆိုင်းနဲ့ ကုန်းကြမ်းစတဲ့ မြို့နယ် ငါးခုအပြင် မြို့တချို့နဲ့ ချိုင်းနား-မြန်မာ နယ်စပ်ဂိတ်တွေဖြစ်တဲ့ ချင်းရွှေဟော်၊ မုံးကိုး၊ ပန်ဆိုင်းနဲ့ ကျင်းစန်းကျော့ဂိတ်တွေကို သိမ်းထားနိုင်ပြီဖြစ်ကြောင်း မြောက်ပိုင်းညီနောင်သုံးဖွဲ့က ၃၅ ရက်ကြာ စစ်ရေးအခြေအနေ သတင်းထုတ်ပါတယ်။

**Nov 30** ။ စစ်ကောင်စီနဲ့ AA ရခိုင်လက်နက်ကိုင် တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေတဲ့ ရခိုင်ပြည်နယ်မှာ လုံခြုံရေးစိုးရိမ်မှုကြောင့် ဝန်ထမ်းတွေ စိုးရိမ်နေကြပြီး ဒေသခံတွေလည်း တိမ်းရှောင်နေကြရတာကြောင့်ပညာရေးလုပ်ငန်းတွေ ရပ်ဆိုင်းနေပါတယ်။

ရခိုင်ပြည်နယ်၊ စစ်တွေမြို့မှာ စက်သုံးဆီတွေ လျော့နည်း ပြတ်လပ်လာပြီး ပြင်ပလက်လီရောင်းချတဲ့ စျေးကွက်မှာ စက်သုံးဆီ(အောက်တိန်း - 92 ) တလီတာကို ကျပ်တသောင်းကျော်ထိ မြင့်တက်သွားတဲ့အပြင် ကုန်စည်စီးဆင်းမှု ရပ်တန့်နေတာ ရက် ၂၀နီးပါး ကြာလာကြောင့် လက်ကျန်ကုန်ပစ္စည်းတွေ ပြတ်လပ်ပြီး အခက်ခဲဖြစ်နေပါတယ်။

**Nov 29** ။ ကိုးကန့် MNDAA တပ်ဖွဲ့ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ကုန်းကြမ်းဒေသက စစ်ကောင်စီတပ်စခန်းအများအပြားကို သိမ်းယူခဲ့ပြီး၊ အုပ်ချုပ်ရေးယန္တရား ပြန်လည်ထူထောင်ဖို့ ပြင်ဆင်နေကြောင်း ပြောပါတယ်။ စစ်ကောင်စီနဲ့ တအာင်း TNLA တပ်ဖွဲ့တွေ နမ့်ခမ်း၊ နောင်ချိုနဲ့ မူဆယ်မြို့နယ်တွေမှာ တိုက်ပွဲဆက်လက် ဖြစ်ပွားနေခဲ့ပါတယ်။

မြန်မာစစ်တပ်ကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေက တိုက်ခိုက်လာတာရဲ့ နောက်ကွယ်မှာ ချိုင်းနားပြည် ပတ်သက်မှု ရှိနေသလားဆိုပြီး မေးခွန်းထုတ်ကြတာကို ချိုင်းနားအစိုးရက ပယ်ချငြင်းဆိုလိုက်ပါတယ်။

**Nov 28** ။ သမ္မတဟောင်း ဦးသိန်းစိန်အစိုးရလက်ထက် ပြန်ကြားရေးဝန်ကြီး တာဝန်ယူခဲ့သူ ဦးရဲထွဋ်ကို စစ်ကောင်စီက ပုဒ်မ ၂ခုနဲ့ ထောင်ဆယ်နှစ် ချမှတ်လိုက်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာ ၂၈ရက်နေ့မှာ စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီးနောက် တပါတ်အတွင်း ပုဒ်မ ၂ခု(စစ်တပ်အပေါ် အကြည်ညိုပျက်စေမှု ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က)နဲ့ ထောင်(၃)နှစ်၊ အစိုးရဝန်ထမ်းတွေအပေါ် ဝတ္တရားနှောင့်ယှက်မှုဖြစ်တဲ့ ရာဇသတ်ကြီး ပုဒ်မ ၁၂၄(ဃ)နဲ့ ထောင်(၇)နှစ်၊ ပေါင်း ၁၀နှစ်ချမှတ်လိုက်တာပါ။

မြန်မာပြည်က အွန်လိုင်းရာဇဝတ်ဂိုဏ်းတွေမှာ လုပ်ကိုင်ဖို့ လူကုန်ကူးခံရသူတွေဟာ ခိုင်းစေတဲ့ ခွဲတမ်းအတိုင်း ပြည့်မီအောင် အလုပ်လုပ်မပေးနိုင်ရင် အဲဒီလူတွေရဲ့ အင်္ဂါအစိတ်အပိုင်းတွေကို အဓမ္မရောင်းချခိုင်းတယ်လို့ ဗီယက်နမ် အခြေစိုက် Blue Dragon လူမှုကူညီရေးအဖွဲ့က ပြောပါတယ်။ မြန်မာပြည်မှာ လည်ပတ်တဲ့ အွန်လိုင်း ငွေလိမ်ဂိုဏ်းတွေမှာ အနည်းဆုံး လူတသိန်းနှစ်သောင်း ရှိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက ပြောပါတယ်။

**Nov 27** ။ မြန်မာပြည် နိုင်ငံရေးအကျဉ်းသားတွေ နေထိုင်မကောင်းတဲ့အခါ ထောင်အာဏာပိုင်တွေက သင့်လျော်လုံလောက်တဲ့ ဆေးမပေး၊ ဆေးကုသခွင့်မရတာ၊ ထောင်ဝင်စာပစ္စည်းမှာ အစားအသောက်ရော ဆေးဝါးပါ ကန့်သတ်ခံရတာတွေကြောင့် စစ်အာဏာသိမ်းထားတဲ့ ၂နှစ်နဲ့ ၉လ အတွင်း ထောင်တွေထဲ အသက်ဆုံးရှုံးခဲ့တဲ့ နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၆၅ ယောက်ရှိပါတယ်။

ကရင်ပြည်နယ်၊ ဒူးပလာယာခရိုင်၊ ကော့ကရိတ်မြို့နယ်မှာ စစ်ကောင်စီဝန်ထမ်းတွေ ထွက်ခွာကြဖို့ ကရင်အမျိုးသားအစည်းအရုံး(KNU)က သတိပေးခဲ့ပြီးနောက် ကေအန်ယူတပ်မဟာ(၆)ထိမ်းချုပ်ရာ ဒူးပလာယာခရိုင် ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူ၊ ဝေါလေ၊ စုကလိ၊ ကျုံဒိုး ဒေသများနဲ့တပ်မဟာ(၅)ထိမ်းချုပ်ရာ ဖာပွန်ခရိုင်တွေမှာ စစ်ကောင်စီအရပ်ဖက် အုပ်ချုပ်ရေးဌာနနဲ့ လက်အောက်ခံဌာနဆိုင်ရာ ရုံးလုပ်ငန်းများ လည်ပတ်မှုတွေ ရပ်ဆိုင်းသလောက်ဖြစ်နေပါတယ်။

**Nov 26** ။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ နိုင်ငံခြားသားတွေအပါအဝင် အရပ်သားပြည်သူတွေ အိုးအိမ်စွန့်ခွာထွက်ပြေးနေရတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ တိုးလာတဲ့အပေါ် အထူးစိုးရိမ်ကြောင်းနဲ့ တိုက်ပွဲတွေကြား ပိတ်မိနေတဲ့ နိုင်ငံခြားသားတွေ ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်အောင် လုပ်ဆောင်ပေးဖို့ အရှေ့တောင် အာရှနိုင်ငံများအဖွဲ့ အာဆီယံက တိုက်တွန်းစကား ပြောပါတယ်။

အမျိုးသားညီညွတ်ရေးအစိုးရ(NUG) အပါအဝင် မြန်မာ့အရေးမှာ အဓိက ပါဝင်ပတ်သက်နေသူတွေနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေကို ကမကထလုပ် ကျင်းပခဲ့တဲ့အကြောင်း အင်ဒိုနီးရှားနိုင်ငံက ထုတ်ပြန်လိုက်တာနဲ့ ပတ်သက်ပြီး NUG အနေနဲ့ စစ်ကောင်စီနဲ့ ပတ်သက်သူတွေနဲ့ တွေ့ဆုံဆက်ဆံတာ လုံးဝမရှိကြောင်း တုံ့ပြန်လိုက်ပါတယ်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု အပြည့်အဝကျင့်သုံးနိုင်တဲ့ အခြေအနေ အာမခံချက်မရှိဘဲ ဘယ်လို ဆွေးနွေးမှုကိုမှ ပြုလုပ်ရန် အလျဉ်းမရှိဘူးဆိုတာလည်း အသိပေးပါတယ်။

**Nov 25** ။ NUG နွေဦးဖွံ့ဖြိုးရေးဘဏ် SDB ရဲ့ အစုရှယ်ယာ စတင်ထုတ်ရောင်းတဲ့ တပတ်အတွင်း US ဒေါ်လာ (၇)သန်းနီးပါး ရရှိခဲ့တာဟာ ပြည်တွင်း၊ ပြည်ပက မြန်မာပြည်သူတွေရဲ့စစ်အာဏာရှင်စနစ်ဆန့်ကျင်မှု ဘယ်လောက် အတိုင်းအတာကြီးမားသလဲဆိုတာ ပြသလိုက်တာဖြစ်ကြောင်း SDB အမှုဆောင်ညွှန်ကြားရေးမှူး ဦးကယ်လ်ဗင်က ပြောပါတယ်။

**Nov 24** ။ မြန်မာပြည်မှာ စစ်တပ်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကြား ပြင်းထန်နေတဲ့ တိုက်ပွဲတွေဟာ လူဦးရေထူထပ်တဲ့ မြို့ပြနေရာတွေအထိ ကျယ်ပြန့်နေပြီး ၂၀၂၁၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အကြီးကျယ်ဆုံးနဲ့ အကျယ်ပြန့်ဆုံး တိုက်ပွဲတွေဖြစ်ကြောင်း ကုလသမဂ္ဂက ပြောပါတယ်။ အိုးအိမ်စွန့်ထွက်ပြေးနေရတဲ့ ပြည်တွင်းဒုက္ခသည် စုစုပေါင်း ၂ သန်းကျော်ရှိတဲ့ မြန်မာပြည်ကို လိုအပ်တဲ့ အကူအညီတွေပေးနိုင်ဖို့ ရန်ပုံငွေအရေးပေါ်လိုအပ်နေကြောင်းလည်း ပြောပါတယ်။

မြန်မာပြည်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ ဒေသတွင်းမတည်ငြိမ်မှုတွေကြောင့် စီစဉ်ထားပြီးပြည်တွင်း ခရီးစဉ်တွေကို ဖျက်သိမ်းတာတွေဆောင်ရွက်လာရကြောင်း အခုနှစ်မှာ မြန်မာပြည်ကို ခရီးသွားဧည့်သည် တိုးတက်ဝင်ရောက်လာခဲ့ပေမဲ့ ကိုဗစ်ကပ်ရောဂါနဲ့ စစ်အာဏာမသိမ်းခင် ၂၀၁၉ က ဝင်ရောက်ခဲ့တဲ့ ခရီးသွားဧည့်သည် ၄ ဒသမ ၃ သန်းဝန်းကျင်နဲ့ နှိုင်းယှဉ်ရင် ၉၀ ٪ ဝန်းကျင်လောက် လျော့နေပါတယ်။

## အရောင်းရဆုံး မှတ်တမ်း

တလအတွင်းထူးခြားသတင်းကို မူရင်းအာဘော်အတိုင်း Fair use ဖေါ်ပြခြင်းဖြစ်သည်။

**With the Supreme Court on sideline for now, Trump's lawyers press immunity claims before lower court**
**Dec24 | www.tinyurl.com/yzjua5ye**
WASHINGTON (AP) — Donald Trump was acting within his role as president when he pressed claims about "alleged fraud and irregularity" in the 2020 election, his lawyers told a federal appeals court in arguing that he is immune from prosecution.

**Colon cancer is rising in young Americans. It's not clear why.**
**Dec 21, | www.tinyurl.com/2shp-m72v**
Colorectal cancer is one of the drivers of this trend. In the past three decades, incidence of the disease has risen significantly among people younger than 50, many of whom have no obvious risk factors, such as having a genetic predisposition. No one knows why.

**Japan-ASEAN summit aims to advance 'security cooperation'**
**Dec 16 | www.tinyurl.com/2zhumd-nt**
Southeast Asian and Japanese leaders on Saturday will commit to strengthening "maritime security cooperation," according to a draft statement, at a summit in Tokyo focused on boosting economic ties but also guarding against China's growing regional assertiveness.

**Hungary blocks $54bn EU financial aid for Ukraine**
**Dec 15 | www.tinyurl.com/2p956ncc**
Hungarian Prime Minister Viktor Orban has blocked 50 billion euros ($54bn) in European Union aid for Ukraine, hours after the group agreed to formally open membership talks with Kyiv.

**US Congress passes bill allowing sale of Aukus nuclear submarines to Australia**
**Dec 14 | www.tinyurl.com/3xy33b9j**
The US Congress has passed legislation allowing the country to sell Virginia class submarines to Australia under the Aukus security pact.
Sweeping legislation covering a wide range of military priorities including Aukus passed the US House of Representatives on Thursday Washington time, a day after it cleared the Senate.

**Despite COP28 deal on fossil fuels, 1.5C goal likely out of reach**
**Dec 14 | www.tinyurl.com/5y4skykb**
DUBAI, Dec 14 (Reuters) - A deal for the world to transition away from fossil fuels was hailed as a historic achievement on Wednesday at the U.N. climate summit in Dubai, but there's a good chance it won't achieve its ultimate goal - holding global warming to 1.5 degrees Celsius.
For months, COP28 President Sultan al-Jaber had described that 1.5C limit - first stated in the 2015 Paris Agreement - as his "North Star" or guiding principle for the summit.

**Myanmar overtakes Afghanistan as the world's biggest opium producer, U.N. says**
**Dec 12 | www.tinyurl.com/y2u9nsza**
Myanmar became the world's biggest producer of opium in 2023, overtaking Afghanistan after the Taliban government's crackdown on the trade, according to a United Nations report released on Tuesday.
Myanmar produced an estimated 1,190 tons of opium — essential for producing heroin — this year, according to the latest report by the United Nations Office for Drugs and Crime (UNODC).

**UN Seeking $46 Billion for More Than 180 Million of World's Neediest**
**Dec 11 | www.tinyurl.com/mwk-5fa8n**
GENEVA — The United Nations is appealing for $46.4 billion to provide life-saving assistance to more than 180 million of the world's neediest people in 72 countries next year. The appeal comes as donor fatigue sets in amid the proliferation of natural and manmade disasters.

**Putin announces his candidacy for Russia's presidential election in 2024**
**Dec 8 | www.tinyurl.com/3ey8zx86**
Vladimir Putin on Friday moved to prolong his repressive and unyielding grip on Russia for at least another six years, announcing his candidacy in the presidential election next March that he is all but certain to win.

**Taiwan official: Chinese leaders met to hash out interference plans targeting island's presidential election**
**Dec 8 | www.tinyurl.com/byvuywyz**
Beijing has ramped up its push to interfere in next month's Taiwan presidential election, with a top Chinese leader urging officials to be more effective and discreet in their work at a recent high-level meeting, according to a senior Taiwanese security official.

**INTERPOL operation reveals further insights into 'globalization' of cyber scam centres**
**Dec 8 | www.tinyurl.com/tbkhj76d**
The cyber scam cases uncovered during the operation demonstrate this expanding geographical footprint.
During the pre-operational phase, INTERPOL supported national authorities for a case in which 40 Malaysian victims were lured to Peru with the promise of a high-paying job, only to be forced to commit telecommunications fraud.
In October, reports were received from Ugandan law enforcement of several citizens taken to Dubai – allegedly for employment – before being diverted to Thailand and then Myanmar.

**New Delhi investigating alleged illegal transplants at Apollo hospital in city**
**Dec 6 | www.tinyurl.com/4eyer4dk**
The New Delhi city government is investigating an Apollo hospital, part of India's largest private hospital chain, after a media report linked it to the illegal sale by Myanmar nationals of their kidneys for organ transplants.

**India Stock Value Tops $4 Trillion, Narrowing Gap With Hong Kong**
**Dec 5 | www.tinyurl.com/558ah6pz**
India added $1 trillion in market cap in less than three years
Key benchmarks are set for eighth-straight year of advances

**China Holds Military Drills Along Violence-hit Myanmar Border**
**Nov 25 | www.tinyurl.com/53teux7p**
China began military exercises along its border with Myanmar on Saturday and urged its citizens to leave the north of that country, which has been beset by fighting since last month.
Clashes have intensified in large areas of Myanmar's northern Shan state, close to the Chinese border, forcing more than 80,000 people to leave their homes, according to the United Nations.

**China's respiratory illness surge not as high as pre-pandemic - WHO official**
**Nov 27 | www.tinyurl.com/4avxfzny**
SHANGHAI, Nov 27 (Reuters) - The spike in respiratory illnesses that China is currently suffering is not as high as before the COVID-19 pandemic, a World Health Organisation official said, reiterating that no new or unusual pathogens had been found in the recent cases.

**Thailand wants to build a brand new shipping route. Why isn't China buying?**
**27 Nov | www.tinyurl.com/74rjvejy**
The Land Bridge project, a proposed route for shipping that could bypass the Malacca Strait, is being shopped by the Thai government as it seeks financing
If built, the bridge could reshape the economy of Southeast Asia – but China has not shown a willingness to put up the cash.

# ကမ္ဘာ့သတင်းဒိုင်ယာရီ

မင်းလက် စုဆောင်းတင်ပြသည်

**Dec 23** ။ ချိုင်းနားနိုင်ငံ ရှန်ဟိုင်းမြို့တွင် Tesla Inc. ၏ စက်ရုံသစ်စီမံကိန်းကြီးကို တရားဝင် စတင်ပြီဖြစ်ကြောင်းနှင့် ယင်းစက်ရုံက တနှစ်လျှင် Megapack အခုရေ ၁၀,၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိကြောင်း ကုမ္ပဏီက ကြေညာခဲ့ပါတယ်။

အမေရိကနိုင်ငံခြားရေးဌာန ၂၀၂၂ ခုနှစ် နိုင်ငံအလိုက်အကြမ်းဖက်မှုအစီရင်ခံစာရဲ့ ပူးတွဲအစီရင်ခံစာမှာ မြန်မာနိုင်ငံတွင်း အကြမ်းဖက်မှု ၅၀ရာခိုင်နှုန်းကျော်ကို PDF ပြည်သူ့ကာကွယ်ရေးတပ်တွေက ကျူးလွန်တယ်လို့ ဖော်ပြခဲ့တာကြောင့် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားတဲ့အဖွဲ့အစည်းတွေ ကန့်ကွက်ဝေဖန်ခဲ့ပြီးနောက် အစီရင်ခံစာပူးတွဲဖော်ပြချက်ပါ မြန်မာအကြောင်းဖော်ပြချက်တွေကို ပြန်ဖြုတ်ချခဲ့ပါတယ်။

**Dec 22** ။ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်ပြီး ထိုင်းအစိုးရအနေနဲ့ ပိုတက်တက်ကြွကြွ ဆောင်ရွက်ဖို့ထိုင်းအောက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီက အဆိုပြုလိုက်ပါတယ်။

မြန်မာနိုင်ငံတွင်း ပဋိပက္ခတွေကြားထဲ အမျိုးသမီးတွေ၊ မိန်းကလေးငယ်တွေဟာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရနိုင်ခြေ များလာပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုရပိုင်ခွင့်တွေ ဆုံးရှုံးလာတယ်လို့ UNFPA ကုလသမဂ္ဂ လူဦးရေ ရံပုံငွေအဖွဲ့က ထုတ်ပြန်ပါတယ်။

**Dec 21** ။ ဇန်နဝါရီ ၇ ရက်မှာကျင်းပမယ့် ဘင်္ဂလားဒေ့ရှ် အထွေထွေရွေးကောက်ပွဲကို အတိုက်အခံဘက်က ကန့်ကွက်ဆန့်ကျင်မှုတွေကြားမှာပဲ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာဟာ သူ့ရဲ့အာဏာရ အဝါမီလိဂ် ပါတီ မဲဆွယ်စည်းရုံးပွဲတွေကို တရားဝင် စတင်လိုက်ပါတယ်။

ဂါဇာကမ်းမြောင်ဒေသတွင် အောက်တိုဘာ ၇ ရက်မှစ၍ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ၂၀,၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ဟားမားစ်အဖွဲ့မီဒီယာရုံးက ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ပါတယ်။

ဆူဒန်နိုင်ငံ အရှေ့တောင်ပိုင်းမှာ တိုက်ပွဲတွေ ပိုပြီးဖြစ်လာနေတာကြောင့် လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့တွေဟာ သူတို့ရဲ့လုပ်ငန်းစဉ်တွေကို တချို့နေရာတွေမှာ ယာယီရပ်ဆိုင်းလိုက်ရပါတယ်။ အကြမ်းဖက်တိုက်ခိုက်မှုတွေ မြင့်တက်လာနေတာကြောင့် ကလေးတွေ သန်းနဲ့ချီပြီး အန္တရာယ်တွေနဲ့ရင်ဆိုင်နေရတဲ့အပေါ် စိုးရိမ်ကြောင့် ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ UNICEF ပြောပါတယ်။

**Dec 20** ။ စီးပွားကျဆင်းမှုတွေနဲ့ မနှစ်က ရင်ဆိုင်ခဲ့ရပြီး ဒေဝါလီခံထားရတဲ့ သီရိလင်္ကာနိုင်ငံအတွက် ဒေါ်လာ သန်း ၂၅၀ ထောက်ပံ့ပေးလိုက်တယ်လို့ ကမ္ဘာ့ဘဏ်က ဒီကနေ့ ဒီဇင်ဘာ ၂၀ ရက်နေ့မှာ သတင်းထုတ်ပြန်ပါတယ်။

**Dec 19** ။ နိုင်ငံရေးကွဲပြားမှုများကြောင့် ၁၀ နှစ်ကြာ ဆိုင်းငံ့ထားရသည့် အီရတ်နိုင်ငံ၏ ပြည်နယ်ရွေးကောက်ပွဲများကို ပြည်နယ် ၁၈ ခုအနက် ၁၅ ခု၌ ၁၈ ရက်က ကျင်းပပါတယ်။

**Dec 18** ။ အာရှတိုက်အတွင်း ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အထွက်နည်းနဲ့ စွမ်းအင်တွေအသုံးချပြီး ကာဗွန်ဓာတ်ငွေ့ ကင်းစင်တဲ့ဒေသဖြစ်လာအောင် ဂျပန်နိုင်ငံက ဦးဆောင်သွားမယ်လို့ ဝန်ကြီးချုပ် Fumio Kishida က ပြောပါတယ်။

မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ စစ်ရေး မတည်ငြိမ်မှုတွေနဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အနေနဲ့ ကူညီဖို့ အသင့်ရှိသင့်တယ်လို့ ဖိလစ်ပိုင်သမ္မတ Ferdinand Marcos, Jr. က ပြောပါတယ်။

**Dec 17** ။ ရုရှားက ယူကရိန်းကို စတင်ကျူးကျော်တိုက်ခိုက်ခဲ့တဲ့ ၂ နှစ် နီးပါးကြာကာလအတွင်း ရုရှားဘက်က တပ်ဖွဲ့ဝင် ၃ သိန်းခွဲလောက် သေဆုံးခဲ့တယ်လို့ The Kyiv Independent သတင်းစာက ဒီနေ့မှာ ပြောလိုက်ပါတယ်။

ပင်လယ်ရေကြောင်းဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်လုပ်ဆောင်သွားဖို့ ဂျပန်နဲ့ အာဆီယံနိုင်ငံခေါင်းဆောင်တွေ ဒီနေ့မှာ သဘောတူလိုက်ကြပါတယ်။

ဂျပန်နဲ့ မလေးရှားနှစ်နိုင်ငံအကြားပင်လယ်ရေကြောင်းလုံခြုံရေးဆိုင်ရာအကူအညီပေးရေး သဘောတူညီချက်ကို စနေနေ့ကလက်မှတ်ရေးထိုးခဲ့ပြီး၊ ဂျပန်ကနေကနဦးအကူအညီအဖြစ် ယန်း သန်း ၄၀၀၊ အမေရိကဒေါ်လာ ၂.၈ သန်း တန်ဖိုးရှိတဲ့ အထောက်အကူပြုပစ္စည်းတွေပေးအပ်ဖို့လည်းပါဝင်ပါတယ်။

**Dec 16** ။ နိုင်ငံခြားကြွေးမြီတွေပိုပြီး အကြွေးပြန်မဆပ်နိုင်တဲ့ အခြေအနေ မနှစ်က ရင်ဆိုင်ခဲ့ရတဲ့ သီရိလင်္ကာနိုင်ငံမှာ ဒီနှစ် တတိယလေးလပတ်မှာ ပထမဆုံးအကြိမ် စီးပွားရေး တိုးတက်ခဲ့တယ်လို့ သီရိလင်္ကာ ဗဟိုဘဏ်က ဒီကနေ့ ပြောပါတယ်။

မြန်မာ အာဏာသိမ်း စစ်ခေါင်းဆောင်နဲ့ နီးစပ်သူလို့ သတင်းထွက်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းရှင် ဦးထွန်းမင်းလတ် အပေါ် ထိုင်းအာဏာပိုင်တွေက စွဲချက်တင်ထားတဲ့ အမှုတွေနဲ့ ဆက်စပ်ပြီး ထိုင်းဆီးနိတ် လွှတ်တော်အမတ်တဦးကိုလည်း စွဲချက်တင်လိုက်ကြောင်း ထိုင်းရှေ့နေချုပ်ရုံးက သောကြာနေ့က ကြေညာချက်ထုတ်ပြန်ပါတယ်။

**Dec 15** ။ ဂါဇာမှာဖြစ်နေတဲ့ စစ်ပွဲတွေဟာ ထောက်လှမ်းရေးသတင်း အချက်အလက်အပြည့်အစုံနဲ့ ဟာမားစ်ခေါင်းဆောင်တွေကိုပဲ ပစ်မှတ်ထားတိုက်ခိုက်တဲ့ စစ်ပွဲအသွင်သစ်ကို ပြောင်းလဲသွားလိမ့်မယ်လို့ အစ္စရေးနိုင်ငံမှာ ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း အမေရိက အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က ပြောကြားလိုက်ပါတယ်။

မြန်မာနိုင်ငံမြောက်ပိုင်း ရှမ်းပြည်နယ် ကိုးကန့်ဒေသ တိုက်ပွဲတွေကြား ပိတ်မိနေတဲ့ ထိုင်းနိုင်ငံသား ၁၁၁ ယောက်ကို ဒီဇင်ဘာလ ၁၅ ရက်နေ့ မနက်မှာ မြန်မာအာဏာပိုင်တွေက တာချီလိတ် မဲဆိုင် နယ်စပ်တံတားကနေ ထိုင်းနိုင်ငံဘက်ကို ပြန်ပို့ခဲ့ပါတယ်။

**Dec 14** ။ ယူကရိန်းမှာ နာဇီဝါဒ၊ စစ်ဝါဒ ကင်းရှင်းပြီး ကြားနေရပ်တည်တဲ့နိုင်ငံဖြစ်ရမယ်ဆိုတဲ့ ရုရှားတို့ရဲ့ ရည်မှန်းချက် ပြည့်မှ ငြိမ်းချမ်းရေးရမှာဖြစ်တယ်လို့ ရုရှားသမ္မတပူတင် ပြောပါတယ်။

ဂျပန်နိုင်ငံမှာ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၄ ဦးဟာ အာဏာရပါတီထဲက အင်အားကြီးတဲ့ အစုအဖွဲ့ ပါဝင်နေတဲ့ ရန်ပုံငွေရှာဖွေမှုဆိုင်ရာ အရှုပ်တော်ပုံတစ်ခုကြောင့် ရာထူးကနေ နုတ်ထွက်သွားကြပါတယ်။

ကမ္ဘာတဝန်းမှာ ၂၀၂၃ ခုနှစ်အတွင်း သတင်း အလုပ်လုပ်ရင်း အသတ်ခံရတဲ့ သတင်းထောက်အရေအတွက်ဟာ ဒီဇင်ဘာ ၁ ရက်နေ့အထိ ၄၅ ယောက် ရှိတယ်လို့ နယ်စည်းမထားဆရာဝန်များအဖွဲ့ RSF ကပြောကြားလိုက်ပါတယ်။

ရုရှားက ယူကရိန်းကိုကျူးကျော်တိုက်ခိုက်နေစဉ်မှာပဲ ၂၀၂၃ ခုနှစ်မှာ နေတိုးစစ်မဟာမိတ်အဖွဲ့က ဖင်လန်နိုင်ငံကို ၃၁ နိုင်ငံမြောက်အဖွဲ့ဝင်အဖြစ် လက်ခံကြိုဆိုခဲ့ပါတယ်။ ဆွီဒင်နိုင်ငံကတော့လျှောက်ထားဆဲဖြစ်ပြီး ယူကရိန်းအဖွဲ့ဝင်ဖြစ်ဖို့ကတော့ အခက်အခဲတွေဆက်လက်ရင်ဆိုင်နေရဦးမှာဖြစ်ပါတယ်။

**Dec 13** ။ ရုရှားနိုင်ငံက ပစ်လွှတ်လိုက်တဲ့ ပဲ့ထိန်းဒုံးကျည် ၁၀ စင်းလုံးကို နိုင်ငံရဲ့ လေကြောင်းရန် ကာကွယ်ရေးအဖွဲ့က ပစ်ချခဲ့တယ်လို့ ယူကရိန်းလေတပ်က ပြောပါတယ်။ ပစ်ချခံရတဲ့ ဒုံးကျည်တွေရဲ့ အပျက်အစီးတွေ ပြုတ်ကျခဲ့တဲ့အတွက် ကလေးဆေးရုံနဲ့ မြို့ရဲ့ ရေပေးဝေရေးစနစ် ပျက်စီးခဲ့တယ်လို့ Kyiv မြို့တော်ဝန် က ပြောပါတယ်။

BSE India (ဘုံဘေစတော့အိတ်ချိန်းအိန္ဒိယ) ၏ စုစုပေါင်းဈေးကွက် မတည်ငွေသည် အမေရိကဒေါ်လာ ၄ ထရီလီယံ ကျော်သွားပြီး ဂျီဒီပီကလည်း ဒေါ်လာ ၄ ထရီလီယံ နှုန်းထား ပတ်လည်တွင် ရှိနေပါတယ်။

မြန်မာနှင့် နယ်စပ်အနီးတွင် ထိုင်းအာဏာပိုင်များက မက်သာဖီတမင်းဆေးပြား သန်း ၅၀ ကို ဖမ်းဆီးရမိပြီး ယင်းသည် အာရှ၌ ဒုတိယအများဆုံး ဖမ်းဆီးရမိမှု ဖြစ်ပါတယ်။

**Dec 12** ။ အမေရိကရဲ့ ဩဇာလွှမ်းမိုးမှုကို တန်ပြန်ဖို့ ကြိုးပမ်းမှု တခုအဖြစ် ချိုင်းနားသမ္မတရှီကျင့်ပင်ဟာ ၆ နှစ်အတွင်း ၂ ရက်ကြာ ဗီယက်နမ် ခရီးစဉ်ကိုစတင်ပါတယ်။

**Dec 11** ။ အစ္စရေးတပ်ဖွဲ့တွေနဲ့ဟာမားစ်တွေကြား ဂါဇာကမ်းမြှောင်တောင်ပိုင်းက Khan Younis မြို့တွင်းနဲ့ အနီးတဝိုက်မှာ တိုက်ပွဲ အပြင်းအထန် ဖြစ်ပွားနေသလို၊ မြောက်ပိုင်း Gaza City မှာလည်း တိုက်ပွဲတွေ ဆက်ဖြစ်နေပါတယ်။

အိန္ဒိယ ထိန်းချုပ်ထားတဲ့ ကက်ရှ်မီးယားဒေသကို တစိတ်တပိုင်း ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်ပေး ပြီးအထူးအဆင့်အတန်းပေးတာကို ပယ်ဖျက်တဲ့ အိန္ဒိယအစိုးရရဲ့ လွန်ခဲ့တဲ့ ၄ နှစ်က ဆုံးဖြတ်ချက်ကို အိန္ဒိယ တရားရုံးချုပ်က အတည်ပြုခဲ့ပါတယ်။

**Dec 10** ။ ဂါဇာဒေသမှာ အစ္စရေးရဲ့ အပြင်းအထန် တိုက်ခိုက်မှုကြောင့် အမျိုးသမီးနဲ့ ကလေးအများစု အပါအဝင် သေဆုံးသူ ၁၈,၀၀၀ နီးပါး ရှိနေပြီလို့ ဟာမားစ်အဖွဲ့ရဲ့ ကျန်းမာရေးဝန်ကြီးဌာနက ပြောလိုက်ပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီရဲ့ ပျက်ကွက်မှုကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ ပြဿနာတွေကို မဖြေရှင်းနိုင်ပဲ ဖြစ်နေရတယ်လို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သတိပေးလိုက်ပါတယ်။

ရုရှားက လာမယ့် သမ္မတရွေးကောက်ပွဲမှာ ယူကရိန်းထံက သိမ်းပိုက်ထားတဲ့ နယ်မြေတွေကိုပါ ထည့်သွင်းပြုလုပ်မယ့်အစီ စဉ်ကို ယူကရိန်းအစိုးရက စနေနေ့မှာ အပြင်းအထန် ကန့်ကွက်ရှုံချလိုက်ပါတယ်။ ဒီရွေးကောက်ပွဲကို ကြီးကြပ်ဖို့ နိုင်ငံတကာ လေ့လာသူတွေ စေလွှတ်မယ်ဆိုရင်လည်း ရာဇဝတ်မှုမြောက်လိမ့်မယ်လို့ ယူကရိန်းက ပြောပါတယ်။

**Dec 9** ။ အစ္စရေးနဲ့ ပါလက်စတိုင်း ဟာမားစ် စစ်သွေးကြွအဖွဲ့တို့ တိုက်ပွဲတွေ ချက်ချင်းရပ်ဖို့အဆိုပြုတဲ့ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်မူကြမ်းကို အမြဲတမ်းအဖွဲ့ဝင် အမေရိကပြည်ထောင်စုက ဗီတိုအာဏာသုံး ပယ်ချလိုက်ပါတယ်။

အရှေ့တောင်အာရှ၌ လျှပ်စစ်ကား ထုတ်လုပ်သည့် အချက်အချာအဖြစ် ထိုင်းနိုင်ငံက ထွက်ပေါ်လာနိုင်ခြေရှိသော ဖြစ်စဉ်အဖြစ် ပြီးခဲ့သည့် သီတင်းပတ်က လျှပ်စစ်ကား ထုတ်လုပ်ရေး Tesla ကုမ္ပဏီ၏ အမှုဆောင်များ၏ ဖြစ်နိုင်ခြေရှိသော စက်ရုံနေရာ ရှာဖွေရေး၌ ဝန်ကြီးချုပ် ဆရတ်သာ သာဗီဆင်းက ကိုယ်တိုင်ကိုယ်ကျ လိုက်ပါခဲ့ပါတယ်။

ဘင်္ဂလားဒေ့ရှ်ရဲ့ အကြီးဆုံး အတိုက်အခံပါတီဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ် အမျိုးသားရေးပါတီ (BNP) က ရှေ့လမှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကို သပိတ်မှောက်ဖို့ ဆုံးဖြတ်ခဲ့ပြီး "အတုအယောင် မဲပေးပွဲ" မှာ မပါဝင်နိုင်ဘူးလို့ ကြေညာခဲ့တဲ့အတွက် ရွေးကောက်ပွဲရဲ့ လွတ်လပ်တရားမျှတမှု အတွက် စိုးရိမ်မှု ရှိကြောင်း လေ့လာသုံးသပ်သူတွေက ထုတ်ဖော်ပြောဆိုကြပါတယ်။

**Dec 8** ။ အွန်လိုင်းငွေလိမ်ဂိုဏ်းတွေမှာ အလုပ်လုပ်ဖို့ လူတွေကို လိမ်ညာကုန်ကူးနေတဲ့ ပြဿနာဟာ အရှေ့တောင်အာရှမှာတင် မဟုတ်တော့ဘဲ တကမ္ဘာလုံးမှာ ပျံ့နှံ့နေပြီလို့ ရာဇဝတ်မှုတိုက်ဖျက်ရေး နိုင်ငံတကာရဲတပ်ဖွဲ့ INTERPOL က ပြောကြားလိုက်ပါတယ်။

ဒုတိယအကြိမ်မြောက် လာအို-ချိုင်းနား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ရပ်ဝန်းနှင့် ပိုးလမ်းမဖိုရမ်ကို ဒီဇင်ဘာ ၇ ရက်တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပခဲ့ပြီး ချိုင်းနား-လာအို စီးပွားရေးစင်္ကြံရှိ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး သဘောတူစာချုပ်များစွာ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရပါတယ်။

ဗြိတိန်နိုင်ငံက ဒီဇင်ဘာ၈ ရက်နေ့ ချမှတ်တဲ့ လူပုဂ္ဂိုလ်နဲ့ အဖွဲ့အစည်းတွေပေါ် ပိတ်ဆို့ ကန့်သတ် အရေးယူမှုတွေထဲ ရွှေကုက္ကို မြို့သစ် စီမံကိန်းနယ်မြေကို ထိန်းချုပ်ထားတဲ့ စစ်တပ်လက်အောက်ခံ နယ်ခြားစောင့်တပ် အဖွဲ့ရဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး စောချစ်သူနဲ့ ချိုင်းနားအမည် ရှီကျီကျန်း She Zhijang နဲ့ စောမင်းမင်းဦးတို့ ပါဝင်ပါတယ်။

ချိုင်းနားနိုင်ငံခြားရေးဝန်ကြီး Wang Yi နဲ့ ဒီဇင်ဘာ ၆ ရက်၊ ဗုဒ္ဓဟူးနေ့ကတွေ့ဆုံရာမှာ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေက မြန်မာနိုင်ငံထဲ စိန်ခေါ်မှုတွေရင်ဆိုင်နေရချိန် ချိုင်းနားနိုင်ငံရဲ့ အကူအညီဆက်ရပြီး ပြည်တွင်းတည်ငြိမ်အေးချမ်းရေး ဖော်ဆောင်ဖို့ မျှော်လင့်ကြောင်း ပြောခဲ့ပါတယ်။

**Dec 7** ။ EU ဥရောပသမဂ္ဂနဲ့ ချိုင်းနားနိုင်ငံကြား ကုန်သွယ်ရေး မမျှတမှုဖြစ်နေတဲ့ကိစ္စကနေ၊ ယူကရိန်းစစ်ပွဲနဲ့ အရှေ့အလယ်ပိုင်းဒေသ ပြဿနာတွေကို ၂ ဘက် ခေါင်းဆောင်တွေ ဘေဂျင်းမြို့တော်မှာ ဒီနေ့ ဆွေးနွေးခဲ့ကြပါတယ်။

**Dec 6** ။ ၂၀၂၃ ခုနှစ်အတွက် "2023 Person of the Year " အဖြစ် ကမ္ဘာ့ဂီတစင်မြင့်မှာ အအောင်မြင်ဆုံးဖြစ်နေတဲ့ အမေရိက ပေါ့ပ်အဆိုတော် တေလာဆွိဖ် Taylor Swift ကို Time တိုင်းမ် မဂ္ဂဇင်းက ရွေးချယ်လိုက်ပါတယ်။

ထိုင်းနိုင်ငံ ဆမွတ်ပရာကန်ခရိုင် ဘဏ္ဍာအခွန်ဌာနမှ အစိုးရအရာရှိလေးဦး၏ ဘဏ်အကောင့်များတွင် ဘတ် နှစ်ဘီလီယံကျော် (ဒေါ်လာ ၅၇ သန်း) ရှိနေသည်ကို အာဏာပိုင်များက စစ်ဆေးတွေ့ရှိပြီးနောက် အဆိုပါ အရာရှိလေးဦးကို အလုပ်မှ ထုတ်ပယ်လိုက်ပါတယ်။

**Dec 5** ။ ထိုင်းမြန်မာနယ်စပ် မဲဆောက်မြို့မှာ ဒီဇင်ဘာလ ၃ ရက်က ဗီယက်နမ် နိုင်ငံသား၂၀ ကျော်ကို တိုက်ခန်းတွေမှာ မဲဆောက်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီး ကရင်ပြည်နယ် မြဝတီမြို့နယ်ထဲက ရွှေကုက္ကိုလောင်းကစားမြို့တော်ကနေ လာကြသူတွေလို့ယူဆနေပြီး ထိုင်းအာဏာပိုင်တွေက စစ်ဆေးနေပါတယ်။

**Dec 4** ။ တာချီလိတ်မြို့အဝင်နားမှက '၀' ပြင်ပဆက်ဆံရေးရုံးစိုက်ရာ အနီးပတ်ဝန်းကျင်မှာရှိတဲ့ အွန်လိုင်းငွေလိမ်ဂိုဏ်းတွေကို ဒီရက်ပိုင်းထဲမှာ ဆက်တိုက်ဖမ်းဆီးနေပြီး ဒီလိုဖမ်းဆီးတာမှာ ချိုင်းနားရဲတွေကိုယ်တိုင် ဝင်ရောက်ဖမ်းဆီးနေကြောင်း ဒေသခံ အနီးပတ်ဝန်းကျင်မှာနေထိုင်တဲ့ တာချီလိတ်ဒေသခံတဦးက ဗွီအိုအေကို ပြောပါတယ်။

**Dec 3** ။ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှာ အင်အား ၇.၆ ရှိတဲ့ ငလျင်လှုပ်ခဲ့ရာက အနည်းဆုံး ၂ ဦး သေဆုံးပြီး အများအပြား ဒဏ်ရာရခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ ဆူမာတြားကျွန်းမှာ မိုးကြီးရေလျှံမှုတွေကြောင့် အနည်းဆုံး လူ ၁၂ ဦး ပျောက်ဆုံးနေတယ်လို့ အာဏာပိုင်တွေက ပြောပါတယ်။

**Dec 2** ။ ရာသီဥတုပြောင်းလဲ ဖောက်ပြန်မှုတိုက်ဖျက်ရေး ရန်ပုံငွေထဲကို အမေရိကပြည်ထောင်စုက ဒေါ်လာ ၃ ဘီလီယံ ထည့်ဝင်သွားမယ်လို့ အမေရိက ဒုသမ္မတ Kamala Harris က UAE အာရပ်စော်ဘွားများပြည်ထောင်စု Dubai မြို့မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂရဲ့ ရာသီဥတုဆိုင်ရာညီလာခံ COP28 မှာ ကတိပြုလိုက်ပါတယ်။

SpaceX အာကာသကုမ္ပဏီရဲ့ Rocket ဒုံးနဲ့ တောင်ကိုရီးယားနိုင်ငံလုပ် ပထမဆုံး စစ်ထောက်လှမ်းရေး ဂြိုလ်တုကို အမေရိက California ပြည်နယ်မှာရှိတဲ့ Vandenberg အာကာသစခန်းကနေ လွှတ်တင်ခဲ့ပါတယ်။

အမေရိကကာကွယ်ရေးဝန်ကြီး လွိုဒ်အော်စတင်ဟာ ဩစတြေးလျနဲ့ ဗြိတိန်နိုင်ငံတွေက ကာကွယ်ရေးဝန်ကြီးတွေနဲ့ သောကြာနေ့မှာ တွေ့ဆုံပြီး ချိုင်းနားနိုင်ငံရဲ့ ကြီးထွားလာနေတဲ့စစ်ရေးအင်အားကို တန်ပြန်ဖို့ ရည်ရွယ်တဲ့ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတွေနဲ့ အခြားအဆင့်မြင့်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြပါတယ်။

**Dec 1** ။ ဥတုရာသီပြောင်းလဲ ဖောက်ပြန်တဲ့ ဆိုးကျိုးဂယက်တွေကို ကမ္ဘာတဝန်း သူကိုယ်တိုင် မြင်တွေ့နေရတယ်လို့ UAE အာရပ်စော်ဘွားများပြည်ထောင်စု Dubai မြို့မှာ ကျင်းပနေတဲ့ ကုလသမဂ္ဂရဲ့ ရာသီဥတုဆိုင်ရာညီလာခံ COP28 မှာ Charles ဘုရင်က ပြောကြားခဲ့ပါတယ်။

OPEC အဖွဲ့ဝင် နိုင်ငံများနှင့် OPEC အဖွဲ့ဝင်နိုင်ငံ မဟုတ်သည့် ရေနံထုတ်လုပ်နေသည့် နိုင်ငံများက ၂၀၂၄ ခုနှစ် ပထမသုံးလပတ်တွင် ရေနံထုတ်လုပ်မှုကို မိမိ ဆန္ဒ အလျောက် ဆက်လက်လျှော့ချသွားမည်ဖြစ်ပြီး နေ့စဉ် ရေနံထုတ်လုပ်မှု စည်ပေါင်း ၂.၂ သန်း အထိ လျှော့ချသွားမည်ဖြစ်ကြောင်း သိရပါတယ်။

**Nov 30** ။ နိုဝင်ဘာ ၂၉ ရက် (ဗုဒ္ဓဟူးနေ့) က ကျင်းပတဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ချိုင်းနားနိုင်ငံက အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးအတွက် အချက် (၄) ချက်ကို တင်ပြခဲ့ပါတယ်။

ကမ္ဘောဒီးယားနိုင်ငံတွင် သုံးရက်ကြာကျင်းပသော ရေသဘင်ပွဲတော်က မြို့တော် ဖနွမ်းပင်သို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် ၄.၉ သန်းခန့်ကို ဆွဲဆောင်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၂၉ ရက် ကမ္ဘောဒီးယားနိုင်ငံ ရဲတပ်ဖွဲ့၏ အစီရင်ခံစာအရ သိရပါတယ်။

**Nov 29** ။ မြန်မာနိုင်ငံဘက်ခြမ်းရှိ တိုက်ပွဲများကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်ထဲ ဝင်ရောက်ထွက်ပြေးခိုလှုံလာသည့် စစ်ကောင်စီတပ်သား ၃၀ ကို အိန္ဒိယအာဏာပိုင်တို့က မီဇိုရမ်မှ မဏိပူရ်၏ မိုရေးမြို့သို့ လေကြောင်းဖြင့် ပို့ဆောင်ပြီး မြန်မာဘက် ပြန်လွှဲလိုက်ကြောင်း သိရပါတယ်။

**Nov 28** ။ ချိုင်းနား-မြန်မာ နယ်စပ်မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေကြောင့် ဒေသတွင်း နိုင်ငံတွေအကြား ဆက်ဆံရေး မပြေလည်မှုတွေ ဖြစ်ပေါ်နေချိန်မှာပဲ ချိုင်းနား ရေတပ်သင်္ဘောသုံးစင်းဟာ မြန်မာ-ချိုင်းနား ရေကြောင်းလုံခြုံရေးပူးတွဲလေ့ကျင့်ရေးအတွက် နိုဝင်ဘာ ၂၇ ရက်နေ့က ရန်ကုန်မြို့ သီလဝါ ဆိပ်ကမ်းကို ရောက်လာတယ်လို့ စစ်ကောင်စီဘက်က သတင်းထုတ်ပြန်ထားပါတယ်။

ကမ္ဘာကျော် ကိုရီးယားကေပေါ့အဖွဲ့ BTS က သူတို့အဖွဲ့အကြောင်းရိုက်ကူးထားတဲ့ မှတ်တမ်းဇာတ်လမ်းတွဲ အမြည်းဗွီဒီယို ထုတ်လိုက်ပါပြီ။ "BTS Monuments: Beyond the Star" ဆိုတဲ့ မှတ်တမ်းရုပ်ရှင်အမြည်းကို အွန်လိုင်းမှာ ရှုကြည့်နိုင်ပါတယ်။

**Nov 27** ။ ဘင်္ဂလားဒေ့ရှ်အစိုးရဟာ ၂၀၂၄ အထွေထွေရွေးကောက်ပွဲ မတိုင်ခင်အတိုက်အခံ ပါတီတွေကို ပြင်းပြင်းထန်ထန် နှိမ်နှင်းခဲ့သလို တက်ကြွလှုပ်ရှားသူ ၁၀,၀၀၀ နီးပါးကိုဖမ်းဆီးခဲ့တယ်လို HRW လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့ က ပြောပါတယ်။

တောင်ကိုရီးယား၊ ဂျပန်နဲ့ ချိုင်းနားနိုင်ငံ သုံးနိုင်ငံကြား ခေါင်းဆောင်တွေရဲ့ ထိပ်သီးဆွေးနွေးမှုတွေကို ပြန်စပြီး သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေပြန်လုပ်ဖို့ နိုင်ငံခြားရေးဝန်ကြီးတွေကြား သဘောတူညီချက်ရခဲ့ပါတယ်။

**Nov 26** ။ အစ္စရေးဓားစာခံ ၁၃ ဦးနဲ့ နိုင်ငံခြားသား ၁၄ ဦးကို ဂါဇာမှာရှိတဲ့ နိုင်ငံတကာကြက်ခြေနီအသင်း ICRC ကနေတဆင့် ပြန်လည်လွှဲပြောင်းပေးလိုက်တဲ့အကြောင်း ဟားမတ်စ်အဖွဲ့က ပြောပါတယ်။

အိန္ဒိယအစိုးရက သတင်းအချက်အလက်နည်းပညာ ဆက်စပ်ပစ္စည်းများ (IT hardware) ကဏ္ဍတွင် ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်စေရန် အစီအစဉ်အရ အိန္ဒိယရူပီး ၃၀ ဘီလီယံ (ဒေါ်လာ ၃၆၀ ဒသမ ၄ သန်း) တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုလိုက်ပါတယ်။ ခွင့်ပြုချက်ရရှိထားသူများတွင် Dell၊ Hewlett Packard၊ Foxconn ယူနစ် Rising Star နှင့် Flextronics ကုမ္ပဏီ တို့ ပါဝင်ကြောင်း အစိုးရ မှ ထုတ်ပြန်ထားပါတယ်။

**Nov 25** ။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး Catherine Colonna က ယူကရိန်းစစ်ပွဲ အဆုံးသတ်ရေးမှာ ချိုင်းနားရဲ့ ပူးပေါင်းဆောင်ရွက်မှုက အရေးကြီးတယ်လို့ ပြောလိုက်ပါတယ်။

**Nov 24** ။ အိန္ဒိယနှင့် သီရိလင်္ကာတို့၏ ၉ကြိမ်မြောက် "Mitra Shakti 2023" ပူးတွဲစစ်ရေးလေ့ကျင့်မှုကို အိန္ဒိယနိုင်ငံအနောက်ပိုင်း မဟာရှက်ထရာ ပြည်နယ် ပူနေးမြို့ အန်းဇရိယာ၌ နိုဝင်ဘာ ၁၆ရက်က စ၍ နိုဝင်ဘာ ၂၉ ရက်အထိပြုလုပ်မည်ဖြစ်ပါတယ်။

**Nov 23** ။ စစ်ကောင်စီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအကြား တိုက်ပွဲတွေ အရှိန်မြင့် ဖြစ်ပေါ်နေချိန်မှာဘဲ မြန်မာနိုင်ငံထဲ တရားမဝင် နေထိုင်နေတဲ့ ချိုင်းနားနိုင်ငံသားတွေ ပြန်လာကြဖို့ ချိုင်းနားအစိုးရက သတိပေးထားပြီး၊ မြန်မာ စစ်ကောင်စီဘက်ကလည်း ပြန်လည်လွှဲပြောင်းရေး ကိစ္စတွေကို ခပ်စိပ်စိပ် လုပ်ဆောင်လာပါတယ်။

ချိုင်းနားနိုင်ငံက ကလေးငယ်တွေကြား အသက်ရှူလမ်းကြောင်းဆိုင်ရာ ဖျားနာမှုတွေ တိုးဖြစ်နေတာနဲ့ အဆုတ်ရောင် နမိုးနီးယားရောဂါ အစုလိုက်ဖြစ်နေကြတယ်ဆိုတဲ့ သတင်းတွေနဲ့ပါတ်သက်လို့ အသေးစိတ်ကို ရှင်းပြဖို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ကတရားဝင် တောင်းဆိုထားပါတယ်။

atlantic pacific smile dental group

Ryan Lee D.D.S
ဒေါက်တာ ဝိန်ချိန်း

General & Cosmetic Dentistry
Implants, Orthodontics & All Specialities

ATLANTIC PACIFIC SMILE DENTAL GROUP
2111 S Atlantic Blvd
Monterey Park, CA 91754
(Next to CVS)
Tel: (323) 261-9999
Fax: (323) 260-7860

ဆေးခန်း(၁)


牙 科


စနေနေ့ဆေးခန်းဖွင့်သည်
Mon-Sat 9am - 6pm

We speak
Burmese,Spanish,Chinese & Vietnamese

11230 Garvey Ave, Ste. H
El Monte, CA 91733
(626) 401-1235

ဆေးခန်း(၂)



အင်တာနက်မှာ ဈေးရောင်းပါ
Covid-19 ကာလတွင် Website ၏အရေးကြီးသောအခန်းကဏ္ဍကိုမြင်သာပါပြီ။
သင့်ကိုယ်စား 24 / 7 / 365 အလုပ်လုပ်ပေးနေနိုင်သော Websiteကိုတည်ဆောက်ပါ။
Websiteအရင်းအနှီးမှာ တကယ့်ရှုံးဆိုင်၊စက်ရုံတို့ ၏ဝလစာကုန်ကျစရိတ်ပင်မရှိ။
သင့်တွင်....
Idea စီးပွားရေးအမြင်နှင့်အဆက်အသွယ်-အရင်းအနှီးရှိသည်။
မိမိတွင်... အမေရိကား၏နှစ်၂၀ နည်းပညာအတွေ့အကြုံရှိပါသည်။
အင်တာနက်မှ ငွေပေး/ယူ ။ပစ္စည်းပို့ /သွင်းကိစ္စများကိုဆွေးနွေးတိုင်ပင်ကြည့်ပါ။

ဒီခေတ်ကြီးထဲ... အမေရိကားမှာနေပြီး...
ကိုယ်ပိုင်လုပ်ငန်းအတွက်.. Website တခုတောင်မရှိဘူးဖြစ်နေပါသလား
ရှိပြီး: Website ကို ဘယ်လိုပြင်ဆင်ထိန်းသိမ်းရမှန်းမသိဖြစ်နေပါသလား...
ကုမ္ပဏီ၊ ဆေးခန်း၊ စားသောက်ဆိုင်၊ ဈေးဆိုင်၊ လုပ်ငန်းဝက်ဘ်ဆိုက်များကို
မိမိနေထိုင်ရာရပ်ကွက်မြို့နယ်ရှိ Local Business Center - Google/Yahoo, Yelp! တို့တွင်မှတ်ပုံတင်ပေး၍
iPad, iPhone, Android phone, Computer တို့နှင့်အလွယ်တကူ ရှာတွေ့နိုင်အောင် တည်ဆောက်ပေးသည်။

http://www. ? .com




Ko Kai ကိုခိုင်
(213) 422 2307 Thakhin@Gmail.com

နှစ်သစ် ၂၀၂၄မှာ ကျန်းမာချမ်းသာကြပါစေလို့ မစန္ဒာ ဆုတောင်းပါတယ်

RE/MAX®
Innovations

▸ BUY
▸ SELL
▸ INVEST

Financing/Loanလည်း
ကူညီဝန်ဆောင်မှုပေးပါသဖြင့်
ယုံကြည်စိတ်ချစွာတိုင်ပင်နိုင်ပါသည်၊



RE/MAX HALL OF FAME
Re/Max Hall of Fame

PLATINUM CLUB TEAM AWARD

Re/Max Platinum Awards
2022
2021 2020
2019 2018

Call Sandar West!
Your 22+ Years'
Real Estate Veteran


RE/MAX ®

အိမ်မြေတွင်ရင်းနှီးမြှုပ်နှံခြင်းသည်
ဘဝအတွက်တန်ဖိုးအကြီးဆုံး
ကိစ္စရပ်ဖြစ်ပါသည်။
အလွယ်တကူမဆုံးဖြတ်ပါနှင့်။
နှစ် ၂၂ ကျော်အတွေ့အကြုံများဖြင့်
မည်သည့်အိမ်ဈေးနှုန်းကိုမဆို
မစန္ဒာက အကြံပြုကူညီပေးနေပါသည်။

Sandar West
Realtor® (DRE#01334160)
909-816-3257
WestSandar@gmail.com
www.facebook.com/SandarWestWithReMaxInnovations
www.instagram.com/sandarwest

# ၂၀၂၄ နဂါးနှစ်ဖေဒင်

မောင်လူပေ



၂၀၂၄ နဂါးနှစ်ဖေဒင် တရုတ်ရိုးရာ နှစ်သစ်ကူးကို ရောက်ပါတော့မယ်။ တရုတ်ရိုးရာအရ နှစ်တွေကို ကိုယ်စားပြုတဲ့ နွား၊ ကျား၊ယုန်၊နဂါး၊မြွေ၊မြင်း၊ဆိတ်၊မျောက်၊ကြက်၊ခွေး၊ဝက် ဆိုပြီး ဆယ့်နှစ်ကောင် ရှိတဲ့အနက် ဒီနှစ် (၂၀၂၄) က နဂါးနှစ် ဖြစ်ပါတယ်။

တရုတ်ရိုးရာ ရေ၊သစ်သား၊မီး၊မြေ၊သတ္တု (ရွှေ) ဓာတ်ကြီး ငါးပါး အရ အတိအကျပြောရရင် သစ်သားဓာတ် လွှမ်းမိုးတဲ့ သစ်သားနဂါးနှစ်ပါ။ မွေးတဲ့နှစ်က ၂၊ ၃ နဲ့ဆုံးရင် ရေဓာတ်။ ၈၊ ၉ နဲ့ဆုံးရင် မြေဓာတ်။ ၀၊ ၁ နဲ့ဆုံးရင် သတ္တု(ရွှေ)ဓာတ်။ ၆၊ ၇ နဲ့ဆုံးရင် မီးဓာတ်။ ၄၊ ၅ နဲ့ဆုံးရင် သစ်သားဓာတ် ဖြစ်ပါတယ်။

ယခုနှစ် ၂၀၂၄ ဖေဖော်ဝါရီလ (၁၀)ရက်နေ့ကနေ နောက်နှစ် ၂၀၂၅ ဇန်နဝါရီလ (၂၈) ရက်နေ့အထိ ကြားမှာမွေးဖွားသူအားလုံးဟာ သစ်သားနဂါးနှစ်ဖွားများ ဖြစ်ကြပါလိမ့်မယ်။ **၁၉၄၀၊ ၁၉၅၂၊ ၁၉၆၄၊ ၁၉၇၆၊ ၁၉၈၈၊ ၂၀၀၀၊ ၂၀၁၂** တို့မှာ မွေးဖွားသူအားလုံးဟာလည်း နဂါးနှစ်ဖွားတွေ ဖြစ်ကြပါတယ်။

နဂါးရဲ့သင်္ကေတက ကြွယ်ဝခြင်း၊ ပြောင်းလဲခြင်း၊ စိတ်ဓာတ်ခွန်အား နဲ့ တည်ထွင်မှုတို့ကို ကိုယ်စားပြုတယ်။ စီးပွားရေးအသစ်တစ်ခုပြုလုပ်ခြင်း၊ ရာထူးအသစ်တစ်ခုရယူခြင်းတို့နဲ့ သင့်တော်တဲ့နှစ်ဖြစ်တယ်။ အဆင့်မြင့်နည်းပညာတည်ထွင်မှုတွေ ပိုပြီးအောင်မြင်မယ်။ ဖျော်ဖြေရေး၊ မီဒီယာ၊ ဖက်ရှင်အလုပ်တွေ တိုးတက်မယ်။ ဘစ်ကွိုင်(Bitcoin) လို ဒစ်ဂျစ်တယ်ငွေကြေးတွေ တိုးတက်မယ်။

အချစ်ရေး၊ အိမ်ထောင်ရေးတို့ကို စတင်ဖို့စဉ်းစားသူတို့အတွက် ကံအကောင်းဆုံးနှစ်ဖြစ်တယ်။ နဂါးနှစ်ရဲ့ အားကြောင့် လက်တွဲဖော်နဲ့ကိုယ်ရဲ့ကြားက ဆက်သွယ်မှုကို ပိုပြီးအားကောင်းစေသလို ကျန်းမာတဲ့သားသမီးတွေလည်း ရနိုင်တယ်လို့ အယူရှိကြတယ်။ လက်တွဲဖော်နဲ့အတူ မရောက်ဖူးတဲ့နေရာတွေကို သွားရောက်လည်ပတ်ခြင်း၊ ပျော်စရာ၊ စိတ်လှုပ်ရှားစရာတွေဖန်တည်းပေးခြင်းတို့ လုပ်သင့်တဲ့နှစ်တစ်နှစ်ဖြစ်တယ်။

နဂါးနှစ် ဖွားသူတို့အတွက်ပြောရရင် ရိုးရာဖေဒင်အရ သစ်သားနဂါးနှစ်မှာ မွေးဖွားသူတွေဟာ စိတ်အေးလက်အေးရှိသူ၊ သစ္စာရှိသူ၊ အားကိုးရသူတွေဖြစ်ကြပြီး နဂါးနှစ်ဖွားတွေပီပီ ကိုယ်ရေကိုယ်သွေးကောင်းသူ၊ အကြံဉာဏ်အသစ်တွေ ဖော်ဆောင်တတ်သူတွေ ဖြစ်တယ်လို့ ဆိုတယ်။ ထိုသူတွေဟာ စိန်ခေါ်မှုကို လက်ခံတတ်သူ၊ ဖြစ်လာမဲ့အကောင်းအဆိုးတွေကို ရဲဝံ့စွာရင်ဆိုင်တတ်သူတွေဖြစ်တဲ့အတွက် ဂျာနယ်လစ်၊ ဆရာဆရာမ၊ဥပဒေပညာရှင်၊ အနုပညာရှင်၊ အင်ဂျင်နီယာ၊ အရောင်းမြှင့်တင်ရေး စတဲ့ အလုပ်အကိုင်တွေနဲ့ သင့်တော်တယ်။

နဂါးနှစ်ဖွားများထဲက ထင်ရှားသူတွေကိုပြပါဆိုရင် ကမ္ဘာကျော်ရုပ်ရှင်မင်းသားဘရုစ်လီ(Bruce Lee)၊ ကမ္ဘာကျော်အဆိုတော်ကြီး ဂျွန်လန်နွန်(John Lennon)၊ ကမ္ဘာကျော်ရုပ်ရှင်သရုပ်ဆောင်ကြီး အယ်လ်ပါချီနို(Al Pacino)၊ ရုရှားသမ္မတပူတင်(Putin) တို့ ဖြစ်ကြတယ်။ နဂါးနှစ်မှာ ကံကောင်းစေမဲ့နံပါတ်တွေက (၈၊၁၄၊၂၁)တို့ဖြစ်တယ်။

ကံကောင်းစေမဲ့အရောင်တွေက ရွှေရောင်၊ ငွေရောင် နဲ့ မီးခိုးရောင်ဖျော့ဖျော့ တို့ဖြစ်တယ်။ ကံကောင်းစေမဲ့နေ့တွေက တရုတ်ပြက္ခဒိန်လတွေရဲ့ တစ်ရက်နေ့နဲ့ ဆယ့်ခြောက်ရက်နေ့တွေဖြစ်တယ်။

**ကံကောင်းစေမဲ့လ က တရုတ် ပြက္ခဒိန်လရဲ့ ၃လ၊ ၄လ နဲ့ ၇လ ပိုင်းတွေဖြစ်တယ်။**
**ကံကောင်းစေမဲ့အရပ်တွေက အရှေ့အရပ်၊ မြောက်အရပ် နဲ့ တောင်အရပ်တို့ ဖြစ်တယ်။**
**ကံမကောင်းစေတတ်အရောင်က အပြာ။ ကံမကောင်းစေတတ်နံပါတ်က ၃ နဲ့ ၈။**
**ကံမကောင်းစေတတ်တဲ့ အရပ်ဒေသက အနောက်မြောက်။**
**ကံမကောင်းစေတတ်တဲ့လများက တရုတ်ပြက္ခဒိန်လတွေရဲ့ ၅လပိုင်းနဲ့ ၆လပိုင်းတို့ ဖြစ်ကြတယ်။**

နဂါးနှစ်ဖွားတို့အတွက် အသင့်တော်ဆုံးအိမ်ထောင်ဖက်တွေက ကြွက်နှစ်၊ မျောက်နှစ်နဲ့ ကြက်နှစ်ဖွားတို့ဖြစ်ကြပြီး ခွေးနှစ်ဖွားနဲ့ မသင့်တော်ဘူးလို့ ဆိုတယ်။

နဂါးနှစ်ဖွားတို့အတွက် ၂၀၂၄ တရုတ်နှစ်သစ်မှာ အစစအရာရာ ဆင်ဆင်ခြင်ခြင် နေထိုင်ရမယ်။ ကိုယ်မွေးတဲ့အကောင်နှစ်ကို ပြန်ရောက်တဲ့သူတိုင်း ကြုံရမဲ့အဖြစ်လို့ပြောရင်မမှားပါဘူး။ အရာရာကို သတိရှိစွာ ဖြတ်သန်းရင်း အသုံးအစွဲကြီးမှုကိုဆင်ချင်၊ ကျန်းမာရေးကိုဂရုစိုက်၊ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင်နေတတ်ရင် ပြဿနာကြီးကြီးမားမားဖြစ်စရာမရှိပါ။ ယင်နဲ့ယန် သဘောတရားအရ မကောင်းတဲ့ကြယ်နောက်မှာ ကောင်းတဲ့ကြယ်ဟာ အမြဲစောင့်ကြိုနေပါတယ်။ ကံကောင်းစေမဲ့အရောင်များကို ရွေးချယ်ဝတ်ဆင်ပေးခြင်း၊ တရုတ်ရိုးရာ ကံကောင်းခြင်းအရောင်ဖြစ်တဲ့အနီရောင်ကို နှစ်စမှာ မကြာခဏဆင်မြန်းပေးခြင်းဖြင့်လည်း သင့်အတွက် ကံကောင်းစေမှုတွေ ဖြစ်လာစေနိုင်ပါတယ်။ အတွဲရှိသူတွေအတွက် အချစ်ရေးမှာ ဆူးညှောင့်လေးတွေဖြစ်တတ်တယ်။ တစ်ကိုယ်ရေသမားတွေအတွက်လည်း ရတာမလို လိုတာမရ ဖြစ်တတ်တယ်။ စိတ်ရှည်ပေးခြင်းဖြင့် ကျော်လွှားနိုင်အောင် ကြိုးစားပါ။ကျန်းမာရေးချူချာတတ်လို့ အထူးဂရုပြုသင့်ပါတယ်။ နဂါးနှစ်မှာ ကြွက်၊ မျောက်၊ ကြက် နှစ်ဖွားတွေက ကံအထူးဆုံးဖြစ်တယ်။ နဂါးနှစ်မှာ ကံကောင်းခြင်းတွေအများကြီးရရှိနိုင်တယ်။ ကြွက်ရဲ့လိမ္မာပါးနပ်မှုနဲ့တီထွင်ကြံဆနိုင်မှုကြောင့် ရွှေရောင်အခွင့်အလမ်းတွေရှိတယ်။ မျောက်ရဲ့ သေချာမှုနဲ့ကိုယ်ရည်ကိုယ်သွေးကြောင့် ကံကောင်းမှုတွေရရှိမယ်။ ကြက်ရဲ့ စိတ်ရှည်မှုနဲ့စွဲမြဲမှုကြောင့် အောင်မြင်မှုတွေရနိုင်တယ်။

နွား၊ ခွေး၊ ကျား နှစ်ဖွားတွေအတွက် ကံသိပ်မကောင်းလှဘူး။ သူတို့လည်း နဂါးနှစ်ဖွားများနည်းတူ ကျန်းမာရေးနဲ့အလုပ်အကိုင်တွေ ဂရုစိုက်ရမယ်။ ကံသိပ်မကောင်းဆိုပေမဲ့ နဂါးနှစ်ရဲ့စွမ်းအင် (Fung Shui) အားကြောင့် နှစ်စမှာ အဆင်ပြေပါလိမ့်မယ်။ နှစ်ရဲ့အလယ်ပိုင်းလောက်မှာ စပြီး ဂရုစိုက် နေထိုင်သွားရမယ်။

ကျန်တဲ့ ယုန်၊မြွေ၊မြင်း၊ဆိတ်၊ဝက် နှစ်ဖွားတို့အတွက် သာမန်ကံကောင်းခြင်းတွေ တွေ့ရနိုင်တယ်လို့ ယေဘုယျအားဖြင့် ဆိုနိုင်တယ်။

**၁၉၄၈၊ ၁၉၆၀၊ ၁၉၇၂၊ ၁၉၈၄၊ ၁၉၉၆၊ ၂၀၀၈** မွေး ကြွက်နှစ်ဖွားတို့အတွက် ဒီနှစ်ဟာ ငွေရေးကြေးရေးကံကောင်းတဲ့နှစ်မို့ လုပ်ငန်းတွေကနေပြီး ငွေမှန်မှန်ဝင်သလို အများကြီးလည်းရနိုင်တယ်။ အဖြုန်းဖက်မလွန်အောင် ဂရုပြုပါ။ အချစ်ရေးမှာလည်းကံကောင်းသလို နက်ရှိုင်းတဲ့အချစ်ရေးနဲ့ ကြုံတွေ့နိုင်တယ်။ ကိုယ့်ချစ်သူအတွက် အထင်အမြင်လွဲနိုင်တဲ့ အပြောအဆို အပြုအမူများကို ရှောင်ကြဉ်ပါ။

**၁၉၄၉၊ ၁၉၆၁၊ ၁၉၇၃၊ ၁၉၈၅၊ ၁၉၉၇၊ ၂၀၀၉** မွေး နွားနှစ်ဖွားများအတွက် ပထမနှစ်ဝက်မှာ နဂါးနှစ်ရဲ့ စွမ်းအင်ကြောင့် ကံကောင်းခြင်းတွေရှိနိုင်တယ်။ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေရနိုင်တယ်။ အေးချမ်းမယ်။ ချစ်သူမရှိသေးရင် ချစ်သူကောင်းနဲ့တွေ့မယ်။ ဒုတိယနှစ်ဝက်မှာတော့ အစစအရာရာ အဆင်မပြေမှုတွေဖြစ်နိုင်တယ်။ ဂရုစိုက်ပေးရမယ်။

**၁၉၅၀၊ ၁၉၆၂၊ ၁၉၇၄၊ ၁၉၈၆၊ ၁၉၉၈၊ ၂၀၁၀** မွေး ကျားနှစ်ဖွားများအတွက် ၂၀၂၄ဟာ နဂါးနှစ်ရဲ့စွမ်းအားကြောင့် ငွေရေးကြေးရေးအဆင်ပြေတဲ့နှစ်ဖြစ်မယ်။ ကမ္ဘာအနှံ့ခရီးသွားရတတ်တယ်။ ဒါပေမဲ့ ဂရုမစိုက်ခဲ့ရင် ပြဿနာတွေ ဖြစ်နိုင်တယ်။ အသုံးမဝင်တဲ့ အမူအကျင့်တွေပြင်ပေးရမယ်။ စိတ်ထိမ်းနိုင်အောင် လေ့ကျင့်ရမယ်။ စိတ်မရှည်မှုကြောင့် အချစ်ရေးမှာ ဝမ်းနည်းမှုနဲ့ ရင်ဆိုင်ရတတ်တယ်။

**၁၉၅၁၊ ၁၉၆၃၊ ၁၉၇၅၊ ၁၉၈၇၊ ၁၉၉၉၊ ၂၀၁၁** မွေး ယုန်နှစ်ဖွားများအတွက် နဂါးနှစ်တစ်နှစ်လုံး ငွေရေးကြေးရေး အဆင်ပြေပါမယ်။ မချမ်းသာရင်တောင် ပူပင်စရာမလို။ အလုပ်မှာစိန်ခေါ်မှု အနည်းငယ်ကြုံတွေ့နိုင်ပေမဲ့ အတွေ့အကြုံနဲ့ကျော်လွှားနိုင်ပါတယ်။ နဂါးနှစ်ရဲ့စွမ်းအင်ကြောင့် ယုန်နှစ်ဖွားများအတွက် အချစ်ရေးမှာ အများအားဖြင့် ပျော်ရွှင်ရမယ်။ အထီးကျန်တယ်လို့ ခံစားရရင်တောင် ခဏတဖြုတ်ပါပဲ။

**၁၉၅၃၊ ၁၉၆၅၊ ၁၉၇၇၊ ၁၉၈၉၊ ၂၀၀၁၊ ၂၀၁၃** မွေး မြွေနှစ်ဖွားများအတွက်လည်း ဒီနှစ်ဟာ စီးပွားရေးအဆင်ပြေမဲ့နှစ်ပါ။ ဒါပေမဲ့ ဂရုမစိုက်ခဲ့ရင် ငွေကြေးအခက်အခဲဖြစ်ပြီး ကိုယ့်ပုံရိပ်ကို ထိခိုက်တဲ့အထိ ဖြစ်တတ်တယ်။ နဂါးနှစ်ရဲ့ စွမ်းအင်ကြောင့် မြွေနှစ်ဖွားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရှိမယ်။ စီးပွားရေးတိုးချဲ့ခြင်းကြောင့်အမြတ်အစွန်းများများ ဝင်မယ်။ ရုံးလုပ်ငန်းသမားတို့အတွက် ရာထူးတိုးနိုင်တဲ့နှစ်ဖြစ်တယ်။

**၁၉၅၄၊ ၁၉၆၆၊ ၁၉၇၈၊ ၁၉၉၀၊ ၂၀၀၂၊ ၂၀၁၄** မြင်းနှစ်ဖွားတို့အတွက် ကျန်းမာရေး အနည်းငယ်ချို့ယွင်းမယ်။ နဂါးနှစ်ရဲ့ စွမ်းအင်ကြောင့် အရမ်းကြီးပူစရာမရှိပါ။ ဝင်ငွေပုံမှန်ရရှိမဲ့နှစ်ဖြစ်တယ်။ လုပ်ငန်းတွေတည်ငြိမ်လာမယ်။ချစ်သူနဲ့အဆင်ပြေမယ်။ အလုပ်ကြိုးစားသူ မြင်းနှစ်ဖွားတွေအတွက် ဝင်ငွေတွေ ဝင်လာမစဲတသဲသဲ အဖြစ်နဲ့ကြုံရမယ်။

**၁၉၅၅၊ ၁၉၆၇၊ ၁၉၇၉၊ ၁၉၉၁၊ ၂၀၀၃၊ ၂၀၁၅** ဆိတ်နှစ်ဖွားများအတွက်လည်း နဂါးနှစ်စွမ်းအင်ကြောင့် ကောင်းတဲ့ အခွင့်အရေးတွေ ရရှိခံစားရနိုင်တယ်။ အလုပ်အကိုင်အဆင်ပြေမယ်။ ဆိတ်နှစ်ဖွားတွေအတွက် အလုပ်ကြိုးစားမှုကို မလျှော့သင့်ဘူး။ ကြိုးစားသလောက် အရာထင်မယ်။ ကျန်းမာရေးမှာ အသေးအဖွဲ့ဖြစ်တာလွဲလို့ နေကောင်းကျန်းမာမယ်။ ဖခင် သို့မဟုတ် အသက်ကြီးသူတွေ မိသားစုဝင်ရှိရင် ပိုပြီးဂရုစိုက်ပေးပါ။

**၁၉၄၄၊ ၁၉၅၆၊ ၁၉၆၈၊ ၁၉၈၀၊ ၁၉၉၂၊ ၂၀၀၄၊ ၂၀၁၆** မျောက်နှစ်ဖွားတွေ နဂါးနှစ်မှာ ကံကောင်းကြမယ်။ ပျော်စရာတွေ့မယ်။ အလုပ်အကိုင်အဆင်ပြေမယ်။ မလိုအပ်တဲ့ငြင်းခုံမှုတွေကိုရှောင်ရှားပြီး အပြောအဆိုဂရုစိုက်ပါ။ ပြဿနာနည်းအောင် နေထိုင်ပါ။

**၁၉၄၅၊ ၁၉၅၇၊ ၁၉၆၉၊ ၁၉၈၁၊ ၁၉၉၃၊ ၂၀၀၅၊ ၂၀၁၇** ကြက်နှစ်ဖွားတွေအတွက်လည်း ကံကောင်းမဲ့နှစ်ဖြစ်တယ်။ အလုပ်အကိုင်အဆင်ပြေမယ်။ ဝင်ငွေကောင်းမယ်။ ရာထူးတက်နိုင်တယ်။ ကိုယ်နဲ့သင့်တော်မဲ့အလုပ်ကို ရွေးချယ်နိုင်အောင်ဂရုပြုပါ။ အချစ်ရေး၊ ကျန်းမာရေးလည်းကောင်းမယ်။

**၁၉၄၆၊ ၁၉၅၈၊ ၁၉၇၀၊ ၁၉၈၂၊ ၁၉၉၄၊ ၂၀၀၆၊ ၂၀၁၈** ခွေးနှစ်ဖွားများအတွက် နဂါးနှစ်မှာ စီးပွားတိုးချဲ့ဖို့အခွင့်အလမ်းကောင်းတွေ ပေါ်လာမယ်။ မလိုအပ်တဲ့ အသုံးအစွဲကြီးမှုတွေရှောင်ကြဉ်ရမယ်။ သတိကြီးကြီးထားပြီးလုပ်ရမယ်။ ဒုတိယနှစ်ဝက်မှာ ငွေကုန်ကြေးကျများမယ်။ အခက်အခဲတွေကိုလိမ္မာပါးနပ်စွာ ဖြေရှင်းတတ်ရမယ်။ ကျန်းမာရေးကောင်းမှာဖြစ်ပေမဲ့ စိတ်ဖိစီးမှုတွေများနိုင်တယ်။ နွေးထွေးတဲ့မေတ္တာ၊ အားပေးကြင်နာမှု၊ ကာယလေ့ကျင့်ခန်းလုပ်ခြင်းတို့နဲ့ စိတ်ဖိစီးမှုကို ကျော်လွှားပါ။

**၁၉၄၇၊ ၁၉၅၉၊ ၁၉၇၁၊ ၁၉၈၃၊ ၁၉၉၅၊ ၂၀၀၇၊ ၂၀၁၉** ဝက်နှစ်ဖွားများအတွက် နဂါးနှစ်ရဲ့ စွမ်းအင်ကြောင့် ပျော်စရာနှစ်တစ်ခုဖြစ်လာမယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေတိုးတက်မယ်။ ကိုယ့်ကိုသတိထားမိလာကြမယ်။ ဝင်ငွေတိုးတက်မယ်။ နဂါးနှစ်ဟာ ခွေးနှစ်ဖွားတွေအတွက် အိမ်ထောင်ပြုဖို့၊ သားသမီးယူဖို့၊ အလုပ်တစ်ခုကို စွဲမြဲစွာစတင်လုပ်ဖို့ အချိန်ကောင်းဖြစ်တယ်။

အချုပ်အားဖြင့်ပြောရရင် ၂၀၂၄ နဂါးနှစ်ဟာ လုပ်ငန်းသစ်စတင်လိုသူ၊ တီထွင်မှုအသစ်ပြုလုပ်လိုသူ၊ အိမ်ထောင်ပြုဖို့ အချစ်ရေးစတင်ဖို့ စောင့်နေသူ တို့အတွက် အကောင်းဆုံးနှစ်ဖြစ်ပြီး နဂါးနှစ်ရဲ့ စွမ်းအင်ကြောင့် စီးပွားတိုးတက်ပြီး အေးချမ်းသာယာမဲ့နှစ်တစ်နှစ်ဖြစ်ပါကြောင်း။

ချစ်တဲ့ မောင်လူပေ

# CA လူထုအခြေပြုအဖွဲ့အစည်းများနှင့် Ethnic Media များတွေ့ဆုံ

SweSwe Aye

## Stop the Hate Newsletter X



လူထုအခြေပြုအဖွဲ့အစည်းများနှင့် လူမျိုးအသီးသီး၏သတင်းဌာနများသည် San Diego မြို့၊ California ပြည်နယ်တွင် ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၁၄က တွေ့ဆုံခဲ့ကြပါသည်။ California တွင် ဖြစ်ပွားနေသော ရန်လိုရွံ့မုန်းချင်းကိုအခြေခံသည့် တိုက်ခိုက်မှုများနှင့် ရာဇဝတ်မှုများကို ရပ်တန့်ဖို့အတွက် လူထုအခြေပြုအဖွဲ့အစည်းများနှင့်လူမျိုးစုတို့၏သတင်းဌာနများလက်တွဲပြီး အလုပ်လုပ်ကြရန်အတွက် တွေ့ဆုံဆွေးနွေးကြခြင်းဖြစ်သည်။ Ethnic Media Services နှင့် San Diego အခြေစိုက် Catalyst အဖွဲ့က တွေ့ဆုံဆွေးနွေးပွဲဖြစ်မြောက်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

Ethnic Media Services ၏ co-director ဖြစ်သူ Julian Do က အဖွင့်အမှာစကားတွင် " လူထုအခြေပြုအဖွဲ့တွေဟာ ညာလက်တွေဖြစ်ပြီး သတင်းဌာနတွေဟာ ဘယ်လက်တွေဖြစ်ကြတယ်။ ကျနော်တို့အားလုံးပူးပေါင်းဆောင်ရွက်ရမည်" ဟုပြောကြားခဲ့သည်။

နိုင်ငံအနှံ့ဖြစ်ပွားနေသော ရန်လိုရွံ့မုန်းခြင်းများတွင် Pandemic ကာလမှစပြီး AAPI အာရှပစိဖိတ်လူမျိုးများကို ရန်လိုရွံ့မုန်းမှုများ၊ Black Live Matters လှုပ်ရှားမှုများမတိုင်မီနှင့် လှုပ်ရှားမှုများအပြီး အာဖရိကန်လူမျိုးများကို ရန်လိုတိုက်ခိုက်ခြင်းများ၊ အောက်တိုဘာ၇၊ ၂၀၂၃ ကစလိုက်သော Israel - Hamas War ကြောင့် ဂျူးများကို ရန်လိုရွံ့မုန်းခြင်း၊ အစ္စလမ်ဘာသာဝင်များကို ရန်လိုရွံ့မုန်းခြင်း၊ ယူကရိန်း-ရုရှစစ်ပွဲကြောင့် ယူကရိန်းနှင့်ရုရှားလူမျိုးများကို ရန်လိုရွံ့မုန်းခြင်းများ ဖြစ်ပွားလျက်ရှိသည်။

oag.ca.gov တွင် California Attorney General Rob Bonta ၏ ဇွန်၂၇၊ ၂၀၂၃ခုနှစ်ထုတ်ပြန်ချက်အရ California တွင် ၂၀၂၂ခုနှစ်၌ ရန်လိုရွံ့မုန်းခြင်း အဖြစ်အပျက်များသည် ၂၁၂၀ခုရှိခဲ့ပြီး ၂၀၂၁ခုနှစ်က ၁၇၆၃ခုရှိခဲ့ရာ တနှစ်အတွင်းမှာ ၂၀.၂% မြင့်တက်ခဲ့သည်။ လူမည်းများကို ရန်လိုရွံ့မုန်းခြင်းကြောင့်တိုက်ခိုက်ခြင်းမှာ အဖြစ်အများဆုံးအဖြစ်ဆက်လက်တည်ရှိပြီး ၂၀၂၂ခုနှစ်တွင် ၂၀၂၁ခုနှစ်ထက် ၂၇.၁% ပိုများလာခဲ့ပြီး အာရှလူမျိုးများကို တိုက်ခိုက်ခံရမှုမှာ ၂၀၂၂ခုနှစ်တွင် ၂၀၂၁ထက်စာလျှင် ၄၃.၃% ခန့်ကျဆင်းခဲ့သည်။ ရန်လိုရွံ့မုန်းခြင်းအကြောင်းတရားများတွင် sexual orientation အစွဲကြောင့် မှာ မြင့်တက်လာခဲ့သည်ဟု ဖော်ပြထားသည်။ စာရင်းသွင်းအချက်အဖြစ်ဖော်ပြနိုင်ဖို့ရာ တိုင်ကြားမှုရှိရန်လိုအပ်သည်။ တိုင်ကြားမှုမရှိပါက စာရင်းအသွင်းမခံရဘဲ အချက်အလက်ပျောက်ဆုံးမည်ဖြစ်သည်။ ရန်လိုရွံ့မုန်းခြင်းကြောင့် တိုက်ခိုက်ခံရပါက တိုင်ကြားရန်

https://www.lavshate.org/, https://www.cavshate.org/

Pamela Anchung, editor in chief of Immigrant magazine က အာဖရိကန်ရွှေ့ပြောင်းနေထိုင်သူများအတွက် ထုတ်ဝေသော သူ့မဂ္ဂဇင်းအကြောင်းပြောပြခဲ့ပြီး သူတို့ကွန်မြူနတီတွင် အဓိကရင်ဆိုင်နေရသောပြဿနာများမှာ ဘာသာစကားအခက်အခဲနှင့် အလုပ်အကိုင်ရှာဖွေရေးဖြစ်ကြောင်းနှင့် ရန်လိုရွံ့မုန်းခြင်းများကြောင့် တိုက်ခိုက်မှုများကို တိုင်ကြားရန်အတွက် ဘာသာစကားအရေး ကြီးကြောင်းကို အဓိကထားပြောကြားခဲ့သည်။

Somali Family Services, San Diego ကိုယ်စားပြုတက်ရောက်လာသော Rachel Evans ကလည်း သူတို့ကွန်မြူနတီတွင်ကြုံတွေ့နေရသော Housing ပြဿနာ၊ စီးပွားရေးလုပ်ငန်းထူ ထောင်ရန်ပြဿနာများသာမက ရွှေ့ပြောင်းစလူများအတွက် အလုပ်လုပ်ခွင့်နံပါတ်ရရန်အခက်အခဲများကို ပြောကြားခဲ့ပြီး ရန်လိုရွံ့မုန်းခြင်းကြောင့်တိုက်ခိုက်ခံရမှုများကို သတင်းပေးရန်နှင့် ပညာပေးရန် Resources များလိုအပ်သည့်အကြောင်းကို ပြောကြားခဲ့သည်။

Second generation American လူငယ်တဦးဖြစ်သူ El Informador သတင်းစာထုတ်လုပ်သူနှင့်အယ်ဒီတာဖြစ်သူ Hector Felix က " ကျနော်တို့က သတင်းစာက Inland and Coachella Valley က Hispanic လူမျိုးတွေအတွက် ဖြစ်ပါတယ်။ ကျနော်တို့ကွန်မြူနတီမှာကြုံနေရတဲ့အခက်အခဲကတော့ လူတွေက ရန်လိုရွံ့မုန်းခြင်းကြောင့်တိုက်ခိုက်ခံရရင် သတင်းမပို့ရဲဘူး။ Immigration ကိစ္စကြောင့် ရဲတွေကဖမ်းပြီး ပြန်ပို့မလားစိုးရိမ်ကြတယ်။ နောက်တခုက ဘာသာစကားအခက်အခဲဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

Karen Organization of San Diego(KOSD) မှ Rosy Tang က "ကျမတို့ကွန်မြူနတီဟာ တခြားကွန်မြူနတီတွေနဲ့ယှဉ်ရင် အသစ်ဖြစ်တဲ့အတွက် ရန်လိုရွံ့မုန်းခြင်းကြောင့်တိုက်ခိုက်ခံရခြင်းတွေ ဘာ့ကြောင့်ဖြစ်သလဲဆိုတာမသိပါဘူး။ ကျမတို့ကွန်မြူနတီကလည်း Resources တွေအများကြီးလိုပါတယ်" ဟုဆွေးနွေးခဲ့သည်။

Myanmar Gazette အယ်ဒီတာနှင့် သတင်းထောက် SweSwe Aye က မြန်မာကွန်မြူနတီအတွက်လိုအပ်သောအရင်းအမြစ်များ၊ ဘာသာစကားအခက်အခဲကိုဖြေရှင်းပေးရန်လိုအပ်ချက်များနှင့် သန်းခေါင်စာရင်းတွင်ဖော်ပြသော မြန်မာအရည်အတွက်နှင့်လက်တွေ့ US တွင်နေထိုင်သောပမာဏကြားမှာ ကြီးမားလွန်းသောကွာဟမှုနှင့် ပြည်တွင်းတွင်ဖြစ်ပွားခဲ့သော ပဋိပက္ခတ်များ၊ ရက်စက်ကြမ်း ကြုတ်မှုများ၏ဂယက်သည် US ရှိ လူမှုအဖွဲ့အစည်းပေါ်လာရောက်သက်ရောက်မှုရှိပုံများအကြောင်းကို ပြောကြားခဲ့သည်။

Al Enteshar Newspaper ထုတ်ဝေသူနှင့်အယ်ဒီတာ Fatmeh Atieh Bakhit က " မြန်မာပြည်ကိစ္စလိုပဲ။ ကျမတို့ ကွန်မြူနတီမှာလဲ 2023 Israel - Hamas War ကြောင့် အစ္စလမ်တွေကို မုန်းတီးခြင်းတွေကို အာရပ်ကွန်မြူနတီဟာ ခါးစည်းခံနေရပါတယ်" ဟု ပြောကြားခဲ့သည်။

EMS Executive Director Sandy Close က " ရန်လိုရွံ့မုန်းခြင်းကို ခုခံဖို့ ကျမတို့အားလုံးပါဝင်နေရမယ်။ လူမျိုးစုအချင်းချင်းတွေ ဖလှယ်ပြီး အဆက်အသွယ်တွေလုပ်ရမယ်။ ဆွေးနွေးရမယ်။ လူထုအခြေပြုအဖွဲ့အစည်းတွေနဲ့သတင်းဌာနတွေ ဆက်သွယ်ပြီး အလုပ်လုပ်ကြဖို့လိုတယ်။ အားလုံးဟာ တယောက်နဲ့တယောက်က လိုအပ်နေတယ်။ သတင်းအရင်းအမြစ်ရဖို့ Social media ဟာ ပေါ် အခြေပြုလို့မရဘူး။ ပင်မရေစီးမီဒီယာတွေဟာလည်း အောက်ခြေကလူတွေအကြောင်းအသေးစိတ်မသိနိုင်ဘူး။ လူမျိုးစုမီဒီယာတွေဟာ သိပ်အရေးကြီးပါတယ်။ ကျောင်းတွင်းမှာ ဆယ်ကျော်သက်တွေ ကြား Bullying ကိစ္စတွေကိုလည်း အခုတက်ရောက်လာတဲ့သူတွေထဲကတချို့နဲ့ ဆွေးနွေးဆောင်ရွက်နေပါတယ်" ဟုပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို ရုတ်သိမ်းခဲ့သည်။ ဆွေးနွေးပွဲသို့ California မြို့အသီးသီးမှ ကိုယ်စားလှယ် ၄၀ကျော်တက်ရောက်ခဲ့ကြသည်။

"This resource is supported in whole or in part by funding provided by the State of California, administered by the California State Library in partnership with the California Department of Social Services and the California Commission on Asian and Pacific Islander American Affairs as part of the Stop the Hate program. To report a hate incident or hate crime and get support, go to https://www.cavshate.org/."

## Burmese Christian Community Church, San Jose CA
## Christmas Cantata Worship Service



California ပြည်နယ်၊ San Jose ရှိ Burmese Christian Community Church ၏ Christmas Cantata Worship Service အခမ်းအနားကို ဒီဇင်ဘာ၁၇၊ ၂၀၂၃ခုနှစ်၊ မွန်းလွဲ၁နာရီခွဲမှညနေ၃နာရီခွဲထိကျင်းပခဲ့ရာ အသင်းသူအသင်းသား၁၀၀ကျော်ခန့်တက်ရောက်ပြီး ခရစ်စမတ်နှင့်ဓမ္မတေးများကို သံစုံတီးဝိုင်းနှင့်အတူ တီးခတ်သီဆိုဆက်ကပ်ကာ ဘုရားသခင်ကောင်းကြီးချီးမွမ်းပြီး ဆုတောင်းခဲ့ကြသည်။ ဓာတ်ပုံ(ဘယ်)- Sin Sin Wu

## Burmese Christian Church, Covina Los Angeles
## ခရစ်စမတ်အခမ်းအနား




California ပြည်နယ်၊ Covina, Los Angeles တွင်တည်ရှိသော မြန်မာခရစ်ယာန်အသင်းတော် Burmese Christian Church ၏ ၂၀၂၃ခုနှစ်၊ ခရစ်စမတ်အခမ်းအနားကို ဒီဇင်ဘာ၂၅၊ မနက်၁၁နာရီမှ မွန်းလွဲ၁နာရီခွဲထိ အသင်းတော်တွင်ကျင်းပခဲ့သည်။ ဆရာမ Fin က "LUKE 2:10-11" ကိုဟောကြားကာ ဝတ်ပြုဆုတောင်းခဲ့သည်။

အသင်းတော်၏တေးဂီတအဖွဲ့နှင့်အတူ တေးသံရှင် L လွန်းဝါ၊ သွန်းသံစဉ်နှင့် အသင်းသူအသင်းသားများက ဓမ္မတေးများသီဆိုဆက်ကပ်ကြပြီး Rev Htwe Din Nyunt က " လူသား အားလုံးအတွက်စစ်မှန်သောမျှော်လင့်ခြင်း" ခရစ်စမတ်တရားကိုဟောကြားခဲ့သည်။ တေးသံရှင် L လွန်းဝါက အဓိကဘုရားသိစေဖို့ သီချင်းကို ဆက်ကပ်ပြီးနောက် Rev Htwe Din Nyunt က ကောင်းချီးပေးပြီး အခမ်းအနား ကိုကြွရောက်လာသူပေါင်း၁၀၀ခန့်ကို နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည်။

## Thai Fight Royal Cup Tournament Final
## Vero Nika ဗိုလ်စွဲ




ဒီဇင်ဘာ ၂၄ရက်နေ့ ထိုင်းနိုင်ငံ Thai Fight League မှာ ကျင်းပသွားတဲ့ The Queen's Cup Final ဗိုလ်လုပွဲစဉ် မှာ ပြည်သူ့အချစ်တော် ကယန်းတိုင်းရင်းသူလေး Vero Nika (ဘရော်နီကာ )က ထိုင်းလက်ဝှေ့မယ် Phayasingha ကို ပထမအချီအတွင်းမှာပဲ အလဲထိုးနဲ့အနိုင်ရပြီး ထိုင်းဘုရင်မဖလားခါးပတ်နဲ့ဆုဖလားကိုရရှိသွားပါတယ်။ ဘရော်နီကာ အနေနဲ့ Thai Fight မွေထိုင်းပြိုင်ပွဲ ၁၆ပွဲဆက် နိုင်ပွဲရယူနိုင်ခဲ့တာဖြစ်ပြီး ဘုရင့်ဖလားချန်ပီယံအဖြစ် နှစ်နှစ်ဆက်တိုက် ရပ်တည်နိုင်ခဲ့ပြီလည်းဖြစ်ပါတယ်။




From P 1 Star2

ဖွားခဲ့ပါတယ်။ ကရင်လူမျိုးမိဘနှစ်ပါးဟာ အခြားကရင်လူမျိုးတွေလိုပဲ မြန်မာစစ်တပ်ရဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကြောင့် ရှာမီးရှို့ခံရတဲ့အချိန်မှာ ထိုင်း-မြန်မာနယ်စပ်ကိုထွက်ပြေးပြီး Refugee camp ကိုရောက်ရှိလာခဲ့သူတွေဖြစ်ပါတယ်။ Star2 အသက်၆နှစ်အရွယ်မှာ မိဘနှစ်ပါးမပါဘဲ အဘွားဖြစ်သူက ပြောင်းခိုသူ (Refugee)စခန်းမှာ US ကိုရွှေ့ပြောင်းအခြေချကြဖို့ မဲနှိုက်ပြီးသူ့ရဲ့ အခြားကလေး၄ယောက် နဲ့အတူ US ကိုရောက်ရှိလာပါတယ်။ US ရောက်လာတဲ့အခါမှာလဲပဲ Star2 ဟာ ဂိုဏ်းအကြမ်းဖက်မှုတွေဝိုင်းနေပြီး အခက်အခဲမျိုးစုံလှတဲ့ပတ်ဝန်းကျင်မှာ ကြီးပြင်းခဲ့ရတဲ့အတွက် သူဟာ သူ့ဘဝရှေ့ဆက်တိုးတက်ဖို့အတွက် ဂီတနဲ့သက်သာရာရစေတယ်ဆိုတာကို သူကိုယ်တိုင်တွေ့ရှိခဲ့ရပါတယ်။ သူဟာ Genre-bending တေးသီချင်းတွေကိုလဲ ရေးသားခဲ့ပြီး အမေရိကန်နာမည်ကြီး Producer Chico Bennett နဲ့ အလုပ်တွဲလုပ်ခွင့်ရခဲ့ပါတယ်။ Star2 ဟာ တခြား Rapper တွေဖြစ်တဲ့ Soulja Boy, $tupid Young, Mozzy, MBNel, Luh Kel, Lil Poppa, HoodTrophy Bino, YSN Flow, and MarMar O တို့နဲ့လဲ သီချင်းတွေအတူသီဆိုခဲ့ပြီး WorldStarHipHop မှာ သူ့ရဲ့ သီချင်းဗွီဒီယိုဟာ ၁၄မီလျံထက်ပိုတဲ့ကြည့်ရှုခြင်းတွေရရှိထားသူလဲ ဖြစ်ပါတယ်။ သူဟာ $tupid Young, HoodTrophy Bino, Mozzy, Lil Poppa, Tae Tae, Chinatown Runner and Ler Mu Dex တို့နဲ့အတူတွဲပြီး သီချင်းတွေဆက်လုပ်သွားဖို့ရှိပါတယ်။ Star2 ရဲ့ "Thinkin Bout You" Music Video ဟာ YouTube မှာ ကြည့်ရှုခြင်း1.3 Mကျော်ခဲ့ပြီး လူကြီး၊ လူငယ်အားလုံးကြိုက်ကြတဲ့သီချင်းဖြစ်ပါတယ်။ သူ့ရဲ့ "December", "Run Away" သီချင်းတွေဟာလဲ ကြည့်ရှုခြင်း ၂သိန်းကျော်နှင့် ၃သိန်းကျော်ထိအောင်မြင်ခဲ့ပါတယ်။ သူ့သီချင်းအသစ်ဖြစ်တဲ့ "Lies" Music video ကို ဒီဇင်ဘာ၁၅၊ ၂၀၂၃မှာ YouTube မှာ လွှင့်ခဲ့ပါတယ်။

https://youtu.be/hWdej4rUS0c

US ကိုပြောင်းရွှေ့လာပြီး အသက်၂၀ကျော်အဦးပိုင်းမှာတင် ဂီတနယ်ပယ်မှာအောင်မြင်မှုတွေရရှိခဲ့တဲ့ Star2 ဟာ သူ့ Identity ဝိသေသနဲ့ ဇစ်မြစ်ကို မမေ့ဘဲတန်ဖိုးထားသူဖြစ်ပါတယ်။ သူဟာ သူမွေးဖွားခဲ့ရာ Mae La refugee camp ကို ဒီဇင်ဘာဒုတိယပတ်၊ ၂၀၂၃ခုနှစ်မှာ ပြန်လည်သွားရောက်ခဲ့ပါတယ်။ ဒီဇင်ဘာ၆၊ ၂၀၂၃ခုနှစ်မှာ မဲဆောက်မှာ Star2 ရဲ့ သီချင်းစတူဒီယိုဖွင့်ပွဲကို အခြားကရင်တေးသံရှင်၅ဦးနဲ့အတူကျင်းပခဲ့ပြီး ဒီဇင်ဘာ၉ရက်မှာ ဘန်ကောက်ကိုသွားခဲ့ပါတယ်။ ဒီဇင်ဘာ၁၄၊ ၂၀၂၃ မှာတော့ Star2 ဟာ မဲလပြောင်းခိုသူ (Refugee)စခန်းကို သွားရောက်ခဲ့ပြီး "Mae La Camp" လို့နာမည်ရတဲ့ သူ့ရဲ့ Music Video ကို ပြောင်းခိုသူ (Refugee)စခန်းကတေးသံရှင် Eh La နဲ့အတူတွဲပြီး ရိုက်ကူးခဲ့ပါတယ်။ ဒီဇင်ဘာ၆ရက်နေ့မှာ Star2 ဟာ ကလေး၄၀၀ကျော်နဲ့ဆရာ၊ ဆရာမတွေအတွက် အစားအသောက်တွေလှူဒါန်းခဲ့ပြီး အားလုံးကိုဝမ်းသာမျက်ရည်လည်စေခဲ့ပါတယ်။ ဒီဇင်ဘာ၇မှာ Star2 ဟာ ဘန်ကောက်ကိုရောက်ရှိခဲ့ပြီး ဒီဇင်ဘာ၁၂ရက်မှာ သီချင်းဖျော်ဖြေပွဲတခု ပြုလုပ်ခဲ့ပါတယ်။

" မြန်မာတိုင်းရင်းသားလူနဲစုတွေအတွက် ကျနော့်ခရစ်စမတ်ဆုတောင်းကတော့ ဘယ်တော့မှ အရှုံးမပေးပါနဲ့။ အမြဲတမ်းဂုဏ်ယူကြပါ။ ကိုယ့် Identity ကို မပျောက်ဆုံးပါစေနဲ့။ ကိုယ့်ရဲ့ ရိုးရာနှစ်ကူးပွဲတွေကို သွားကြပါ။ ကိုယ့်အနီးအနားက ကိုယ့်ထက်ငယ်တဲ့ကလေးတွေကို ကူညီပါ။ ကျနော်တို့ရဲ့ လူကြီးတွေက ကျနော်တို့ကို ဒီကိုခေါ်လာခဲ့လို့၊ သူတို့ကူညီကြလို့ ကျနော်တို့ဟာ ကိုယ့်ကိုယ်တိုင်နဲ့တခြားလူတွေကို ပိုပြီးကောင်းမွန်အောင် ကြိုးစားလုပ်ကိုင်ခွင့်ကို ရရှိခဲ့တာပါ။ ကျောင်းမှာ စာကြိုးစားပါ။ အားကစားလုပ်ပါ။ ကိုယ်ဘာလုပ်ဖို့ရာဆန္ဒပြင်းပြသလဲဆိုတာကို ရှာဖွေပြီး ကိုယ့်အိပ်မက်တွေနောက်ကိုလိုက်ပါ။ ဖြစ်အောင် ဖန်တီးပါ။ ခင်ဗျားတို့ကို ကူညီမယ့်သူတွေရှိပါတယ်။ ခင်ဗျားတဲ့အောင်မြင်သွားတဲ့အခါ နောက်ဘက်ကို ပြန်ကြည့်ပါ။ ထိုင်းနဲ့မြန်မာပြည်ကို ပြန်သွားလည်ကြပါ။ ပရိသတ်အားလုံးကို ကျနော့်ကို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျနော်ချစ်ပါတယ်။ တယောက်နဲ့တယောက် ချစ်ခင်ကြင်နာကြပါ။ အားလုံးကို ကျနော်အမြဲချစ်တယ်" ဟု ပရိသတ်များနှင့် မြန်မာတိုင်းရင်းသားလူငယ်များကို Star2 က Myanmar Gazette မှတဆင့် ပြောကြားခဲ့သည်။

မြန်မာပြည်တွင်းမှာ မြန်မာတိုင်းရင်းသား လူငယ်လူနည်းစုတွေဟာ အရည်အချင်းနဲ့ပါရမီဘယ်လောက်ထူးချွန်ထူးချွန် နောက်ခံအသိုင်းအဝိုင်း၊ ငွေကြေး၊ အဆက်အသွယ်မရှိရင် ပန်းတိုင်ရောက်ဖို့ အခွင့်အလမ်းနည်းလွန်းလှပေမယ့် US မှာတော့ မည်သူမဆို ကြိုးစားရင်ကြိုးစားသလောက် နေရာတခုရရှိဖို့ အခွင့်အလမ်းတွေများလှတဲ့အကြောင်းကို အသက်၂၀အဦးပိုင်းသာရှိသေးတဲ့ ကရင်အမေရိကန်လူငယ် Star2 ကို Role model ထားပြီး အခြားလူငယ်များ စိတ်ဓာတ်ခွန်အားရရှိနိုင်စေဖို့ ဒီမျက်နှာဖုံးဆောင်းပါးကို ဖော်ပြလိုက်ပါတယ်။

https://youtu.be/Mr6_QWonZ5A

https://open.spotify.com/artist/0U3SicrOJqLQkXpyRzL5Lf

https://youtu.be/VrQyzrGYMvw




Photo: Star Soltan

**1.** What are your main reasons for visiting the Thai Burmese border and Mae La refugee camps ?

My trip to Thailand was a homecoming! I was almost 6 years old when I left Thailand with my grandmother from Mae La Refugee Camp, so it's been 16 years since I've been back. I wanted to visit the place where I was born and help the kids there. Not many people are allowed to visit, so I feel really fortunate to have been able to go. We brought an early Christmas to 400 kids and their families food (rice, oil and everyone's favorite -Mama, canned fish), drinks, snacks, cookies, candies. We brought balls for recess, sports equipment, Legos, and tons of school supplies, toothbrushes and tooth paste, standing oscillating fans, and of course... a Christmas tree. I loved to draw and paint as a kid so I brought lots of art supplies for the kids too. We also brought gifts for the teachers who work so hard. Just a lot of things to make the lives of the people there a little better and just a little more comfortable. While I'm grateful to be a U.S. citizen, my identity is Ka-ren. The Kynaw people are in my heart and I want to give back to them as much as I can.

**2.** Could you share your feelings of going back to the Mae La refugee camp?


Walking around the camp brought back a lot of memories. I saw myself in all the kids who ran up to greet us when we arrived. They were so excited! They sang for us and hugged me. Everyone emptied out our three trucks of supplies and skipped down to the school to lay everything out in front. Then we passed out the presents. I was one of those kids. I remember what

To Page 18

https://www.garveydentalgroup.com
GARVEYDENTAL GROUP
မြန်မာ-အမေရိကန်များ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျနော်တို့၏ Garvey Dental Group မှ အရည်အသွေးမြင့်လက်ရာ၊ ရိုးရှင်း၍ ပွင့်လင်းမြင်သာသော ကုထုံးတို့ဖြင့် တာဝန်ယူ စောင့်ရှောက်ပါရစေ။
DENTI-CAL နှင့် PPO Insurances များ လက်ခံ ပါသည်။
Insurance မရှိသူများ အား Digital X-Ray, Examination and Consultation အပြင် လိုအပ်သောကုသမှုများကို အထူးလျှော့ဈေးဖြင့်ကုသပေးလျက်ရှိပါသည်။
OPEN Saturday
Dr. NYI NYI WIN DDS
Dr. PHUU PWINT HAN DDS, PhD
9866 Garvey Ave Ste #A
El Monte, CA 91733
626-350-6222
626-350-9881
ရဟန်း၊သံဃာတော်များအား အခမဲ့ကုသပေးပါသည်။
SE HABLA ESPAÑOL
We LOVE to See You Smile!
Mon to Wed 9:00 am - 6:00 pm
Saturday 9:00 am - 4:00 pm
Closed on Sunday



通達旅遊 ACHIEVER Vacation Inc
ACHIEVER VACATION, INC.
Your Connection to the World CST# 2055449-40
168 S. San Gabriel Blvd. Ste # B
San Gabriel, CA 91776, USA
Tel: +1 (626) 285-9739 Fax: +1 (626) 285-9743
TU TOURS UNIVERSE
TRAVELS & TOURS
No. 160, 36th Street. (Middle Block)
Kyauk Tada Tsp, Yangon, Myanmar
Tel: 09-899888001 ~ 9
CHINA AIRLINES
AIR CHINA 中国国际航空公司
A STAR ALLIANCE MEMBER
28 Years of Excellent Services
အမေရိကားမှ ကမ္ဘာအရပ်ရပ်သို့
မြန်မာနိုင်ငံ ပြည်တွင်းခရီးစဉ်များ
မြန်မာနိုင်ငံမှ အမေရိကားအလည်အပတ်ခရီးများ
အားလုံးအဆင်ပြေအောင် အသေးစိတ်စီစဉ်ဆောင်ရွက်ပေးပါသည်၊
www.ACHvacation.com info@ACHvacation.com 2achiever@gmail.com www.ToursUniverse.com info@ToursUniverse.com





# Kyi Pyar Win

In 2016, I moved to the states. My upbringing and birthplace are in Kalay, Burma. I went to public school up to 5th grade in Burma. After arriving in America, I majored in Political Science at a university here in Indiana before taking a break. I began a new chapter in my life by working as a bank teller at PNC Bank for months shortly after. However, I currently work at my family's sushi store and work as life insurance producer on the side.

Upon my arrival in the states, I encountered numerous challenges. One of the struggle was with fluency in the English language. It was a bit challenging because I did not have basic knowledge of the English language. To overcome the difficulties, though, I practiced speaking and listening through movies, books, and some classmates for years.

Even though the quality of life is far better here, nothing compares to home. I really miss my childhood neighborhood and the place I was born. Listening in on the elders as they discussed sports, politics, and history was one of my fondest memories. As time pass, I eventually grow to love being an American and living in the states. Despite the fact that Burmese culture is deeply embedded in me, I also adhere to the saying "When in Rome, do as the Romans do."

The fact that everyone has the freedom to attend school here in the US, regardless of their financial situation, is one aspect of the American educational system that I admire. At least the High Schools. This might be something new to those that have lived in Burma for a fair amount of time.

As a young girl, I have always dreamt of working in the embassy as a consulate officer and up to this day.

My paternal grandfather, a well-known lawyer in his days, was the one who paved the path for me. I was first introduced to the realm of laws, politics, and history in this way. He is the reason I am who I am today with the type of goals I have in life.

I have volunteered for 3 solid years as a teacher at Hope For Tomorrow, a nonprofit-organization, to assist our Burmese parents with the naturalization process. We get together, form bonds, and inspire one another. Since the Uttamavihara Temple is a place of inspiration, happiness, and peace, I firmly believe that it applies to it as well.

My message to the young people is that we are fortunate to live in a land full of opportunities. Numerous opportunities await you, so put in a lot of effort, and follow your dreams. Never forget to follow your own dreams, not those of your parents. Follow your heart but take your brain with you. Pursue for careers that will make you happy and also pay your bills.

# NUG ဒုဝန်ကြီး David Gum Awng နှင့် တွေ့ဆုံခြင်း

SweSwe Aye



United States ၏ State Department ၏ ဖိတ်ကြားမှုဖြင့် US သို့ခေတ္တရောက်ရှိနေသော David Gum Awng, Deputy Minister of International Cooperation of the National Unity Government of Myanmar နဲ့ ဒီဇင်ဘာ ၁၇၊ ၂၀၂၃ ခုနှစ်က မြန်မာဂဇက်နဲ့ ရင်းနှီးစွာတွေ့ဆုံမေးမြန်းခဲ့ပြီး သူ့ရဲ့ လက်ရှိ မြန်မာနိုင်ငံအပေါ်အမြင်တွေကို ဖော်ပြလိုက်ပါတယ်။

David Gum Awng ဟာ မန္တလေးဇာတိဖြစ်ပြီး ရေဆင်းမှာ ကြီးပြင်းခဲ့ပါတယ်။ ရန်ကုန်ကနေ Liberal Arts program နဲ့ဘွဲ့ရခဲ့ပြီး Brandeis University က Master of Social Policy ဘွဲ့ကို Open Society Foundation ရဲ့ ပညာသင်ဆုနဲ့ ၂၀၁၈ခုနှစ်မှာ ရရှိခဲ့ပါတယ်။ (David Gum Awng ရဲ့ အင်တာဗျူးအဖြေတွေဟာ သူ့ရဲ့တသီးပုဂ္ဂလအတွေးအမြင်တွေသာဖြစ်ပြီး National Unity Government ကို ကိုယ်စားမပြုပါဘူး။)

**၁။ လက်ရှိ မြန်မာစစ်တပ်ကို တိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေရဲ့စစ်ရေးဖော်ဆောင်မှုကို ဘယ်လိုမြင်လဲ။**

မြောက်ပိုင်းမဟာမိတ်ညီနောင်သုံးဖော်ရဲ့ စစ်ရေးဖော်ဆောင်မှုကို အဓိကထားပြီးဖြေချင်ပါတယ်။ အခုကျနော်တို့တော်လှန်ရေးလုပ်လာတာ၃နှစ်ထဲဝင်လာပြီဆိုတော့ အချိန်ကြာလာတာနဲ့အမျှ စစ်ရေးပမ်းတာတွေ၊ ထောက်ပို့ပိုင်းမှာတွေမှာ ပမ်းလာတယ်။ Resources တွေက Deplete မဟုတ်ပေမယ့် Dry out ဖြစ်လာတယ်။ ဒီလို Limitation တွေကြုံလာရတဲ့အချိန်မှာ လူထုကလဲ တချိန်တုန်းကလို လမ်းမပေါ်ထွက်ဆန္ဒပြနိုင်တဲ့ အခြေအနေတွေလောက်တော့ မရှိတော့ဘူး။ ဒီလိုအချိန်မျိုးမှာ မြောက်ပိုင်းမဟာမိတ်ညီနောင်သုံးဖော်ရဲ့ စစ်ရေးဖော်ဆောင်မှုဟာ တော်လှန်ရေးကြီးကို တရှိန်ထိုး ဦးမော့စေတယ်။ ဒီဟာက အကြီးမားဆုံးသောအားသာချက်ကြီးပဲ။

ဆက်စပ်ပြီးတွေးရရင် ဒီစစ်ရေးဖော်ဆောင်မှုဟာ စီးရီးလိုက်စစ်ရေးဖော်ဆောင်မှုတွေထဲက ပထမဦးဆုံးပဲ။ စစ်ရေးအရပူးပေါင်းဆောင် ရွက်တဲ့ Joint military operations တွေဟာ အများကြီးဆက်ပြီးလာဖို့ရှိတယ်ဆိုတော့ လူတွေက ပထမဆုံး စပြီးရောင်နီသမ်းလာတဲ့မျှော်လင့်ချက်ဖြစ်တယ်။ တော်လှန်ရေးတစုံလုံးအတွက် နိုင်ငံရေးလမ်းစဉ်အရ ဦးဆောင်မှုပေးနေတဲ့ National Unity Government တို့အတွက်ရော၊ တိုင်းရင်းသားတော်လှန်ရေးအင်အားစု တွေအတွက်ရော၊ ပြည်သူတွေအားလုံးအတွက် အရှေ့ကိုဆက်သွားဖို့ ကြီးမားတဲ့အင်အားကြီးတခုကို ဖြစ်စေတယ်။

ဒီကိစ္စဆိုတာက ဖေဖော်ဝါရီလလောက်ထဲက စီစဉ်ထားပြီးသားကိစ္စ။ လူတော်တော်များများက အရင်က ဒီလိုကိစ္စမျိုးဘယ်တော့ဖြစ်လာမှာလဲဆိုပြီး အားမလိုအားမရမေးကြတယ်။ ဒီတကြိမ်ထဲမှာ ကလန်ကာနောက်ကွယ်က မဟာမိတ်တွေက မနားမနေနဲ့ ဖြစ်မြောက်ဖို့ကို လက်နက်အင်အားဖြည့်တာ၊ စစ်ရေးကိစ္စတွေကို ကြိုးစားပြီးလုပ်နေကြတယ်။ Strategy ဘယ်လောက်ခိုင်မာတယ်ဆိုတာကို အထင်းသား တွေ့နိုင်ပါတယ်။ ဒီဟာက အစပဲရှိသေးတယ်ဆိုတာကို သိစေချင်ပါတယ်။

**၂။ US နဲ့ China ကြားက သူတို့နှစ်ယောက်ရဲ့ပါဝါပြိုင်မှုကြားမှာ မြန်မာပြည်ရဲ့အခြေအနေကို ဘယ်လိုမြင်လဲ။**

China နဲ့ US ကြားမှာ မြန်မာညှပ်နေတယ်ဆိုတဲ့အယူအဆကို တော်လှန်ရေးစထဲက လူတော်တော်များများက အဲ့ဒီ့မှန်ဘီလူးနဲ့ပဲ မြန်မာပြည်ကို သုံးသပ်ကြတယ်။ ပညာရှင်အများစုကလဲ တရုတ်ကိုအထူးပြုတဲ့သူတွေ ရှိတယ်။ အမေရိကားက ဒီပလိုမက်တွေကလဲ အများအားဖြင့်မြန်မာဆိုလို့ရှိရင် Package လိုက်တွဲပါလာတာ China ရယ်၊ India ရယ်က ပါနေတယ်။

မြန်မာပြည်ဟာ China ရဲ့ Playground. ဒီနေရာမှာ အမေရိကန် တွေအနေနဲ့သူ့ရဲ့ Influence ကို ဘယ်လောက် exert လုပ်နိုင်မလဲပေါ့နော်။ သူ့ရဲ့ Implication, Interest, သူ့ရဲ့ Administration, Foreign policy အရရော ခြင့်ချိန်ပြီး မြန်မာပြည်အပေါ်မှာ သုံးသပ်တယ်။ Burma Act က ခုချိန်မှာ Congress ကို Pass ဖြစ်ပြီးတော့ အတိုင်းအတာတခုထိရောက်တယ်ဆိုတာကလဲ အမေရိကား Foreign policy နဲ့ Inline ဖြစ်တဲ့အနေအထားတခုလောက်ထိပါပဲ။ အဲ့ဒီထက်ပိုပြီး နက်နက်ရှိုင်း ရှိုင်းနဲ့ တာဝေးသွားဖို့ဆိုတာကတော့ ကျနော့်အမြင်ကတော့ US က မြန်မာ့အပေါ်မှာ သူ့အနေနဲ့အများကြီး သုံးသပ်စောင့်ကြည့်နေဆဲကာလ တခုမှာပဲ ထားထားတယ်။ ဒါ့ကြောင့် ကျနော်တို့အနေနဲ့ခုလိုမျိုး အပြည့်အဝ ထောက်ခံမှုများကို ဘာ့ကြောင့်မမြင်ရလဲဆိုတာ အဲ့ဒီ့အပေါ်မူတည်ပါတယ်။

မြန်မာနိုင်ငံဆိုင်ရာအမေရိကန် သံအမတ်ဟောင်း Scot Marciel ပြောတဲ့ မြန်မာဆိုရင် China နဲ့ US ရဲ့ Power struggle ကြားက မြေဇာပင်ဆိုတဲ့အနေအထား နဲ့ သာမြင်ကြပြီး မြန်မာရဲ့ Issue ကို ဒီ့ထက်ပိုမြင်ဖို့၊ မြန်မာ့အရေးက ပြည်တွင်းရေးကိစ္စပေမယ့် တခြားတိုင်း ပြည်တွေကို လျှံကျထိခိုက်လာနိုင်တယ်။ Regional အဆင့်အထိကို Security issue ဖြစ်တယ်။ ဒါကိုမြင်ကြပါ။ US နဲ့ China က ပါဝါလုပြီး မြန်မာနိုင်ငံကို စိုးမိုးဖို့ကြိုးစားနေတာ မဟုတ်ဘူး။ မြန်မာပြည်အရေးဟာ Democracy ရဲ့ principles တွေကို ထိခိုက်တာမို့ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို တန်ဖိုးထားသူဘယ်သူမဆို ပါဝင်ပတ်သက်ရမယ့်ကိစ္စလို့ သူက ရှုမြင်တယ်။ ကျနော်လဲ သူပြောတာကိုသဘောတူတယ်လို့ ပြောချင်တယ်။

**၃။ မြန်မာပြည်က ကမ္ဘာမှာ ဘိန်းစိုက်တာနဲ့မူးယစ်ဆေးဝါးထုတ်တဲ့ကိစ္စက ရှေ့တန်းကိုရောက်နေတယ်။ မြန်မာစစ်အာဏာရှင်အစိုး ရသစ်ပြုတ်ကျပြီး နောက်အစိုးရတက်တဲ့အခါမှာရော ဒီကိစ္စကို ဘယ်လိုကိုင်တွယ်မလဲ။**

ဒီကိစ္စကတော့ နယ်စပ်တလျှောက်ရှမ်းမြောက်မှာ အင်တာနက် Scam လုပ်ပြီးငွေလိမ်တဲ့ကိစ္စတွေ၊ ငွေကြေးခဝါချတာတွေ၊ လောင်းကစားတွေ ရှိနေတယ်။ ဘိန်းအပါအဝင်မူးယစ်ဆေးဝါးတွေဟာ ရန်ကုန်၊ မန္တလေးမြို့ကြီးတွေပါမကျန် တတိုင်းပြည်လုံးထဲ စီးဝင်နေတယ်။ Source တခုလုံးဟာ မတည်ငြိမ်တဲ့နိုင်ငံရေးအခြေအနေထဲမှာ လှုပ်ရှားနေတဲ့အရာတွေက အများကြီးပါတယ်။ နယ်စပ် BGF တွေလဲပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် တွေလဲပါတယ်။ မြန်မာစစ်တပ်ပါသလို Tycoons တွေပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တချို့ပါတယ်။ ဒီကွန်ယက်ကြီးက အရမ်းကျယ်ပြန့်လွန်းတယ်။

ဒီဟာကြီးကို ဖြိုချဖို့ဆိုရာက ဒီနိုင်ငံမှာ Rules of Law နဲ့ Order ကို ကျနော်တို့က Enforce လုပ်နိုင်ဖို့အတွက် တည်ငြိမ်မှုနဲ့လုံခြုံမှုရှိတဲ့အနေအထားမျိုးကို အရင်ဖန်တီးဖို့ လိုတယ်။ ဒီလိုဒေသတွေ Gray area တွေမှာ ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိတဲ့ Responsible, accountable ဖြစ်တဲ့ local municipality နဲ့ level လိုက်မှာရှိတဲ့အစိုးရတွေအကုန်လုံးကို Enforce လုပ်နိုင်တဲ့ အနေအထား တခုကို အရင်ဆုံးဖန်တီးဖို့လိုတယ်။ ခုနက ကွန်ယက်ကြီးကို ဖြိုချဖို့ အိမ်နီးချင်းတွေနဲ့လဲ တန်းတူဆွေးနွေးနိုင်တဲ့အနေအထား တခုမှာ ရှိတဲ့အခြေအနေမျိုးတော့လိုတယ်။ ဒီလိုမဟုတ်ဘဲ အိမ်မှာပြဿနာရှိနေပြီး ကျန်တဲ့နေရာမှာသွားလုပ်နေမယ်ဆိုရင်တော့ ယိုပေါက်က အမြဲရှိနေဦးမှာပဲ။

**၄။ US က မြန်မာလူမျိုးတွေကို ဘာပြောချင်လဲ။**

မြန်မာရဲ့အရေးကိစ္စတွေအကုန်လုံးကို အမြဲ Engage ဖြစ်နေဖို့ဆိုတာက အင်္ဂလိပ်ဘာသာနဲ့ရေးတဲ့ media တွေတင်မကဘဲ ကိုယ့်ဘာသာစကားနဲ့ဖတ်ရှုလို့ရတဲ့ ကိုယ့်နှလုံးသားထဲထိရောက်တဲ့ မြန်မာဘာသာနဲ့ထုတ်တဲ့ မြန်မာ့ဂဇက်လို မီဒီယာတွေဟာလဲ အရေးကြီးပါတယ်။ မြန်မာဘာသာနဲ့ စာဖတ်တာမှာ ပိုအဆင်ပြေတဲ့ သူတွေအတွက် လဲ အရေးကြီးတယ်။

ကျနော်တို့အနေနဲ့ Advocacy အတွက် ဒီနိုင်ငံက Senators တွေ၊ Congressman တွေ၊ Congresswoman တွေနဲ့ဆက်သွယ်တဲ့အခါ ဒီလိုမီဒီယာတွေက Resource ကောင်းတွေဖြစ်တယ်။ ဆက်ပြီး မြန်မာမီဒီယာကို ပံ့ပိုးပေးကြပါ။ မြန်မာနိုင်ငံအတွက်လဲ US နိုင်ငံသားဖြစ်နေတဲ့မြန်မာလူမျိုးတွေအကုန်လုံးက ဆက်ပြီး ပါဝင်ပေးကြပါလို့။

From P 16 Star2

it was like to be there. The camped is locked and people are hungry. I feel really lucky to have gotten out! There are hardly any opportunities at all for people who remain there. It's pretty much a dead end.

On the other hand, the kids are happy with each other and full of joy. I remember playing with my friends every day. You don't know what you don't have.

**3.** Why did you choose the music artist life? Could you tell us the positive impact of Hip hop music on the Gen Z all over the world?

My uncle who lived with us was musical and I went to church, sang, and learned the traditional Ka-ren dances. Music is an important part of our culture. In the U.S. I started listening to popular music. My favorite was Justin Bieber! I played "Baby" non-stop and wanted to be him when I grew up; in second grade I grew my hair long and used to sing into my hairbrush in the mirror. I made up songs about girls I liked in school when I got home.

In middle school I discovered rap and hip hop and started freestyling with friends to our favorite rap songs. A neighbor in my apartment complex had a little home studio. He experimented with beats and we made music videos, half in English and half in Ka-ren, our language. We posted a few videos on YouTube and got a lot of hits and attention. Karen1 TV in New York offered to fly me out and interview me! I also got a scholarship to sing rap at the LA College of Music in Los Angeles in high school one summer. I met great people who were hella talented and started thinking about music full-time as a job.

Later I met Chico Bennett, my producer, in LA. We cut an album when I was seventeen. That's when I realized I wanted music to be my career and my future.

In answer to your second question, hip hop is very expressive. It's a powerful way to pour out feelings, sometimes painful ones deep inside. It's also fun though! The beats and the Rhymes! From Battle Rap to Mumble Rap to Melodic Rap " there is something for everyone. It also unites everybody " it's what we listen to, what we dance to, what we fall asleep to.

It started in the U.S. but quickly spread all over the world! Kids like me started developing our own styles. There's Asian Hip Hop and Rap. Rolling Loud even had a huge festival in Thailand last year. It's hella popular!! I was able to meet with ThaiTanium in Bangkok, one of the Thai pioneers. He lived in Brooklyn and the Bay Area in California, then came back to Thailand. $tupid Young, my mentor, just performed in Bangkok while I was here. He paved the way for Asian artists in the U.S. and has helped me a lot too. He's Cambodian and Vietnamese, but he's hella popular in Thailand.

There are a lot of kids in the camps and the surrounding city of Mae Sot who are hella talented... both guys and girls. That's why I sponsored and built a music recording studio in Mae Sot for local artists. It's called Star Studio. It's the other reason I came to Thailand. It'll be a place here that they can come for free and express themselves. Whether it's love or pain, heartbreak, struggles, or whatever else. People need to be able to express it... otherwise it stays bottled up and kills your soul. We had a big party to celebrate the opening and a bunch of Ka-ren artists performed. It was lit!! I'm hoping it can also be my home base when I come back to visit.

**4.** I saw your sneak peek on YouTube for the upcoming solo album "Lies" . So exciting! Please share your ideas about the production "Lies" and the music video shooting experiences. What are the reasons why "Lies" should not be missed for every single music lover?

My producer Chico Bennett had the guitar track written already and when I first heard it I immediately started thinking about being hurt by a girl. The chords are so lonely sounding. The line "it's been a long time... haven't seen hearts up in your eyes" came to me really quickly. Once I had the hook it all happened within about a half hour. I had written the lyrics and jumped in the booth to sing a few takes. That the song came together really easy. Maybe cause it's just my vocals and the acoustic guitar. Sometimes the most beautiful things are the simple ones.

When we shot the video, one of the main things we wanted to show was that feeling of betrayal and what it does to both people. Most times when you are betrayed you're entirely unaware of it -it sneaks up on you...and that's when it hurts the most! Clara Lee, the girl who played my girlfriend in the video, did an amazing job of showing how even the person who's the betrayer is left hurting and destroyed.

A lot of our videos have been kinda complicated, bigger productions, so with this one we wanted to go really simple... like the song. The location we rented was a beautiful, modern styled home high up in the Hollywood Hills. It has a view of the Hollywood Sign. In the video, I appear almost like a ghost in the scenes in the song "haunting her because of her decision to cheat. She begs to fix the relationship but I won't take her back. At the end, she throws a picture of us into a fire and collapses in tears in the shower. It's hella emotional and relatable. Everybody can relate to the pain of a heartbreak and betrayal.

We did one other new thing with this video. We're releasing two different versions. One is the version that plays out the story with multiple scenes and cuts. The other is what's called a "one shot" video. The camera moves through the house

To Page 21







မြန်မာအကြောင်း USအမျိုးသားမော်ကွန်းဝင်ခဲ့သော Myanmar Gazette

Los Angeles အခြေစိုက် မြန်မာသတင်းစာ Myanmar Gazette ကို Washington DC. အခြေစိုက် Newseum သတင်းမော်ကွန်းတိုက်က ၂၀၁၄၊ ဇွန်လက သတင်းစာအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြု လက်ခံခဲ့သည်။မြန်မာ့ဂေဇက်သည်မြန်မာနိုင်ငံပြင်ပတွင်မြန်မာဘာသာဖြင့်ထုတ်ဝေသည့်သက်တမ်း အကြာဆုံးစာစောင်ဖြစ်သည်။
လစဉ်ထုတ် Myanmar Gazette အကြောင်းကိုLos Angeles Times အခုံးတွင်အင်တာဗျူးဖေါ် ပြခဲ့သလိုကမ္ဘာ့အစောဆုံးမီဒီယာတခုဖြစ်သည့် Agence France Presse (AFP)သတင်းဌာန ကလည်းအယ်ဒီတာချုပ်နှင့်အင်တာဗျူးခဲ့သည်၊

International Media များကအသိအမှတ်ပြုသော Myanmar Gazette

# Amy B. Wong, DDS


မြန်မာမိသားစုများအတွက် အစဉ်အမြဲအထူးနှုန်း



- Complete Dental Care for Adults and Children
- Fillings, Crowns, Bridges, Root Canals, Dentures, Oral Surgery
- Implant Restorations
- Orthodontics + Invisalign
- Teeth Whitening ZOOM!

Most Insurance Plans Welcome! Amy B. Wong, DDS

www.fremontdds.com




Address:
39358 Fremont Blvd
Fremont, CA 94538

Ph: 510-818-1891

We open Saturdays and Extended Hours! Call for Appointment!

# မြန်မာ့စားမြိန် BURMESE KITCHEN

Vegetarian-Friendly Restaurant

Since 2006



3815, Geary Blvd
San Francisco, CA 94118

**(415) 474-5569**

Authentic, homestyle Burmese cuisine in the Inner Richmond.
Good food. Good prices. Good people.
Burmese cuisine is gracious, fragrant and poised.
A simpler balance of the Asian palette.. ginger, garlic, shallots, lemongrass, coconut milk, chili, tamarind
မြန်မာဆန်သော မြန်မာ့အစားအစာများ

**Lunch** - 11:30 Am to 3:00 pm (Sat & Sun)
**Dinner** - 5:00 pm to 10:00 pm (Tue-Sun)
Closed on Monday.

burmesekitchensf@gmail.com www.burmesekitchen.com

# Dixon Landing Family Dental Care

Maung Maung Thaw, DDS, FACD, DABOI, FAAID
Diplomate, American Board of Oral Implantology
Fellow, American Academy of Implant Dentistry
Health Sciences Associate Professor
Department of Preventive and Restorative Dental Sciences
UCSF, School of Dentistry




1786 Millmont Drive
Milpitas, CA 95035
Ph: (408) 942-7791
Fax: (408) 946-7964
dixonlandingdental@yahoo.com

Our office hours are:

| | |
|---|---|
| SUNDAY, MONDAY | CLOSED |
| TUESDAY--FRIDAY | 10:00 AM - 7:00 PM |
| SATURDAY | 8:00 AM - 4:30 PM |

Navigational Implant Surgery **X-GUIDE** ၏
**3D dental technology CBCT** ၏တို့ ဖြင့်စမ်းသပ်စစ်ဆေးပြီး
**SF Bay Area** ရှိ မြန်မာမိသားစုများ၏ သွားကျန်းမာရေးကို တာဝန်ယူပါရစေ..

www.dixonlandingfamilydental.com

# SUNDAY DENTAL

Michael Maung Aung DDS
မောင် မောင် အောင်
sundaydental@yahoo.com
မြန်မာမိသားစုများအတွက် အထူးနှုန်း တနင်္ဂနွေဖွင့်ပေးပါသည်။





1434 S San Gabriel Blvd
San Gabriel, CA 91776
Tel: (626) 571-8210
Fax: (626) 573-3460

DENTICAL(MEDICAL) , Most HMO ACCPETED

AMPLE FREE PARKING

AVAILABLE SUNDAY




# Ledu Restaurant

Healthy Delicious

မြန်မာပြည်ကို အလွမ်းပြေတယ်လို့
စားပြီးတိုင်းပြောကြရတဲ့ဆီချက်ခေါက်ဆွဲ၊
ကြေးအိုး၊ကြေးအိုးဆီချက် ပုဇွန်ခွက်ကြော်၊
ထမင်းပေါင်း၊ ဝက်အူမကြီးကြော်၊ရှမ်းခေါက်ဆွဲ၊
မုန့်ဟင်းခါး နန်းကြီးသုတ်တို့ရပါတယ်။





Holiday Seasonအထူး

စနေ၊တနင်္ဂနွေမှာ ပါတီဧည့်ခံပွဲအလှူများအတွက်
ဘဲကင်ဆီချက်၊ဘဲကင်ကြေးအိုးဆီချက်၊ဖက်ထုတ်ဆီချက်
Party Trays ကြိုတင်အော်ဒါမှာနိုင်ပါသည်။

749 Hickey Blvd Pacifica, CA 94044
(650) 355-8218 | (415) 706-3234

# The Pale-Faced Lie: A True Story

★★★★★

By: *David Crow*

Book Reviewer KaiTamsin Bwor

Genre: *True crime, Biography, Autobiography*




*SUMMARY: A violent ex-con forces his son to commit crimes in this unforgettable memoir about family and survival. Growing up on the Navajo Indian Reservation, David Crow and his three siblings idolized their dad, a self-taught Cherokee who loved to tell his children about his World War II feats. But as time passed, David discovered the other side of Thurston Crow, the ex-con with his code of ethics that justified cruelty, violence, lies—even murder. Intimidating David with beatings, Thurston coerced his son into doing his criminal bidding. David's mom, too mentally ill to care for her children, couldn't protect him. Through sheer determination, David managed to get into college and achieve professional success. When he finally found the courage to refuse his father's criminal demands, he unwittingly triggered a plot of revenge that would force him into a deadly showdown with Thurston Crow. David would have only twenty-four hours to outsmart his father—the brilliant, psychotic man who bragged that the three years he spent in the notorious San Quentin State Prison had been the easiest time of his life.*

The Pale-Faced Lie is the must-read memoir of the year. From start to finish, it was challenging to believe that this book was based on the author's true experiences. It was a captivating book that was difficult to put down and left me at night wondering what would come next. Initially, it was hard to pick up and adapt to the book's writing style, having never been exposed to reading memoirs in the past. However, I instantly clicked with it and loved how much detail was embedded in just one sentence after the other. I was moved by the terrifying, yet intriguing experiences Crow dealt with, especially knowing that all of it happened at such a young age. As a reader, you can sense the lasting impact these events had on him, leaving a scar on his present self. If you're interested in gaining insights into daily life on multiple Native American reservations residing in the United States, I would suggest reading this book. This book delves deep into the topic of generational abuse, highlighting its lingering impact on every life choice and decision one can make. It can show how even in a difficult environment, you can strive your way out of it through opportunity and chance. I also felt that forgiveness played a significant underlying role in the narrative. The "secret ingredient" in this book was the depiction of the challenges and hardships faced by the Crow siblings, which Crow fluently portrayed in his memoir. Despite these obstacles, all four siblings persevered and achieved numerous awards and academic degrees. Knowing that the protagonist of the story is David's father, it becomes challenging to wholeheartedly oppose him. While his actions were wrong, did they ultimately motivate the children to strive and reach their goals? These internal thoughts also made the memoir further intriguing. "The Pale-Faced Lie" combines resilience, determination, and family challenges, giving readers an insight into the complexities of overcoming obstacles. It also shows an underlying message on how generational trauma and abuse can be stopped with a better environment around one's self-awareness, and determination. This memoir was truly touching and deeply resonated with me, continuously having me think of the moments within Crow's life on a daily basis.

From P 7 **Gin Mung**



Photo: Zam Khat

9) Your message for Burmese ethnic minorities youths and Burmese youths living in the United States and Christmas wishes for your fans.

My belief is that, regardless of who you are and where you come from, at some point in your life, your character, your strength, and your morals will be tested because it's life. Do not take life so seriously, do not be so fond of the world. Be serious about building your character, families, friends, and community. When we find ourselves in difficult times and are successful, remember that nothing is permanent. Whatever season you are in life, remind yourself that you are not the center of the universe and need help from God, families, and friends. And always remember that the only thing that will really have an impact on our society, community, and the world is who you are, not just what you do.

MANDALAY INSURANCE & FINANCIAL SERVICES

Certified Insurance Agent
CA License: 0E42409
www.coveredca.com

CTEC
A305334
www.ctec.org

Insurance Services

ဘဝနောင်ရေးစိတ်အေးရမယ့် အာမခံအမျိုးအစားများစွာကို
ကျွမ်းကျင်နားလည်သူများနှင့် စိတ်တိုင်းကျ ဆွေးနွေးဝယ်ယူနိုင်တယ်...

- ✓ Health Insurance
- ✓ Life Insurance
- ✓ Medicare for Seniors
- ✓ Car Insurance
- ✓ Disability Income
- ✓ Commercial Insurance
- ✓ Long-term Care

Financial Services

ဘဏ္ဍာရေးနှင့် စာရင်းကိုင်လုပ်ငန်းများအပြင်အခွန်ဆောင်ရန်ဝန်ဆောင်မှု
များကိုလည်း လစ်ဟင်းမှုမရှိရအောင် စီမံဆောင်ရွက်ပေးနိုင်တယ်...




- ✓ Bookkeeping Service
- ✓ Tax Planning
- ✓ Income Tax Filling
- ✓ 401k Rollover
- ✓ Annuity
- ✓ Retirement Planning
- ✓ Mutual Funds

အမေရိကန်နိုင်ငံရဲ့ အာမခံလုပ်ငန်း နယ်ပယ်မှာ အတွေ့အကြုံ နှစ်ပေါင်း (၂၀) ကျော် ရှိတဲ့ မြန်မာလူမျိုး ကိုယ်တိုင် ၂၀၁၅ ခုနှစ် မှ စတင်ဦးစီး
တည်ထောင်ထားတဲ့ အာမခံ၊ ငွေစာရင်း နှင့် အခွန် ဝန်ဆောင်မှု အားလုံးတစ်နေရာတည်းမှာ ရနိုင်တဲ့ တစ်ခုတည်းသော လုပ်ငန်း

Call us now!!!
အခုပဲဖုန်းဆက်လိုက်ပါ...
(626)202 0501
(626)888 9092
Office Hours - Monday to friday 9AM - 5PM


118 E. Huntington Drive, Suite G, Alhambra, CA 91801
www.mandalayagency.com Fax: (626) 202 0503

# Storm Season Safety – Getting Ahead of Extreme Winter Weather

12/7/23 - EMS Series

By SweSwe Aye


Diana Crofts-Pelayo


Bianca Feldkircher


Jazmin Ortega

California သည် ပြင်းထန်သော အယ်လ်နီညို(El Niño) ကိုရင်ဆိုင်ဖို့ ၂၀၂၃-၂၀၂၄ ခုနှစ်မိုးရာသီများတွင် ၇၅%မှ၈၅%ထိ ဖြစ်နိုင်ချေရှိသည်။ မိုးရွာရေကြီးခြင်းဒဏ် အထိခိုက်လွယ်သည့်လူ့မှုအသိုင်းအဝိုင်း များအတွက် အကြံပြုဆွေးနွေးချက်များကို Ethnic Media Services, California Black Media နှင့် Listos California at the California Governor's Office of Emergency Services ( Cal OES) တို့က မုန်တိုင်းရာသီအတွက် တပြည်လုံးအတိုင်းအတာကာကွယ်ရန်နှင့် ဆောင်းရာသီတွင် တွေ့ကြုံရမည့် အစွန်းရောက်ရာသီဥတုအခြေအနေများ အကြောင်း ဆွေးနွေးပွဲကို ဒီဇင်ဘာ၇၊ ၂၀၂၃ က ကျင်းပခဲ့သည်။

ယခုဆောင်းရာသီ၏ အစွန်းရောက်ရာသီဥတု အခြေအနေများအကြောင်း မိုးကြီးခြင်း၊ ရေလျှံခြင်း၊ လေထန်ခြင်း၊ လျှပ်စစ်ဓာတ်ပြတ်ခြင်း၊ မြေပြိုခြင်း၊ နှင်းကျမှုလက်မအနက်များခြင်း၊ အအေးလွန်ကဲခြင်းများအတွက် ပြင်ဆင်ထားရမည်ဖြစ်သည်။ California တွင် ကောင်းကင်ထဲ၌ မိုးရွာခြင်း ကိုဖြစ်ပေါ်စေသည့် Atmospheric rivers များမြောက်များစွာရှိနေရာ မိုးနှင့်မုန်တိုင်းကို ဆောင်းရာသီတွင်လည်း ကြုံတွေ့ကြရမည်ဖြစ်သည်။ CalOES သည် ကြုံတွေ့ရမည့်ရာသီဥတုစိန်ခေါ်မှုများကို Caltrans, California Highway Patrol ကဲ့သို့သော ပြည်နယ်အလုပ်လုပ်ဖက်များ၊ ဒေသတွင်းအစိုးရများနှင့် လူမှုအဖွဲ့အစည်း မိတ်ဖက်များနှင့်အတူ ပူးပေါင်းဆောင်ရွက်နေကြောင်း Diana Crofts-Pelayo, Assistant Director, Crisis Communication & Public Affairs at the California Governor's Office of Emergency Services က ပြောကြားခဲ့သည်။ ကြိုတင်ပြင်ဆင်မှုများအတွက် www.listoscalifornia.org/alerts/ တွင် Sign up လုပ်စာရင်းသွင်းထားကြရန်၊ အစာ၊ ရေ၊ ဆေးဝါး၊ အရေးကြီးသောစာရွက်စာတမ်းများစုထားရန် ၊မိသားစုအရေးပေါ်အစီအစဉ်များဆွဲထားရန် - အရေးပေါ်အခြေအနေတွင် နေအိမ်မှထွက်ခွာကြရသောအခါ မည်သည့်နေရာတွင်ဆုံကြရန် ကြိုတင်ပြင်ဆင်ထားခြင်း။ မိတ်ဆွေ အိမ်နီးချင်းများကို သတိပေးပြီး မုန်တိုင်းကာလတွင်းတွင်လဲ အဆက်အသွယ်လုပ်ကြရန် အချက်၄ ချက်သည် အရေးကြီးလှသည်။

El Niño သည် မြောက်အမေရိကားတွင် ဆောင်းရာသီတွင်း ရာသီဥတုအခြေအနေကို အများဆုံးသက်ရောက်စေပြီး ၆လခန့်ကြိုတင်ခန့်မှန်းလို့ရကြောင်း၊ ၂နှစ်နှင့်၇နှစ် အကြားကာလတွင် အခြားပုံသဏ္ဍာန်ဖြင့် ပြန်လည်ဖြစ်ပေါ်တတ်ပြီး El Niño နှင့် La Nina သည်မျှခြေဖြစ်သွားတတ်ကြောင်း၊ El Niño သည် ကမ္ဘာ့မြောက်ဘက်ခြမ်းသို့ ၂၀၂၄ဧပြီမှဇွန်အတွင်းဝင်ခြေ ၆၂% အခွင့်အလမ်းရှိပြီး ယခုဆောင်းရာသီတွင် "သမိုင်းဝင်အောင်ပြင်းထန်သည့်" El Niño ကျရောက်ခြေ ရန်၃၅% ရှိပြီး ၂၀၁၅-၂၀၁၆၊ ၁၉၉၇-၁၉၉၈ခုနှစ်ဆောင်းရာသီများကဲ့သို့ ဖြစ်နိုင်ကြောင်း၊ ပြင်းထန်သည့်" El Niño သည် ဒေသတွင်းနေရာအားလုံးကို ညီတူညီမျှပြင်းထန်စရာမလိုဘဲ ရာသီဥတုဆိုးရွားမှုများကိုပိုမိုစေနိုင်ကြောင်း၊ ဒီဇင်ဘာ၁၃မှ၁၉ရက်အတွင်း ကယ်လီဖိုးနီးယားနေရာအများစုတွင် မိုးကြီးမည်ဖြစ်ပြီး ကမ်းခြေဒေသများ တွင် လေပြင်းတိုက်ခတ်ရန် ၂၀%နှုန်းရှိကာ တောင်ပေါ်ဒေသများတွင် နှင်းထူထပ်စွာကျမည်ဖြစ်ကြောင်းကို Bianca Feldkircher, Meteorologist from the National Weather Service's Western Region Headquarters က ပြောကြားခဲ့သည်။

ရာသီဥတုဆိုးဝါးချိန်များတွင် အိမ်အာမခံများနှင့်ပတ်သက်ပြီး Jazmin Ortega, Deputy Press Secretary with the California Department of insurance က ပြောကြားရာ Flood insurance သည် Homeowner's insurance ထဲတွင်မပါဘဲ သပ်သပ် ဝယ်ကြောင်း၊ National Flood Insurance Program(NFIP) အောက်တွင် Flood insurance ကို ဝယ်နိုင်ပြီး www.floodSmart.gov တွင် အသေးစိတ်လေ့လာနိုင်ကြောင်းကို ရှင်းပြခဲ့သည်။ " အရေး ပေါ်အခြေအနေရင်ဆိုင်ရတဲ့အခါမှာ အာမခံကို Claim တောင်းဆိုနိုင်ဖို့ ပစ္စည်းတွေကိုသေချာဓာတ်ပုံ ရိုက်ထားပါ။ Digital မှတ်တမ်းထားထားပါ။ မှတ်စုတွေရေးထားပါ" ဟု Jazmin Ortega က သတိပေးခဲ့သည်။ မိုးကြီးလေထန်ချိန် မတော်တဆမှုများကြောင့် ကားများထိခိုက်သောအခြေအနေအတွက် ကားအာမခံများတွင်လဲ auto insurance declaration page ကိုသေချာဖတ်ရန်တိုက်တွန်းခဲ့သည်။ အာမခံဝယ်ယူသောအခါ ရေးထားသည့်သဘောတူညီချက်များကို သေချာဖတ်ရန်အလွန်အရေးကြီးပြီးအသေး စိတ်ကို www.insurance.ca.gov မှာ မေးခွန်းထားခဲ့ပြီးဖြစ်စေ၊ Live chat နှင့် ဖြစ်စေ၊ 800-927-4357 ကိုဖုန်းခေါ်မေးပြီးဖြစ်စေ သိနိုင်ပါသည်။ " အာမခံကိစ္စများဝယ်ယူဖို့အတွက်နှင့် မေးမြန်းဖို့အတွက် အဖွဲ့အစည်းများမှကူညီဆောင်ရွက်မှုကိုတောင်းခံမယ့်သူတွေကို California Department of Insurance ဌာနက Citizenship ရှိ၊ မရှိ နှင့် Social security ကို မေးမှာမဟုတ်ပါဘူး။ ကျမတို့ဟာ Californians တိုင်း ရဲ့ ကိုယ်ရေးကိုယ်တာကိုလေးစားအသိအမှတ်ပြုပါတယ်" ဟု Jazmin Ortega က အဓိကထားပြောခဲ့သည်။ California Alerts Page များကို အရေးပေါ်အခြေအနေအတွက် ထုတ်ပြန်ထားရာ www. ListosCalifornia.org/ alerts တွင် Sign up လုပ်ထားခြင်းဖြင့် အရေးပေါ်အခြေအနေများကို သိနိုင်ပြီး www. ListosCalifornia.org/ StormSeason တွင် အရေးပေါ်အခြေအနေမတိုင်မီ၊ အရေးပေါ် အခြေအနေအတွင်းနှင့် အရေးပေါ်အခြေအနေအပြီး သတင်း၊ အရင်းအမြစ်များကိုရယူနိုင်သည်။ ဘာသာစကား ၁၃မျိုးဖြင့်ရေးသားဖော်ပြထားသည်။ California Department of Social Services နှင့် Cal OES တို့သည် အရေးပေါ်အခြေအနေများအတွက် Shelters များကို ဖွင့်ပေးမည်ဖြစ်သည်။ အရေးပေါ်အခြေအနေ များမှာ Shelters များတွင်နေဖို့ဂိုန် ID မတောင်းပါ။ Immigration status မမေးပါ။ အရေးပေါ်အခြေအနေများအတွက် လေ့လာဖတ်ရှုရမည့်ဝက်ဆိုက်များကို အောက်တွင်ဖော်ပြထားသည်။

www. CalOES.ca.org | www. ListosCalifornia.org
www.CDPH.ca.org | www.QuickMap.dot.ca.gov

English, Spanish, Hmong နှင့် Punjabi ဘာသာစကားတို့ဖြင့် ဖော်ပြထားသော ဆောင်းရာသီ Text Message Course ( သင်ခန်းစာ၅ခုကို) ကြိုတင်ပြင်ဆင်ရန်အတွက်လေ့လာနိုင်ပြီး 20202 သို့ "CAWINTER" သို့ SMS စာတိုပို့ပြီး ရယူနိုင်ပါသည်။

Alf LaMont, CEO and Chief Digital Strategist, LaMont Digital က မုန်တိုင်းရာသီတွင်ဘေးကင်းဖို့ Social media toolkit များကို www.socialpresskit.com/wetwinter တွင် ရေကြီး၊ မီးပျက်၊ အအေးလွန်၊ မုန်တိုင်းကျ၊ မြေပြိုချိန် အရေးပေါ်အခြေအနေများအတွက်ပြင်ဆင်ဖို့နဲ့ ဘေးကင်းအောင်နေနိုင်ဖို့ကို လေ့လာနိုင်ပြီး Spanish. Chinese, Filipino, Korean, Vitenamese, Ukrainian, Armenian, Hindi, Hmong, Japanese, Punjabi, Tagalog ဘာသာများဖြင့်ဖော်ပြထားကြောင်းပြောကြားခဲ့သည်။

အရေးပေါ်အခြေအနေကျရောက်နေချိန်များအတွင်းမှာတော့ https://news.caloes.ca.gov သို့မဟုတ် ListosCalifornia.org ကိုသာသုံးရန် Diana Crofts-Pelayo က ပြောကြားခဲ့သည်။

# အမေရိကားတွင်ထုတ်လုပ်သည်

## လမ်းလျှောက်သမားရဲ့မှတ်စု

**US ပြည်တွင်းကနေ US ကရှိတဲ့ကုန်ကြမ်း၁၀၀% နဲ့ ချက်ပြုတ်ထုတ်လုပ်ထားတဲ့ ပင်ဝါးရုံနဲ့ ရွှေဥဩ အသင့်စားမြန်မာစားသောက်ကုန်တံဆိပ်နှစ်ခု**

US ပြည်တွင်းကနေ US ကရှိတဲ့ကုန်ကြမ်း၁၀၀% နဲ့ ချက်ပြုတ်ထုတ်လုပ်ထားတဲ့ အသင့်စား မြန်မာစားသောက်ကုန်တွေကို San Francisco Bay Area ကနေ ထုတ်လုပ်နေပါပြီ။ ချက်ရပြုတ်ရ အချိန်ကုန်သက်သာ၊ အိမ်မီးဖိုချောင်ဆေးရ၊ တိုက်ရသက်သာတဲ့အပြင် ကျန်းမာရေးကိုဆိုးရွားစွာထိခိုက်စေတဲ့ ဓာတုပစ္စည်းတွေ၊ တာရှည်ခံပစ္စည်းတွေ လုံးဝ မပါဝင်တဲ့အတွက် စိတ်ချလက်ချစားသောက်နိုင်ပါတယ်။

### ပင်ဝါးရုံမုန့်ဟင်းခါး




ပထမတမျိုးက ယခင်နှစ်တွေထဲက ထုတ်လုပ်ရောင်းချတဲ့ ပင်ဝါးရုံမုန့်ဟင်းခါးပါ။

ပင်ဝါးရုံမုန့်ဟင်းခါးဟာ အသင့်စားမုန့်ဟင်းခါးနဲ့တောင်မတူဘဲ ချက်ချင်းချက်ပြီးစားရသလို စပလင်နံ့၊ ဂျင်း၊ ငရုတ်ကောင်းနံ့ မွှေးတဲ့ မုန့်ဟင်းခါးအစစ်နဲ့ထွက်ပြီး ငါးပြုတ်ရည်ကိုရော၊ ငါးကိုပါ ဆန်မှုန့်၊ ပဲမှုန့်အနှစ်နဲ့တခါထဲရောထားပြီးသားမို့ အထုတ်စစစစတွေ တခုချင်းဖောက်စရာမလိုဘဲ တထုတ်ထဲကို ရေနွေးဆူဆူတည်ပြီး ဖောက်ထည့်လိုက်ရုံပါပဲ။

ပုံမှန်စားတတ်သူတွေအတွက် ဘာဂျင်း၊ ဘာကြက်သွန် ဖြူမှ ထပ်ထည့်စရာမလိုပါဘူး။

အပူအစပ်ကြိုက်သူတွေအတွက်တော့ ငရုတ်ကောင်းနည်းနည်းထပ်ထည့်စား ရင် ပိုစားကောင်းပါတယ်။ ပင်ဝါးရုံမုန့်ဟင်းခါးအရသာဟာ ၁၉၈၀ခုနှစ်တဝိုက်က လမ်းမတော်တဝိုက်က လမ်းတွေထဲ အထမ်းနဲ့လာရောင်းတဲ့ အညာကလယ်သမားကြီးဦးကောင်းစိန် မုန့်ဟင်းခါးအရသာကို သတိတရရှိစေပါတယ်။ ရန်ကုန်မုန့်ဟင်းခါးတွေလို ပစ်ခဲမျိုးလဲ မဟုတ်၊ မြစ်ဝကျွန်းပေါ်မုန့်ဟင်းခါးတွေလို ရေကျဲလည်း မဟုတ်ဘဲ စပလင်၊ ဂျင်း၊ ငရုတ်ကောင်းနံ့က သင်းကနဲထွက်လာပြီး စားတဲ့အခါမှာလဲ ငါးအရသာအပြည့်အဝရတဲ့ ဦးကောင်းစိန်အထမ်းမုန့်ဟင်းခါးအရသာမျိုးမို့ မုန့်ဟင်းခါးကြိုက်သူတွေ နှစ်သက်ကြမယ့် မုန့်ဟင်းခါးပါ။ US ဘယ်ပြည်နယ်ထဲကမဆို စာတိုက်ကနေ ပို့ပေးပါတယ်။ မုန့်ဟင်းခါးဟင်းရည်တထုတ်ကို ၅ပွဲကနေ၇ပွဲလောက်ထိ စားလို့ရပါတယ်။

(ကြော်ငြာစာမျက်နှာ **A 10** မှာ ဖတ်ပြီး အော်ဒါမှာယူနိုင်ပါတယ်။)

### ရွှေဥဩ အုန်းနို့ခေါက်ဆွဲနဲ့ ရခိုင်မုန့်တီ




ဒီနှစ်မှာ San Francisco Bay Area ကနေပဲ ရွှေဥဩ တံဆိပ် အုန်းနို့ခေါက်ဆွဲနဲ့ ရခိုင်မုန့်တီ ထွက်လာပါတယ်။ သန့်ရှင်းစွာ လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ထားတဲ့ ထုတ်ကုန်နှစ်ခုလုံးဟာ အစားအသောက် အရည်အသွေးနဲ့အရသာမှာလဲ ကြယ်၅ပွင့် ပေးရလောက်အောင် ကောင်းလှပါတယ်။

ပထမဆုံးအချက်က အုန်းနို့ခေါက်ဆွဲမှာ ကြက်ရင်ပုံသားကို သုံးပြီး ကြေမွနေတဲ့ ကြက်သားမျှင်မျိုးမဟုတ်ဘဲ အသားတုံးပုံမပျက်ကြက်သားဆီသတ်တွေအများကြီးကိုတထုတ်သပ်သပ်ထည့်ပေးထားပြီး အုန်းနို့ပဲနှစ်က တထုတ်ပါ။ ရေဆူဆူထဲ အုန်းနို့ပဲနှစ်ထည့်ပြီး ထပ်ဆူလာရင်ကြက်သားဆီသတ်ထုတ်ဖောက်ထည့်ရင် အုန်းနို့ခေါက်ဆွဲဟင်းရည်ရပြီပဲ။ ခေါက်ဆွဲပြုတ်ထားပြီး အနည်းလေး၁၀မိနစ်၊ ၁၅မိနစ်ပဲ ကြာပါမယ်။( ကြက်သွန်ဥသေးနဲ့ကြက်ဥပြုတ်ကိုတော့ ကိုယ့်ဟာနဲ့ကိုယ်ထည့်စားနိုင်ပါတယ်။) အသင့်စားဆိုပေမယ် ဟင်းအိုးဆူတာနဲ့ လတ်လတ်ဆတ်ဆတ် အုန်းနို့နံ့ကို ရမှာဖြစ်ပါတယ်။ အချိန်ကုန်နဲ့ ကရိကထအလွန်သက်သာပြီး အရသာရှိသန့်ရှင်းလတ်ဆတ်တဲ့အုန်းနို့ခေါက်ဆွဲကိုစားချင်ရင် ရွှေဥဩတထုတ်နဲ့ ရေနွေးဆူဆူတအိုးပဲလိုပါတယ်။ ရွှေဥဩအုန်းနို့ခေါက်ဆွဲတထုတ်ကို ၇ပွဲ၊ ၈ပွဲထိ စားလို့ရပါတယ်။

ရွှေဥဩရခိုင်မုန့်တီကတော့ တကယ့်အိမ်မှာချက်စားသလို ငါးအသားပြုတ်အပြည့်၊ ပဒဲကောအစစ်၊ ကြက်သွန်ဖြူ၊ ငရုတ်ကောင်းလတ်လတ်ဆတ်ဆတ်နဲ့ ရခိုင်မုန့်တီကြိုက်သူတိုင်း ဝယ်ကိုဝယ်စားသင့်တဲ့ အသင့်စားရခိုင်မုန့်တီဖြစ်ပါတယ်။ အရည်ကြည်သာပါတဲ့ရခိုင်မုန့်တီမျိုးမဟုတ်ဘဲ ငါးအသားပြုတ်အများကြီးနဲ့ ရခိုင်မုန့်တီအရသာပီပီပြင်ပြင်ရစေတယ်။ ငရုတ်သီးစိမ်းပြုတ်ထောင်းနဲ့ မန်းကျည်းနှစ်အထုတ်လေးတွေကိုပါတခါထဲထည့်ပေးထားတာမို့ ဘာမှထပ်ထည့်စရာ မလိုအောင်အဆင်ပြေလှပါတယ်။ ရာသီဥတုအေးတဲ့အချိန်မှာ ရခိုင်မုန့်တီကြိုက်သူတိုင်း ဝယ်စားပြီးအကြိုက်တွေ့ကိုတွေ့ကြမယ့် ရွှေဥဩ အသင့်စားရခိုင်မုန့်တီထုတ် ဖြစ်ပါတယ်။

(ကြော်ငြာစာမျက်နှာ **A 4** မှာ ဖတ်ပြီး မှာယူနိုင်ပါတယ်။)

ပင်ဝါးရုံမုန့်ဟင်းခါးနဲ့ ရွှေဥဩ ရခိုင်မုန့်တီ၊ အုန်းနို့ခေါက်ဆွဲ ထုတ်လုပ်ရောင်းချသူနှစ်ဦးလုံးဟာ ငွေကြေးအမြတ်ရဖို့ထက် စားသုံးသူတွေအတွက်ရော၊ သူတို့ရဲ့မြန်မာအစားအစာပေါ်မှာရော စေတနာအပြည့်ထားပြီး ပစ္စည်းကောင်းတွေသုံးချက်ပြုတ်ထားပြီး အရည်အသွေးရော၊ ပမာဏရော စားသုံးသူတွေ ဘက်ကို ကြည့်ပြီး ပြုလုပ်ထားတာကို သတိပြုမိပါတယ်။

US မှာအခြေချနေထိုင်တဲ့မြန်မာလူဦးရေဟာ လွန်ခဲ့တဲ့နှစ်၃၀ကထက် အများကြီးများလာတာမို့ US ပြည်တွင်းကနေ US ပြည်တွင်းကုန်ကြမ်းတွေနဲ့ ကျန်းမာရေးနဲ့ညီညွတ်အောင်လတ်လတ်ဆတ်ဆတ်ချက်ပြုတ်ရောင်းချတဲ့ ပင်ဝါးရုံမုန့်ဟင်းခါးနဲ့ ရွှေဥဩ ရခိုင်မုန့်တီ၊ အုန်းနို့ခေါက်ဆွဲတို့ကို မြန်မာလူမျိုးအချင်းချင်းအားပေးကြရင်း မြန်မာစားသောက်ကုန်တွေ ကျန်းမာရေးအဆင့်မီ၊ အမေရိကားပြည်တွင်းနဲ့ နိုင်ငံတကာဈေးကွက်ပါ ဖောက်နိုင်တဲ့ထိ ရပ်တည်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

လွန်ခဲ့တဲ့ ၁၇နှစ်သတင်းစာစထုတ်ပြီး လပေါင်းအကြာမှာ ဖော်ပြခဲ့ဖူးတဲ့ "လမ်းလျှောက်သမားရဲ့မှတ်စု"ကို ပြန်အသက်သွင်းတာဖြစ်ပါတယ်။ အားပေးမှုအလိုက် သတင်းသမားလမ်းလျှောက်သွားရင်းကြုံတွေ့သိကြားမှတ်သားထားသမျှတွေ ဖော်ပြသွားမှာဖြစ်ပါကြောင်း
- တာဝန်ခံအယ်ဒီတာ

From P 18 Star2

without any edits following us in one long continuous shot. I pop in and out of the scenes singing the song, while she's "alone" in the house going through all her different emotions as she realizes it's over.

I'm curious to see which one fans will like better!

**5.** What are your unforgettable memories living in Mae Sot refugee camps? What were your challenges in your early days living in the US and how did you overcome them?

I have some traumatic memories from the refugee camp. There's death and suffering that young people shouldn't see. Hunger drives people into the jungle for extra food. We hunt birds, lizards, snakes, and small animals with sling shots and pick fruit and dig roots. Some people are blown up by landmines. Sometimes the camps are bombed.

There are also characters. Mae La Camp is huge- there are over 50,000 people. Many have a hustle to survive. There's little convenience stores, and stands where people make and sell food. I'm sure my early years have shaped me in ways I don't even see.

I spent hella hours in the stream running through the camp and fishing with my friends. The natural beauty of the area comes out in my drawings. We paid a small amount to watch bootleg movies like Home Alone, Ratatouille, Stuart Little,

Shrek, and others in people's huts. It was my first idea of what the U.S. would be like.

Going to the U.S. was such a huge change... in every way! We had never been in a car before leaving for the Bangkok airport. We had never seen tall buildings, paved roads, ovens, refrigerators, traffic, buses, or American food. We had of course never been on an airplane or used a tiny airplane bathroom.

One of the biggest challenges is to our families. The language barrier is scary but almost impossible for our elders. We become translators for them. After a few months we have to pay rent and pay for food and electricity and our phones. We have to pay back the airfare that brought us to the U.S. Our parents and in my case my grandma, have to work long hours and often leave us alone. I took care of my grandmother's twin baby girls while she picked mushrooms to make money. She left before dark and came back exhausted in the late afternoon.

Our neighborhoods are poor and we are targeted and bullied. Our first weeks kids on bikes threw rocks at us and started punching us. You toughen up fast. Some of the Asian U.S. gangs are the result of immigrant kids having to defend themselves.

I made it, though, by accepting help that came my way. There were nice teachers and coaches and I was a good student. Lol...I did get in trouble too though!

Mostly friends helped. I won't lie, it is very very hard to make it in the U.S. Rents keep going up and it takes hella hard work to get a car and the basics.

But you help each other and never give up. I always wanted more for myself and looked for opportunities.

**6.** Idols in your life?

Hip-Hop and R&B were the styles of music I listened to growing up. I loved Akon, Chris Brown, Tyga, Tupac, Biggie, and later Juice Wrld, Polo G, and Lil Poppa. I like all music - pop music, country, reggae, and my native Ka-ren music. Growing up, I also loved Bruno Mars and R&B ballads. Also, The Kid Laroi and of course Justin Beiber.

I love Asian Hip Hop, $tupid Young, MB Nel, my boy China-Town Runner, Ler Mu Dex, Gee Kade, MBless.

I want to shout out our artists in Thailand " 1Mill, FIIXD, DaBoy-

To Page 24

# တက်နိုလိုဂျီသုံး၍ အင်္ဂလိပ်စာ သင်ယူကြပါစို့ (၅)

## Using Technology to Learn English

မျိုးကျော်မြင့်

Technology နှင့် အင်္ဂလိပ်စာ သင်ကြားခြင်းအကြောင်း ပြောကြမည်ဆိုလျှင် Technology နှင့် ခလေးငယ်များအကြောင်းကို ချန်ထား၍ မရပါ။ အထူးသဖြင့် ယခုအချိန်မှာ Christmas နှင့် နီးနေပြီဖြစ်၍ ခလေးများအတွက် လက်ဆောင်များ ဝယ်ယူရန် စဉ်းစားနေချိန်လည်း ဖြစ်ပါသည်။ ဒီတော့ ယခု ခေတ်စားနေသော electronic toys များ၊ အထူးသဖြင့် စကားပြောနိုင်သော အရုပ်လေးများ၊ စာဖတ်ပြနိုင်သော စာအုပ်လေးများကို မြန်မာခလေးများအတွက် ဝယ်ယူပေးသင့်၊ မပေးသင့် ယခုဆောင်းပါးတွင် ဖော်ပြလိုပါသည်။

အချို့မိဘများက မိမိကိုယ်တိုင် အင်္ဂလိပ်စကား မကျွမ်းကျင်လှပါ။ အသံထွက်လည်း မမှန်လှပါ။ ဒီတော့ ဒီလိုစကားပြောတတ်သော အရုပ်လေးများ၊ စာဖတ်ပြနိုင်သော စာအုပ်လေးများကို အားကိုးခြင်ကြပါသည်။ သို့သော် ထို စကားပြောနိုင်သော အရုပ်လေးများ၊ စာဖတ်ပြနိုင်သော စာအုပ်လေးများမှာ ခလေးငယ်များနှင့် မသင့်တော်သည့်အတွက် ဝယ်ယူဖို့ မသင့်ကြောင်း တားမြစ်လိုပါသည်။

### They Hinder Social Interaction

ခလေးငယ်များအတွက် စကားပြောဆိုခြင်းသည် အထူးအရေးကြီးသည့် ဖွံ့ဖြိုးမှုတခု ဖြစ်ပါသည်။ စကားပြောသည် ဆိုရာ၌ မိဖများနှင့်၊ ညီအကိုမောင်နှမများဖြင့် အပြန်အလှန် ပြောဆိုခြင်းကို ဆိုလိုပါသည်။

အရုပ်လေးက စကားပြောနေခြင်းကို နားထောင်နေရုံဖြင့် စကား တတ်မလာနိုင်ပါ။ စကားပြောသင်ယင် မိဖနှင့်ခလေးကြား၊ ခလေးနှင့် ညီအကိုမောင်နှမကြား သံယောဇဉ်လေးတွေ ဖြစ်လာပြီး တန်ဘိုးရှိလှသည့် ဆက်ဆံမှုလေးများ ဖြစ်လာပါသည်။ စကားပြောတတ်သည့် အရုပ်လေးများ၊ စာဖတ်ပြသည့် စာအုပ်လေးများက ထိုကဲ့သို့ တန်ဘိုးရှိသော ရတနာလေးများ မဖန်တီးနိုင်တာ ထင်ရှားလှပါသည်။

### They can negatively impact language development

ထိုစကားပြောတတ်သော အရုပ်လေးများ၊ စာဖတ်ပြတတ်သော စာအုပ်လေးများကြောင့် ခလေးငယ်၏ စကားပြောတတ်လာမှု၊ တနည်းအားဖြင့် Language dovelopment ကို နှောင့်နှေးစေတတ်ပါသည်။ မိမိ၏ သားငယ်၊ သမီးငယ်လေးများ အင်္ဂလိပ်စာ တတ်ကျွမ်းစေလိုလျှင် ထို electronic toys များကို အားကိုးနေ၍ မရပါ။ ၎င်းအရုပ်လေးများ၊ စာအုပ်လေးများက ခလေးငယ်ကို limited vocabulary သာ ပေးနိုင်ပါသည်။ ထို limited vocabulary ကြောင့် Language dovelopment ကို နှောင့်နှေးသွားစေပါသည်။ မိဖများ၊ ညီအကိုမောင်နှမများ၊ ရွယ်တူအခြား ခလေးငယ်များနှင့် စကားပြောဆို ဆက်ဆံနေမှသာ ခလေးငယ်များ လိုအပ်သော unlimited vocabulary ကို ရရှိနိုင်မည် ဖြစ်ပါသည်။

အင်္ဂလိပ်စာ မကျွမ်းကျင်သည့် မိဖများကိုလည်း ကြိုးစားပြီး အင်္ဂလိပ်လို ပြောဆိုဖို့ တိုက်တွန်းလိုပါသည်။ အခြေခံလောက်တော့ မြန်မာတိုင်း ပြောနိုင်ကြပါသည်။ မိမိက အိမ်တွင် အခြေခံလောက် ပြောပေးထားရင် ခလေး သူငယ်တန်းတက်သည့်အခါ အလွယ်တကူ အင်္ဂလိပ်စာ တတ်သွားပါလိမ့်မည်။ အင်္ဂလိပ်စကားရော၊ မြန်မာစကားပါ ကောင်းကောင်းပြောနိုင်သည့် Bi-lingual ခလေးများ ပြုစုပျိုးထောင်ပေးနိုင်ရန် စကားပြောတတ်သော၊ စာဖတ်ပြတတ်သော electronic toys များကို ရှောင်ကြဖို့ မှာကြားလိုပါသည်။




### They can promote dependence on technolgy

ဆိုးရွားသောအပြစ်တခုက ဒီ စကားပြောနိုင်သော၊ စာဖတ်ပြနိုင်သော အရုပ်လေးများဖြင့် ကြီးပြင်းလာရသော ခလေးငယ်သည် electronic toys ပစ္စည်းများအပေါ် အထူးအားကိုးသွားတတ်ပြီး၊ ကိုယ့်အားကိုယ်ကိုးလိုစိတ် လျော့နည်းသွားစေပါသည်။ ယခုခေတ်က လူကြီးများတောင် GPS တို့ Cell phone တို့ကို အရမ်းအားကိုးနေကြတဲ့ခေတ်ပါ။

ခလေးဘဝ၊ ငယ်ရွယ်စဉ်ကတည်းက ဒီ electronic toys လေးတွေ မရှိရင် ဘာမှမလုပ်တတ်တော့ဘဲ ဘဝမျိုးရောက်အောင် ကိုယ့်သားငယ်၊ သမီးငယ်ကို တွန်းမပို့ပေးပါနဲ့။ သာမန် အရုပ်လေးတွေနဲ့ဘဲ ကစားပါစေ။ သူငယ်ချင်းများနဲ့ဘဲ ကစားပါစေ။ ကိုယ့်အားကိုယ် ကိုးတတ်သူ ဖြစ်လာအောင် ဒီ electronic toys လေးတွေနဲ့ ဝေးနိုင်သမျှ ဝေးအောင် ထားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။

### They kill a child's creativity

ခလေးငယ်လေးများမှာ curiosity နဲ့ creativity ရှိကြပါတယ်။ အရာရာကို သိလိုစိတ်၊ စူးစမ်းလိုစိတ် အင်မတန် များပါတယ်။ ဒါကို curiosity လို့ ခေါ်ကြတာပေါ့နော်။ ဒီထက်ပိုပြီး ခလေးငယ်တိုင်းမှာ အသစ်အဆန်းလေးတွေ ဖန်တီးလိုစိတ်၊ တီထွင်လိုစိတ်လည်း အထူးများပြား ပါတယ်။ ဒါကို creativity လို့ ခေါ်ကြတာပါ။

ဒီလို စူးစမ်းလိုစိတ်တွေ၊ တီထွင်လိုစိတ်တွေကို electronic toys တွေက အားမပေးတဲ့အပြင် ပျောက်ဆုံးသွားအောင်၊ ဆိတ်သုဉ်းသွားအောင် ပြုလုပ်တတ်ပါတယ်။ electronic toys လေးတွေဟာ အသံလည်း ကျယ်တယ်။ အရောင်လည်း စုံတယ်ဆိုတော့ ခလေးငယ်တချို့ဟာ ဒီအရုပ်လေးတွေ၊ စာအုပ်လေးတွေနဲ့ဘဲ ကျေနပ်နေပြီး အခြားအရာများကို စူးစမ်းလိုစိတ် လျော့နည်းသွားတတ်ပါတယ်။ အထူးသတိထားပြီး ရှောင်ကြဖို့ မိဘများကို တိုက်တွန်းလိုပါတယ်။

တကယ်တော့ စာရေးသူက မြန်မာခလေးများကို မိမိရဲ့ မြေးငယ်လေးများလို စေတနာပိုမိပြီး အစိုးရိမ်တွေ လွန်နေတာပါ။ ခလေးများက စိတ်ချရပါတယ်။ ကမ္ဘာကျော် psychologist တယောက်ပြောသလိုပေါ့။ သူ့သားလေးကို တန်ဖိုးကြီးတဲ့ electronic toys ဝယ်ပေးမိတယ်တဲ့။ ဒါပေမဲ့ ခလေးက အဲဒီတန်ဘိုးကြီးတဲ့အရုပ်နဲ့ မဆော့ဘဲ၊ အရုပ်ထည့်လာတဲ့ ပုံးကြီးကို သင်္ဘောလုပ်ပြီး ကစားနေတယ်တဲ့။ အားလုံး မှတ်ထားကြပေါ့။ 10% toy and 90% child ပါတဲ့။

## Where to Pick Up a Paper

မြန်မာ့ဂဇက်အခမဲ့ရယူနိုင်သောနေရာများ။

**Washington D.C**
MYANMAR EMBASSY

**Los Angeles**
ရွှေမန်းသူမြန်မာစတိုး
စေတနာမွန်မြန်မာစားသောက်ဆိုင်
Jasmine မြန်မာအိန္ဒိယစားသောက်ဆိုင်
Asia Supermarket,
SCBA ခမ်းမ
Myanmar Consulate-General, LA
ကြော်ငြာပါသည့် Dentistဆေးခန်းများ

**Bay Area**
Ledu Restaurant ( Daly City)
99 Ranch Market ( Royal Ruby)
ရတနာဉာဏ်ရောင်ဓမ္မရိပ်သာ( Daly City)

**Fremont Area**
ဒေါ်ထွေးလေးခိုင်
Myanmar Community & Cultural Center

**Sacramento**
ကုသလကာရီကျောင်း
သာသနာ့ဂုဏ်ရည်ကျောင်း

**New York**
Queens ဝိသုဒ္ဓါရုံဓမ္မရံသီကျောင်း
ABBA Brooklyn (718) 622 8019
ဆရာကြီးမောင်စွမ်းရည်
ဇေယျာသီရိကျောင်း
MYANMAR PERMANENT MISSION

**Fort Wayne**
Zin (Asian Grocery Store)

**Las Vegas**
ဇေယျဓမ္မရိပ်သာ

**San Diego**
KAREN ORGANIZATION OF SAN DIEGO


**Florida**
သာသနာ့ပါလကျောင်း
10737 Mc Laurin Rd E Jacksonville
FL 32256

**Buffalo**
Jericho Road Community Health Center




From P25 2020 Census

## Census 2010 နှင့် Census 2020 တို့တွင်ပြဆိုသော မြန်မာလူမျိုးစု [လူမျိုးစုပ်များ အပါအဝင်] အများ ဆုံးအဓိကမြို့များရှိ လူဦးရေ နှိုင်းယှဉ်ချက် [နှင့် ဆယ်လူစုနှစ်တခု အတွင်း လူဦးရေတိုးပွားမှု%] [ထိပ်ဆုံး[၂၅]မြို့]




## Census 2010 မှ Census 2020 အကြား မြန်မာလူမျိုးစုလူဦးရေတိုးပွားမှုနှုန်းကို အထင်ကရမြို့ များတွင် လေ့လာခြင်း

| Cities | Census 2020 | Census 2010 | Growth% |
|---|---|---|---|
| Oklahoma, Oklahoma | 1,084 | 222 | 388 |
| Hayward, California | 438 | 120 | 265 |
| Philadelphia, Pennsylvania | 1,145 | 388 | 195 |
| San Antonio, Texas | 1,346 | 535 | 152 |
| Portland, Oregon | 1,701 | 747 | 128 |
| Austin, Texas | 1,074 | 492 | 118 |
| Oakland, California | 637 | 377 | 69 |
| Washington, District of Columbia | 205 | 134 | 53 |
| Union City, California | 469 | 314 | 49 |
| San Diego, California | 1,199 | 824 | 46 |
| San Gabriel, California | 350 | 261 | 34 |
| Bakersfield, California | 389 | 294 | 32 |
| El Monte, California | 314 | 241 | 30 |
| Diamond Bar, California | 211 | 166 | 27 |
| Los Angeles, California | 1,040 | 842 | 24 |
| Monterey Park, California | 336 | 279 | 20 |
| Fremont, California | 1,730 | 1,450 | 19 |
| San Jose, California | 714 | 602 | 19 |
| Denver, Colorado | 935 | 800 | 17 |
| Walnut, California | 138 | 119 | 16 |
| Arcadia, California | 427 | 376 | 14 |
| San Francisco, California | 1,723 | 1,579 | 9 |
| Rosemead, California | 390 | 376 | 4 |
| Alhambra, California | 452 | 528 | -14 |




အထက်ပါဇယားကိုလေ့လာမယ်ဆိုရင် စိတ်ဝင်စားဘွယ်အချက်က Census 2020 အထိနိုင်ငံအတွင်း တရားဝင်ဝင်ရောက်ခွင့်ပြုမိန့် (Immigrant visa) ရရှိသူဦးရေဟာ (၁၈၀,၃၆၄)ဦးရှိတာမို့ မြန်မာလူဦး ရေစုစုပေါင်း (၂၇၆,၃၂၂ ဦး)ပေါ်မူတည်တွက်ချက်ရင် (၆၅.၂၇%)သောမြန်မာလူမျိုးစုဦးရေဟာ refugees များဖြစ်ကြတယ်လို့ကောက်ချက်ဆွဲကြရမလိုဖြစ်နေပါတယ်။ ဒါဟာ မေးခွန်းထုတ်စရာကိစ္စကြီးတခု ဖြစ်လာပါတယ်။


## Immigrant Visas မျိုးစုံရရှိမှုအခြေအနေ

| | |
|---|---|
| (၂၀၀၀)ခုနှစ်မှ(၂၀၂၂)ခုနှစ်အတွင်း၊ အမေရိကနိုင်ငံသို့ပြောင်းရွှေ့အခြေချနေထိုင်ကြ သော Immigrant Visas မျိုးစုံရရှိသူ တစ်နှစ်လျှင်(ပျမ်းမျှ)မြန်မာလူမျိုးစုဦးရေပေါင်း | ၁,၀၇၄ - ဦး |

## Asylum Visa ခွင့်ပြုရရှိမှုနှင့်ငြင်းပယ်ခြင်းခံရမှုအခြေပြ [ဇူလိုင်၊ ၂၀၂၃ ခုနှစ်အထိ]

| Asylum လျှောက်ထားမှုပေါ်အရေးယူဆောင်ရွက်ခြင်းများ(%) | % |
|---|---|
| ဆက်လက်မလျှောက်ထားတော့ခြင်း၊ အရေးယူဆောင်ရွက်မှုမပြုခြင်းနှင့်လျှောက်ထားခြင်း ကိုကာယကံရှင်ကိုယ်တိုင်မှအဆုံးသတ်ခြင်း (%) | ၁၉% |
| ငြင်းပယ်ခြင်း Rejections (%) | ၁၃% |
| ခွင့်ပြုမိန့်ချပေးထားခြင်း (%) | ၆၈% |

## မြန်မာလူမျိုးစုလူဦးရေဆိုင်ရာအချက်အလက်များကို Census Bureau ၏ https://data.census.gov တွင် တက်ရောက်ကြည့်ရှုနိုင်သောနည်းလမ်း




၁။ "Advanced Search" ကို click လုပ်ပါ။

၂။ "Geography" ခေါင်းစဉ်အောက်ရှိမိမိနေထိုင်ရာ (သို့မဟုတ်) ကြည့်လိုသော ဒေတာရှိသောနိုင်ငံ၊ ပြည်နယ်၊ ခရိုင်၊ မြို့ ("Place" သည်မြို့ဖြစ်သည်။) နှင့် ZIP Code နှင့် ကောက်ကွက်တို့ကိုလိုရာနှိပ်ပါ။

(ဥပမာ - မိမိနေထိုင်ရာမြို့ဖြစ်သော Daly City, California ရှိမြန်မာလူမျိုးစု လူဦးရေကိုကြည့်မည်ဆို ပါစို့။)

၃။ "Place" ကိုနှိပ်ပါ။

၄။ "California" ကိုနှိပ်ပါ

၅။ "Daly City" မြို့အမည်ကို Search box တွင်ရိုက်သွင်းပြီးရှာပါ။

၆။ "Surveys" ခေါင်းစဉ်ကိုနှိပ်ပြီး၊ "Decennial Census" ကိုနှိပ်ပါ။

၇။ ပြီးနောက် "Detailed Demographic and Housing Characteristics File A" ကို check mark လုပ်ပြီး ရွေးပါ။

၈။ "Topics" ခေါင်းစဉ်အောက်ရှိ "Race and Ethnicity" ကိုရွေးနှိပ်ပါ။

၉ ။ "Asian" ကိုရွေးပါ။

၁၀။ "Detailed Asian Alone or in any Combination" ကိုနှိပ်ပါ။

၁၁။ "Southeast Asian Alone or in any Combination" ကိုနှိပ်ပါ။

၁၂။ "Burmese" ကို check mark လုပ်ပြီးရွေးပါ။


(webpage ၏ညာဖက်တွင်ဖေါ်ပြနေသော "Filters" တွင် အချက်(၃)ခုလုံး အပြည့်အစုံရှိ နေပါစေ။)

၁၃။ ညာအောက်ဖက်ထောင့်တွင်ရှိသော "Search" blue box ကိုနှိပ်ပြီး၊ မိမိတို့ကြည့်လိုသော ကိန်း ဂဏန်းအချက်အလက်များကိုကြည့်နိုင်ပါပြီ။ ဇယားအညွှန်းနံပါတ်များမှာ (T01001), (T02002), (T02003) စသဖြင့် လူဦးရေနှင့်ကျား/မ အသက်အပိုင်းအခြားအလိုက်ဖေါ်ပြချက်များ ရှိပါသည်။

၁၄။ ထိုနည်းတူ ခရိုင်၊ ပြည်နယ် နှင့် အမေရိကတဝှမ်းလုံးရှိမြန်မာလူမျိုးစု လူဦးရေကိုကြည့်ရှုနိုင် ပါသည်။

(သတိချပ်ရန်မှာ မိမိတို့ရွေးချယ်မှုဖြစ်သော Burmese Alone (သို့မဟုတ်) Burmese Alone or in any combination ပေါ်မူတည်ပါသည်။)

## မြန်မာလူမျိုးစု လူဦးရေဆိုင်ရာအချက်အလက် [သရုပ်ဖေါ်ပုံ]များကို Census Bureau ၏ https://www.census.gov/library/visualizations.html တွင် တက်ရောက်ကြည့်ရှုနိုင်သောနည်းလမ်း




၁။ "Resource Library" ကိုနှိပ်ပါ။

၂။ "Infographic and Visualizations" ကိုနှိပ်ပါ။

၃။ ဒုတိယ column ဖြစ်သော "Demographic Program or Survey" ကိုနှိပ်ပါ။

၄။ Drop-down menu မှ "Decennial Census" ကိုနှိပ်ပါ။

၅။ "Detailed Races and Ethnicities in the U.S. and Puerto Rico: 2020 Census" ခေါင်းစဉ်ကိုရွေးပြီးနှိပ်ပါ။

၆။ "Ranking" ခေါင်းစဉ်ပါ tab ကိုနှိပ်ပါ။

၇။ "Select a Racial or Ethnic Group" ၏ drop-down menu မှ "Asian Alone" (or) "Asian Alone or in Any Combination" ကိုနှိပ်ပါ။

၈။ သင်ကြည့်လိုသောကိန်းဂဏန်းများကိုသရုပ်ဖေါ်ပြသသော graphs များကိုမြင်နိုင်ပါမည်။

(မှတ်ရန်မှာ - ညာဖက်ရှိ "Select a geography" ကိုရွေးချယ်ခြင်းဖြင့် လိုအပ်သလိုပြောင်းလဲကြည့်ရှု နိုင်ပါသည်။)

အချုပ်အားဖြင့် တိုက်တွန်းလိုတဲ့အချက်ကြီးကတော့ ဒီကနေ့မြန်မာကွန်မြူနတီအတွင်း မိမိတို့ဇာတိနိုင်ငံအရေးတောင်းဆိုမှုကစတင်ပြီး၊ အမေရိကနိုင်ငံအတွင်း ပြောင်းရွှေ့အခြေချနေထိုင်ကြသည့်တိုင် အောင်၊ မိမိတို့ဘဝတသက်တာလိုအပ်ချက်တွေဟာ စဉ်ဆက်မပြတ်ရှိနေကြမှာက ငြင်းမရတဲ့ကိစ္စတွေ ပါ။ ဒီကိစ္စတွေကို ဆိုင်ရာပိုင်ရာတွေကိုတောင်းဆိုကြရာမှာ အမေရိကနိုင်ငံ အစိုးရအဖွဲ့အစည်းတွေက စိတ်ဝင်တစားအလေးဂရုပြုလာကြဘို့ကရေးကြီးပါတယ်။ ဒီလိုအရေးစိုက်လာဘို့က အမေရိကနိုင်ငံတော်ကြီးနဲ့အစိုးရက လိုလိုချင်ချင်ကူညီဆောင်ရွက်ပေးဘို့ လိုအပ်တဲ့ လူဦးရေအရေအတွက်နဲ့ပံ့ပိုးပေး ဘို့မဖြစ်မနေလိုအပ်နေတဲ့အချက်အလက်ကိန်းဂဏန်းတွေကသက်သေထူပြသနေဘို့လိုပါတယ်။

မြန်မာနိုင်ငံတနံတလျားအတွင်းကနေပေါက်ဖွားနေထိုင်ကြသူအားလုံးဟာ Burmese တွေဖြစ်ကြပါ တယ်။ Burmese တွေဟာ Burmese ပါလို့တရားဝင်ပြောဘို့ (တနည်း) သန်းခေါင်စာရင်းပြန်ကြားဘို့က "မဖြစ်မနေ"လိုအပ်လာတာကတော့ထင်ရှားလှပါတယ်။ ပကတိအခြေအနေကိုနားလည်သုံးသပ်တတ် ကြပြီး၊ အမှန်ကိုအမှန်အတိုင်း ရဲရဲပြောနိုင်ကြသော Burmese တွေဖြစ်ကြပါစေဟူ၍သာ.......။

# မင်းဘယ်လမ်းသွားသွား အဆက်မပြတ်စေရ

တိမ်မင်း

အခုဆောင်းပါးလေးကတော့ အိမ်မှာ မရှိတဲ့အချိန် အဆက်အသွယ်ရအောင် လုပ်တဲ့ အကြောင်းလေးတွေကို ရေးသားသွားမှာဖြစ်ပါတယ်။

ပန်းခြံထဲမှာပဲ လမ်းလျှောက်နေတာပဲဖြစ်ဖြစ် ကော်ဖီဆိုင်မှာပဲ ထိုင်ထိုင် လေယာဉ်ပေါ်မှာပဲဖြစ်ဖြစ် အင်တာနက် ချိတ်ဆက်အသုံးပြုနိုင်တာဟာ တကယ်တော့ လွယ်သင့်ပါတယ်။ အခုဆိုရင် U.S. မှာ အင်တာနက် လွှမ်းခြုံမှုဟာကျယ်ပြန့်ပြီး ဈေးဝယ်တဲ့စင်တာတွေကတဆင့် ဆရာဝန်ဆေးခန်းမှာဆိုဆို လေဆိပ်မှာက အစအင်တာနက်တွေ ရနေတတ်လို့ပါ။

သို့ပေသိ အဲ့ Network တွေသုံးရတာဟာ သင်ထင်သလောက် ရိုးရှင်းမနေပဲ ရှုပ်ထွေးမှုလေးတွေရှိတတ်ပါတယ်။ ဥပမာ ဆိုပါစို့ Public WiFi ပဲ ထားပါတော့။ အဲ့ဒါကို သုံးရင် စိတ်ချရပါ့မလား ဟက်ကာရန်က စိုးရိမ်ရမလား။ နောက်ပြီး WiFi မရတဲ့အချိန် hot spot သုံးပြီး အင်တာနက် ကြည့်ရင်ကော ဘယ်လိုနေမလဲ။ နောက်ပြီး ဖုန်းလိုင်းမမိ အင်တာနက်လည်း မမိတဲ့နေရာကိုသွားရင် ဘယ်လိုလုပ်ရမလဲ။ အဲ့လိုမေးခွန်းတွေအတွက် ဒီဆောင်းပါးမှာ ကြိုးစားပြီး ဖြေသွားပါမယ်။

## လိုအပ်တဲ့ ဖုန်းကွန်ယက် ဖြန့်ကျက်မှု [အိမ်ကနေမထွက်ခွာခင်]

ဖုန်းလိုင်းအမြဲအဆင်ပြေနေစေဖို့ ပထမဆုံးလိုအပ်တာကတော့ မှန်ကန်တဲ့ ဖုန်းလိုင်းရွေးချယ်မှုပါပဲ။ တကယ်တော့ ဒါကလွယ်ပါတယ်။ ဖုန်းအော်ပရေတာ အကြီးသုံးခုဖြစ်တဲ့ AT&T, T-Mobile နဲ့ Verizon တို့ဟာဆိုရင် တကယ်တော့ U.S. ရဲ့ တော်တော်များများ နေရာကို လွှမ်းမိုးထားပြီး အော်ပရေတာအကြီးတချို့ဟာလည်း လိုအပ်တာလေးတွေကို လိုက်ဖြည့်ထားနေတတ်ပါတယ်။ တကယ်လို့ သင်ဟာ သင်နေတဲ့ ပတ်ဝန်းကျင်မှာ ဖုန်းလိုင်း ခဏခဏ ပြတ်တောက်နေးကွေးတဲ့ ပြဿနာ ကြုံတွေ့ရရင် သက်ဆိုင်ရာ ဖုန်းဧရိယာဖြန့်ကျက်မှုမြေပုံတွေကိုကြည့်ပြီး ကိုယ်နေတဲ့နေရာနဲ့ အဆင်ပြေတဲ့ လိုင်းကို ပြောင်းသုံးနိုင်ပါတယ်။

နောက်ပြီး Data Plan တွေဆိုလည်း unlimited ကို ဈေးကြီးကြီးနဲ့ ပေးသုံးမလား သို့မဟုတ် ဈေးသက်သက်သာသာနဲ့ limited plan လေးတွေကို သုံးမလား ဒါတွေကတော့ ကိုယ် သုံးတဲ့ အပေါ်မှာမူတည်ပြီး ရွေးချယ်ထားလို့ရပါတယ်။ ကျနော်တို့ ဘာတွေသုံးလဲ email ဘယ်လောက်စစ်လဲ သတင်းဘယ်လောက်ကြည့်လဲ စသဖြင့် တွက်စနိုင်ပါတယ်။ ဖုန်းကနေ မက်စေ့ပို့တာ ဖုန်းပြောတာတွေကတော့ data limit နဲ့ မဆိုင်ပဲ သူက သပ်သပ်ပါ။

> **ဖုန်းလိုင်းလည်း မရ ဘယ်နေရာရောက်နေမှန်းလည်းမသိ ဖြစ်ဖူးပါသလား။ အကောင်းဆုံးက Google Map မှာ အင်တာနက် ရှိတဲ့အချိန်မှာ မြေပုံကို ဒေါင်းထားတာပါပဲ။**

တကယ်လို့ သင်ဟာ ဖုန်းထဲကနေ သတင်းတွေ အွန်လိုင်းဗီဒီယို streaming services တွေ ခနခန ကြည့်တာ မျိုး သို့တည်းမဟုတ် laptop ကို ဖုန်းကနေ hot-spot လွှင့်ပြီး ခနခန သုံးတာမျိုး လုပ်တတ်ရင် ဝယ်ထားတဲ့ ဖုန်း data limit ဟာ အလွယ်တကူ ကုန်သွားတတ်ပါတယ်။ အဲ့လို အခြေအနေရောက်ရင် unlimited data plan ကို ပြောင်းသုံးတာက ပိုအဆင်ပြေတတ်ပါတယ်။ ဈေးနှုန်းကတော့ သက်ဆိုင်ရာ အော်ပရေတာတွေပေါ်မူတည်ပြီး ကွာတတ်ပါတယ်။ သို့ပေသိ cellular data unlimited plan တွေဟာ ပျှမ်းမျှအားဖြင့် ဒေါ်လာ ၆၀ ကနေ စတတ်ပါတယ်။

## ဝိုင်ဖိုင်နဲ့ ဘယ်လိုချိတ်မလဲ [အပြင်ရောက်နေချိန်]

Cell phone network က တနိုင်ငံလုံးနီးနီး လွှမ်းခြုံသည်ဆိုသော်လည်း WiFi သုံးတာက ပိုကောင်းတဲ့ အခြေအနေမျိုးလည်း ရှိတတ်ပါတယ်။ သူက ဗီဒီယိုတွေဘာတွေ ကြည့်ရင် ပိုကောင်းတတ်သလို laptop တို့ tablet တို့အတွက်လည်း ချိတ်ဆက်သုံးရတာကလည်း ပိုအဆင်ပြေပါတယ်။

## Network တခုကိုချိတ်မယ်

Public WiFi ကို တကယ်တော့ ချိတ်ရတာ လွယ်ပါတယ်။ ဖုန်းနဲ့ပဲဖြစ်ဖြစ် လက်တော့နဲ့ပဲဖြစ်ဖြစ် အဆင်ပြေပါတယ်။

လက်တော့မှာ ဆိုရင် WIFI logo icon လေးကို နှိပ်ပြီး နီးစပ်ရာ WiFi Networks တွေကို ရှာနိုင်ပါတယ်။ Mac ဆိုရင်တော့ အပေါ်နားလေးမှာ ရှိတတ်ပြီး Windows ဆိုရင်တော့ အောက်ညာဘက်ထောင့်နားလေးမှာ ရှိတတ်ပါတယ်။ တချို့ WIFI Networks တွေဟာ password မလိုပဲ ချိတ်လို့ရတတ်ပါတယ်။ အဲ့လို့ Network မျိုးက သော့ပုံလေး ဘေးနားမှာ မပါတတ်ပါဖူး။ တကယ်လို့ သော့ပုံလေးပါရင် သက်ဆိုင်ရာဆိုင်တွေမှာ စုံစမ်းပြီး တောင်းလို့ရတတ်ပါတယ်။

Android ရော iOS ရော WiFi ကို ချိတ်ရတာ လွယ်ပါတယ်။ ဖုန်းလေးကို အပေါ်နားကနေ ဆွဲချလိုက်ပြီး WiFi icon လေး ကို ဖိနှိပ်ပြီး ပေါ်လာတဲ့ လိုင်းတွေကို ရွေးလို့ရသလို Setting ထဲကနေလည်း သွားရွေးလို့ရနိုင်ပါတယ်။

နောက်ပြီး လူတွေ အမေးများတာက Cellular Network နဲ့ WiFi ဘယ်ဟာက ဘက်ထရီ ပိုစားလဲဆိုတာပါပဲ။ ကျွမ်းကျင်သူတွေကတော့ စမ်းသပ်မှုတွေအရေ အဲ့နှစ်ခု သိပ်ပြီး ထူးခြားကွာဟနေတာမျိုးတော့ မရှိတတ်ပါဖူး။ သို့ပေသိ သင်က ခရီးသွားတဲ့ အခါမျိုးမှာ WIFI သုံးဖို့ အစီအစဉ်မရှိဖူးဆိုရင် WiFi ကိုပိတ်ထားခြင်းအားဖြင့် ဘက်ထရီ ကို အနည်းငယ်ချွေတာနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ခရီးသွားတဲ့အခါ WiFi ကဖွင့်ထားရင် သူက ချိတ်ဖို့ လိုက်ကြိုးစားနေတတ်လို့ ဖုန်းအားပိုကုန်တတ်တာပါ။

တကယ်လို့ အဲ့လိုမဟုတ်ဖူး WiFi ပဲ သုံးနေမယ်ဆိုရင် cellular connection ကို ပိတ်ထားခြင်းအားဖြင့် စွမ်းအင်ကို အနည်းငယ်ချွေတာနိုင်ပါတယ်။ ဖွင့်တာပိတ်တာကို ဖုန်းအပေါ်နားလေးကို ဆွဲချ ဆွဲတင်ပြီး အပိတ်အဖွင့် လုပ်နိုင်ပါတယ်။

## Public WiFi က စိတ်ချရလား

လုံခြုံရေး ကျွမ်းကျင်သူတွေကတော့ Public WiFi ကို သုံးရင် လုည့်ဖျားပြီး လိမ်မယ့်သူတွေ Hacker တွေ စသဖြင့် မကောင်းသူတွေက ကိုယ်သွားမယ့်နေရာကို လွဲပြီးခေါ်နိုင်တာ ကြားကနေ ဖြတ်ပြီး နားထောင်တာမျိုးတွေ လုပ်တတ်တာကြောင့် သတိထားဖို့ လိုတယ်လို့ ဆိုပါတယ်။ သို့ပေသိ ဒီနေ့ခေတ်မှာတော့ ဒါက ပြဿနာ နဲနဲတော့ နည်းသွားပါပြီ။ ဘာလို့လဲဆိုရင် HTTPS encryption အများစုသုံးလို့ ကြားကနေ ဖြတ်ပြီး နားထောင်ဖို့ ခဲယဉ်းသွားလို့ပါ။ ဒီနည်းပညာကို အခု website တော်တော်များများမှာ တကယ်တော့ သုံးနေပါတယ်။ အဲ့ဒါက သင့်ကို ဘဏ်နဲ့ ပတ်သက်ပြီး သုံးစွဲတဲ့ အခါ လုံခြုံစိတ်ချရစေပါတယ်။

ကျွမ်းကျင်သူတွေကတော့ browser ကို https only ပဲ သုံးဖြစ်အောင် လုပ်ထားဖို့တော့ လိုလိမ့်မယ်လို့ ဆိုပါတယ်။ အသေးစိတ်ကို CR.org/httpsonlymode မှာ သွားကြည့်နိုင်ပါတယ်။ နောက်ပြီး သက်ဆိုင်ရာ sites တွေကိုလည်တဲ့အခါ padlock ပုံလေး ပေါ်မပေါ် သို့တည်းမဟုတ် address က https နဲ့ စမစ ကြည့်သင့်ပါတယ်။ အဲ့နှစ်ချက်လုံးက encryption လုပ်ပေးလား မလုပ်ပေးလားဆိုတာကို စစ်တာပါ။

## ကွန်ယက်လုံးဝမရရင်ဘာလုပ်မလဲ

Cell phone သို့မဟုတ် WiFi ကတော့ နေရာတော်တော်များများမှာ ရနေတတ်ပါတယ်။ သို့ပေသိ အကြောင်းကြောင်းကြောင့် ဘာမှ မရတဲ့နေရာမျိုးလည်း ရှိတတ်ပါတယ်။ ဥပမာအားဖြင့် သစ်တော ထူထပ်တဲ့နေရာတွေကို တောင်တတ်တာ သွားလုပ်တာပဲဖြစ်ဖြစ် ဝေးလံတဲ့ ကျေးရွာတွေဆီကို ခရီးသွားနေတာပဲဖြစ်ဖြစ် ကြုံရတတ်ပါတယ်။

အဲ့လိုအခြေအနေမျိုးမှာ ဖုန်းလည်း ခေါ်မရ Spotify လည်း မရှိ Google Maps မှာလည်း ရှာကြည့်ဖို့ မလွယ်ပါဖူး။ သို့ပေသိ သင်သာကြိုတင်ပြင်ဆင်ခဲ့တယ်ဆိုရင် အဆင်မပြေမှုတွေဟာ အထိုက်အလျောက်လျော့ကျနိုင်ပါတယ်။ Apps တော်တော်များများဟာ ဒါမျိုးပြဿနာတွေအတွက် ဒေါင်းလို့ရအောင် လုပ်ထားပေးတာမျိုး ရှိတတ်ပါတယ်။

တကယ်လို့ သင်ဟာ ဖုန်းမရတဲ့နေရာမျိုးမှာ ကားမတော်တဆ ဖြစ်ခဲ့ရင် ဘယ်လိုလုပ်မလဲ။ အဲ့လိုအချိန်မျိုးမှာ 911 ကို ခေါ်ဖို့ မလွယ်ပါဖူး။ သို့ပေသိ SMS ပို့ရင်တော့ ဖုန်းလိုင်း အရမ်းနဲနေရင်တောင် ထွက်ချင်ထွက်သွားနိုင်ပါတယ်။ iPhone 14 သို့မဟုတ် iPhone 14 Pro မှာဆိုရင် text ကနေ 911 က မသွားရင်တောင် Satellite ကနေ သွားအောင် လုပ်ထားပေးတတ်ပါတယ်။ ဒီ features လေးက တော်တော်အသုံးဝင်ပြီး နောက်ပြီး support ပိုပေးလာနိုင်ပါတယ်။ တကယ်လို့ ဖုန်းလိုင်းမရတဲ့နေရာမျိုးမှာ ပြဿနာဖြစ်ရင် ပုံမှန်လိုပဲ 911 ကိုခေါ်လိုက်ပါ ဖုန်းက လိုင်းမရတာ သေချာရင် သူက emergency services ကို Satellite ကနေ တဆင့် စာရိုက်ဆက်သွယ်မလားဆိုပြီး မေးပါလိမ့်မယ်။ Apple ကတော့ ဒီ feature လေးဟာ ကောင်းကင်ရှင်းနေပြီး သစ်ပင် ဖုန်းမကွယ်နေတဲ့ နေရာတွေမှာ ပိုအဆင်ပြေပါတယ်လို့ ဆိုပါတယ်။

## မသွားခင် ဒေါင်းထားမယ်

တကယ်လို့ သင်ဟာ WiFi Network မရ cell phone မရတဲ့နေရာကို သွားမယ်ဆိုရင် ဖုန်းထဲမှာ နှစ်သက်ရာ အခွေ နဲ့ သီချင်းတွေကို သက်ဆိုင်ရာ apps တွေကနေတဆင့် ဒေါင်းထားလို့ ရနိုင်ပါတယ်။ ဒီဟာလေးက လေယာဉ်စီးတဲ့ အခါလည်း အသုံးဝင်ပါတယ် in-flight WiFi ကို အားမကိုးချင်ရင်ပေါ့။

နာမည်ကြီး သီချင်း apps တွေဖြစ်တဲ့ Spotify တို့ Apple Music တို့ဟာ သီချင်းတွေကို ဒေါင်းခွင့်ပေးထားပါတယ်။ Video platforms တွေဖြစ်တဲ့ Netflix နှင့် Disney ဟာဆိုရင်လည်း movies တွေ TV Shows တွေကို ဒေါင်းခွင့်ပြုထားပါတယ်။

အသေးစိတ်က သင် ဒေါင်းချင်တဲ့ ပစ္စည်း သင့်ရဲ့ subscription plan နှင့် သင်ဒေါင်းချင်တဲ့ အရာတွေအပေါ်မှာ မူတည်ပါတယ်။ နောက်ပြီး ဘယ်လို ဒေါင်းရမယ်ဆိုတာကလည်း apps တွေတခုနဲ့ တခု မတူတတ်ပါဖူး။ ဥပမာအားဖြင့် Netflix မှာဆိုရင် play button ရဲ့ အောက်နားလေးမှာ download လုပ်ဖို့အတွက် option လေးပါတတ်ပါတယ်။


## Hot Spot သုံးနည်း လက်တော့ကို ဖုန်းနဲ့ချိတ်မယ်

တကယ်လို့ သင်ဟာ ပန်းခြံကိုပဲ ရောက်နေတာဖြစ်ဖြစ် ခရီးသွားနေတာပဲဖြစ်ဖြစ် WiFi လုံးဝ မရတဲ့နေရာကို ရောက်နေရင် phone ကနေ hotspot လွှင့်ပြီး သက်ဆိုင်ရာ laptop သို့ tablet က ချိတ်ဆက်သုံးနိုင်ပါတယ်။

Android ရော iOS မှာ ဒီ လုပ်ဆောင်ချက်လေးဟာ ပါပြီးသားပါ။ သူက နီးစပ်က cell phone networks ကနေ အင်တာနက် ရယူပြီး သင့် laptop သို့မဟုတ် tablet တို့ ချိတ်ဆက်အသုံးပြုဖို့ WiFi Network အသေးလေး လုပ်ပေးတဲ့သဘောပါ။ အဲ့နောက်မှာ laptop နဲ့ tablet ကနေတဆင့် ချိတ်ဆက်နိုင်ပါတယ်။ Android မှာဆိုရင် အပေါ်ကနေ swipe down လုပ်ပြီး Mobile Hotspot ကို နှိပ်ပြီး ဖွင့်လို့ရသလို iOS မှာဆိုရင် Setting ထဲက Personal Hotspot မှာ "Allow others to join" ဆိုပြီး သွားဖွင့်ပေးလို့ရပါတယ်။ Hotspot ကို မသုံးတော့ဖူးဆိုရင်တော့ ပြန်ပိတ်ထားဖို့တော့ လိုပါလိမ့်မယ်။

## လေယာဉ်နဲ့ခရီးသွားချိန်ချိတ်ဆက်

လေယာဉ်နဲ့ ခရီးသွားနေပါသလား သက်ဆိုင်ရင် လေကြောင်းလိုင်းရဲ့ in-flight WiFi network ကို ချိတ်ဆက် အသုံးပြုလို့ရနိုင်ပါတယ်။ သို့ပေသိ အဲ့အတွက် ပိုက်ဆံ ပိုပေးရတာမျိုး ရှိတတ်ပါတယ်။ တချို့ Credit Cards တွေအတွက် free သို့မဟုတ် လျော့ဈေး WiFi တွေ ရတတ်ပါတယ်။ The AADvantage Aviator Red World Elite Mastercard ဟာဆိုရင် American Airlines in-flight WiFi အတွက် $25 credit ပေးပါတယ်။ နောက်ပြီး T-Mobiles ရဲ့ Go5G နှင့် Go5G Plus plans တွေအတွက်လည်း တချို့လေကြောင်းလိုင်းတွေမှာ free in-flight WiFi တွေ ရတတ်ပါသေးတယ်။ သို့ပေသိ in-flight WiFi တွေဟာ ယုံကြည်စိတ်ချရမှု မရှိတတ်တဲ့အတွက် အကောင်းဆုံးကတော့ သင်ကြည့်ချင်တဲ့ ဗီဒီယိုတွေကို ကြိုပြီး ဒေါင်းထားတာက ပို အဆင်ပြေပါလိမ့်မယ်။




## ဖုန်းထဲမှာ မြေပုံတွေ သိမ်းထားမယ်

ဖုန်းလိုင်းလည်း မရ ဘယ်နာရာရောက်နေမှန်းလည်းမသိ ဖြစ်ဖူးပါသလား။ ပုံမှန်အားဖြင့် ကျနော်တို့ ဖုန်းတွေဟာ မြေပုံကြည့်ဖို့အတွက် အင်တာနက်ကော်နက်ရှင် လိုတတ်ပါတယ်။ သို့ပေသိ နီးစပ်ရာ ဖုန်းတာဝါတိုင်မရှိရင် မဖြစ်နိုင်ပါဖူး။ အကောင်းဆုံးက Google Map မှာ အင်တာနက် ရှိတဲ့အချိန်မှာ မြေပုံကို ဒေါင်းထားတာပါပဲ။ အင်တာနက် မရတဲ့အချိန်မှာ သင့်ဖုန်းရဲ့ GPS ကို သုံးပြီး မြေပုံမှာ အဲ့ကျမှ ပြန်ကြည့်လို့ အဆင်ပြေမှာပါ။ ဒီ features ကတော့ Apple Maps မှာ iOS17 နောက်ပိုင်းမှာ ပါလာမယ့်ပုံပေါ်ပါတယ်။ Waze မှာတော့ လက်ရှိမရသေးပါဖူး။ မြေပုံကို မှတ်ထားချင်ရင် သွားလိုတဲ့ နေရာကို Google Map မှာ ရှာပါ။ (၁) အမည်ပေါ်မှာ တချက်ထိလိုက်ပါ၊ ပြီးတော့ သက်ဆိုင်ရာ ရှာလို့ရတဲ့ ဆိုင် သို့မဟုတ် နေရာရဲ့ page မှာ အပေါ်နားက အစက်သုံးစက်လေးကို နှိပ်ပြီး(၂)ရင် အောက်မှာ ပေါ်လာတဲ့ "Download Offline map" ကို နှိပ်ထားဖို့(၃)လိုပါတယ်။ ပေါ်လာတဲ့ မြေပုံရဲ့ ဝွင်အကွာအဝန်းထဲမှာ ဒေါင်းလုပ်လုပ်ပြီးသိမ်းလိုက်ယုံပါပဲ။

အချုပ်အားဖြင့် မိမိ cell phone coverage ကို စီစစ်ပြီး ကိုယ့်အတွက် အဆင်ပြေတာ ပြောင်းသင့်သလို ခရီးသွားတဲ့အခါ ကိုယ်အတွက် အဆင်ပြေမယ့် entertainment လေးလဲ ဒေါင်းပြီး Public WiFi သုံးရင်လည်း encryption ပါတဲ့ https ကိုသာ သုံးသင့်ကြောင်း ရေးသားလျက်...။

From P 21 Star2

Ray, Sprite. In Mae Sot Pu Dah, Tae Tae. There are hella talented artists here!!

I plan to drop a Thai rap album showcasing some of these artists! I also have an EP coming with ChinaTown Runner from Denver who is coming to Thailand with me in 2024"he's also from Mae La Camp but didn't have his passport in time to come. I have another EP planned with Luh Kel " a very popular U.S. R&B and hip hop artist. We've had a few hits together and have toured together. I'm putting him together with some big Thai artists to spread our reach. It will be DOPE!

**7.** Which songs are your favorite? Could you share your feelings and inspiration for the songs "Bottle Service," " Run Away,"and "December"?

"Bottle Service" and "December" are romantic ballads and hella popular. I have a romantic streak that started when I was little. I love to make love songs and love shooting romantic videos. "Bottle Service" was kinda about a crush I had in third grade and imagined the crush blossoming through middle school and later after high school into a full love relationship. We used actors and actresses to portray us as little kids and it really was believeable!!

"December" is a "love at first sight" song that we shot in beautiful Lake Arrowhead above Los Angeles. It's cozy and Christmassy and one of my fans' favorites songs. It has a reggae touch to the track which I really love.

"Run Away" is one of my favorites cause it gave me a chance to talk about the state of the world, and some of the social issues that matter to me. It also gave me a chance to share the back story of my life as a Thai refugee.

I wanted to capture the anguish I was feeling: "It's okay. It's what I say to myself every day, but deep down I ain't feelin okay. I've been putting on a fake smile everyday." I wanted to write a song about the state of the world.

I was in the studio recording during most of COVID in LA during the Black Lives' Matter protests. My family fled genocide, has experienced starvation and atrocities. My neighborhood in San Diego is a mixing pot for refugees and the problems of poverty, mental illness, and addition. The hook kinda poured out of me! At my lowest point I literally wanted to run away "to a place of safety. The suffering in the world is heartbreaking and so unfair!

Hook
I just wanna go away
Just wanna go away
I just wanna go away
Just wanna run away
Got me thinkin f**k the world
I just wanna go away
Just wanna run away
Hella shit's been goin on
(killing, shootin, people dyin everyday)
I just wanna go away
Just wanna run away
Got me thinking f**k the world
This place ain't safe

**8.** Your message to the Burmese ethnic minority young people as well as Burmese youths living in the United States and Christmas wishes for your fans.

My Christmas wish for my fellow Burmese ethnic minorities is to be proud and to never give up. Do not lose your identity go to the New Year's celebrations, help the younger kids in your villages and neighborhoods. Our elders brought us here to give us a chance to make ourselves and our people better. Do well in school. Play sports. Find your passion and pursue your dreams. There are people who will help you. When you make it, give back. Visit Thailand and Burma. I am beyond grateful to my fans. Thank you for supporting my music. I love all of you! Peace on earth man! Be kind to each other. Kynaw love forever!!

# 2020 Census မြန်မာ လူမျိုးစုတို့၏အခြေပြ(ဂ) နောက်ဆုံးပိုင်း

မောင်ဗိုးညို

### မြန်မာလူမျိုးစုများ [လူမျိုးခွဲများအပါအဝင်] ''ပဉ္စမ'' အများဆုံးနေထိုင်ရာ_ Minnesotaပြည်နယ်

* မြန်မာလူမျိုးစု(ပဉ္စမ)အများဆုံးနေထိုင်သော ပြည်နယ်ဖြစ်သည်။ (၁၈,၇၈၀ - ဦး /၅.၃%)
- Ramsey ခရိုင်သည် Minnesota ပြည် နယ်တွင် မြန်မာလူမျိုစုအများဆုံး နေထိုင်ရာခရိုင် ဖြစ် သည်။ (၁၅ %)
- St Paul သည် Minnesota ပြည်နယ်တွင် မြန်မာလူမျိုးစု အများ ဆုံး နေထိုင်ရာမြို့ဖြစ်ပါသည်။

### MN တွင်မြန်မာလူမျိုးစု အများဆုံးနေထိုင်သောခရိုင်များ [Counties] [Asians လူမျိုးစုအားလုံးထဲမှမြန်မာပါဝင်မှု%]

| | |
|---|---|
| Ramsey | ၁၄,၀၁၅ (၁၅%) |
| Mower | ၁,၂၃၉ (၅၃.၅%) |
| Freeborn | ၈၅၃ (၆၅.၄%) |
| Nobles | ၆၁၈ (၄၀.၅%) |
| Lyon | ၅၉၀ (၄၂.၆%) |

### MN တွင်မြန်မာလူမျိုးစုအများဆုံးနေထိုင်သောမြို့များ [Cities]

| | |
|---|---|
| St. Paul | ၁၂,၆၆၂ |
| Austin | ၁,၂၃၇ |
| Maplewood | ၇၄၂ |
| Albert Lea | ၇၃၅ |
| Worthington | ၅၈၄ |
| Marshall | ၅၇၀ |
| Roseville | ၃၉၁ |
| Willmar | ၃၄၁ |
| North St. Paul | ၁၂၅ |
| Clarks Grove | ၁၀၉ |
| Fulda | ၉၁ |

| | |
|---|---|
| Minneapolis | ၈၅ |
| Eagan | ၅၀ |
| Burnsville | ၄၂ |
| Rochester | ၃၈ |
| White Bear Lake | ၃၈ |
| Oakdale | ၃၇ |
| Apple Valley | ၃၅ |
| Windom | ၃၂ |
| Little Canada | ၃၀ |
| St. Cloud | ၃၀ |
| | " |

### မြန်မာလူမျိုးစုအနဲဆုံးနေထိုင်ရာမြို့ [နှင့်ပြည်နယ်] {ပြန်တမ်းအရ ၂၂-ဦးသာပြဆိုသည်}

(Noise-infused counts of less than 22 are not published for privacy and security reasons)

| | |
|---|---|
| Albany, California | Nebraska, Nebraska |
| Antelope CDP, California | Searing town CDP, New York |
| Camarillo, California | White Plains, New York |
| Farmersville, California | Blue Ash, Ohio |
| Rancho Cordova, California | Cincinnati, Ohio |
| San Luis Obispo, California | Madeira, Ohio |
| Stanford CDP, California | Norman, Oklahoma |
| Arvada, Colorado | Gettysburg borough, Pennsylvania |
| New Haven, Connecticut | Columbia, South Carolina |
| Palm Coast, Florida | North Charleston, South Carolina |
| Temple Terrace, Florida | Missouri, Texas |
| Centerville, Georgia | Woodbridge CDP, Virginia |
| Johns Creek, Georgia | Lakeland North CDP, Washington |
| Mililani Town CDP, Hawaii | Pullman, Washington |
| Glenmont CDP, Maryland | Martinsburg, West Virginia |
| Parkville CDP, Maryland | Fond du Lac, Wisconsin |
| Lemay CDP, Missouri | Neenah, Wisconsin |
| Bellevue, Nebraska | Bellevue, Nebraska |

### Census ၂၀၁၀ နှင့် ၂၀၂၀ တို့တွင် မြန်မာလူမျိုးစုလူဦးရေအများဆုံးပြည်နယ်(၅)ခုကို အဆင့်လိုက် ပြသခြင်း

| | Census ၂၀၁၀ | Census ၂၀၂၀ |
|---|---|---|
| 1 | California (၁၇,၉၇၈ - ဦး) | Indiana (၃၁,၆၂၀ - ဦး) |
| 2 | New York (၁၂,၁၇၄ - ဦး) | Texas (၂၆,၂၇၁ - ဦး) |
| 3 | Texas (၁၀,၄၅၁ - ဦး) | New York (၂၅,၄၄၉ - ဦး) |
| 4 | Indiana (၇,၈၆၈ - ဦး) | California (၂၅,၁၀၀ - ဦး) |
| 5 | North Carolina (၃,၇၇၉ - ဦး) | Minnesota (၁၈,၇၈၀ - ဦး) |

ဒီဇယားကိုကြည့်မယ်ဆိုရင် ပြည်နယ်များအလိုက်မြန်မာလူမျိုးစုများနေထိုင်မှုဟာ Census 2010 နဲ့ 2020 ကြားမှ အပြောင်းအလဲကြီးများ ကိုမြင်တွေ့နိုင်ပါတယ်။ မြန်မာ အများဆုံးနေတယ်လို့ယုံကြည် ယူဆ ခံရတဲ့ California ဟာ စတုတ္ထအဆင့်အထိ လျှောကျသွားတာကိုမြင်နိုင်ပါတယ်။ ဖြစ်နိုင်ခြေရှိ တာက လူနေမှုအဆင့်ယှဉ်ပြိုင်မှုများတဲ့ California ကနေအခြားပြည်နယ်တွေကိုပြောင်းရွှေ့ထွက်ခွာ သွားကြတာဖြစ်နိုင်သလို၊ ပြောင်းရွှေ့ခိုလှုံသူ Refugees အတော်များများတို့ဟာ Indiana နဲ့ New York, Minnesota တို့မှာအခြေချထာများတာလည်းပါနိုင်ပါတယ်။

### Census ၂၀၁၀ နှင့် ၂၀၂၀ တို့တွင် အမေရိကတနိုင်ငံလုံးနှင့် မြန်မာလူမျိုးစုလူဦးရေ အများဆုံး ပြည်နယ်(၅)ခု၏ လူဦးရေတိုးနှုန်း [%] ကိုပြသခြင်း

| | |
|---|---|
| အမေရိကတနိုင်ငံလုံးတွင် မြန်မာလူမျိုးစုဦးရေ တိုးပွားလာမှု% | ၁၇၅.၇၇% |
| Indiana | ၃၀၁.၈၈% |
| Texas | ၁၅၁.၃၇% |
| New York | ၁၀၉.၀၄% |
| California | ၃၉.၆၂% |
| Minnesota | ၃၉၉.၀၇% |

ဆယ်စုနှစ်တခုအတွင်းမှာ တိုးပွားလာတဲ့မြန်မာလူမျိုးစုဦးရေတိုးနှုန်းဟာ ကြောက်ခမန်းလိလိ ကြီးထွား လာတာကိုတော့ အထက်ကဇယားကမခြွင်းမချန်ပြနေပါတယ်။ မြန်မာလူမျိုးစု (အထူးသဖြင့် ကရင်၊ ချင်း စသဖြင့်တိုင်းရင်းသားမျိုးနွယ်စု)တွေအုပ်လိုက်ဝင်ရောက်လာတဲ့ Indiana, Minnesota နဲ့ Texas တိုဟာ အခုချိန်မြန်မာရွာကြီးတွေဖြစ်နေပါပြီ။ နောက်တခုက ပေါ်ထွက်လာတဲ့ community grassroot organizations များရဲ့ခြေလှမ်းသွက်တဲ့စည်းရုံးပညာပေးမှုတွေကလည်း၊ အရေးပါတဲ့ ကဏ္ဍ မှာရှိနေကြ တာမို့၊ လူဦးရေသန်းခေါင်စာရင်းပြန်ကြားမှုဟာ အဲ့ဒီပြည်နယ်တွေမှာထိရောက်တာကတော့ အမှန်ပါ ဘဲ။ California လိုပြည်နယ်တွေကိုရောက်လာကြသူတွေကတော့ မိမိတို့မိသားစုချင်းအရ ရောက်လာ ကြတာမို့၊ သူတို့အထဲကိုထိုးဖေါက်ဝင်ရောက်ပညာပေးနိုင်ခြင်းဟာခက်ခဲသလို၊ သူတို့ရဲ့ပင် ကိုယ်အာသီ သပေါ်မူတည်ပြီးဖြည့်စွက်ပြန်ကြားကြတာတွေရှိပါတယ်။ မြန်မာပြည်ဖွားဖြစ်ပေမဲ့ "မြန်မာ (Burmese)" ဆိုတဲ့ဖြည့်စွက်ချက်ကိုတကယ်လုပ်မလုပ်ဆိုတာသိနိုင်ဘို့အလွန်ခဲယဉ်းလှပါတယ်။

### လူဦးရေ အရေအတွက်အလိုက် မြန်မာလူမျိုးစုများပျံ့နှံ့နေထိုင်ကြသောမြို့အရေ အတွက်များ

| မြန်မာလူဦးရေစုစုပေါင်း | မြို့အရေအတွက် |
|---|---|
| (၂၀၀၀)နှင့်အထက် | ၂၅ |
| (၁၀၀၀)မှ(၁၉၉၉) | ၂၉ |
| (၁၀၀)မှ(၉၉၉) | ၁၈၈ |
| (၉၉)ဦးအောက် | ၄၉၇ |

### လူဦးရေတိုးပွားမှုနှုန်း အနည်းဆုံးနှင့်အများဆုံးမြို့များ

| | |
|---|---|
| လူဦးရေတိုးပွားမှု%အများဆုံးရှိသောမြို့ | Milwaukee, Wisconsin (၆၈၈%) |
| လူဦးရေတိုးပွားမှု%အနည်းဆုံးရှိသောမြို့ | Rosemead, California (၄%) |
| လူဦးရေယုတ်လျော့သွားသောမြို့ | Alhambra, California (-၁၄%) |

ဒီဇယားကိုကြည့်မယ်ဆိုရင် လူဦးရေတိုးပွားမှုအလွန်အမင်းကွာခြားမှုရှိနေတဲ့ Milwaukee နဲ့ Rosemead လိုမြို့တွေရဲ့လူဦးရေအရေအတွက်ဟာသံသယဝင်စရာဖြစ်နေပါတယ်။ သေခြာတာက တော့ Census Bureau ဝင်ပေါက်ကိုဝင်သွားတဲ့ ကိန်းဂဏန်းတွေဟာ တမင်ပြောင်းလဲခြင်းလုပ်လို့မရတာကတော့သေ ခြာပါတယ်။ ပြန်ကြားသူတွေရဲ့အပေါ်လုံးလုံးလျားလျားတာဝန်ရှိနေပါတယ် ဆိုတာကို ဆိုင်ရာတာဝန်ရှိသူတွေက အာမခံပြောပြတာကိုပြန်ကြားယောင်မိပါတယ်။ Alhambra လို immigrants အဝင်အထွက် အလွန်များပြီး၊ မြန်မာလူဦးရေထူထပ်တဲ့မြို့တွေမှာရှိတဲ့မြန်မာလူမျိုးစုဦးရေဟာ မတိုးတဲ့အပြင်၊ ယုတ် လျော့သွားတယ်ဆိုတဲ့အချက်ကတော့ မေးခွန်းထုတ်စရာတခုအဖြစ် စိုးရိမ်မကင်းစရာအချက်အဖြစ် ပြနေသပါတယ်။

To P23

From P1 Tai New Year

ပရိသတ်များနှစ်ခြိုက်ခဲ့ကြသည်။ Iowa ပြည်နယ်မှ တေးသံရှင် Sai De Moine က အချစ်ဆိုတာ လျှို့ဝှက်ချက်တခုပါ၊ ပျောက်ဆုံးသွားနေသာနိဗ္ဗာန်ဘုံ အပါအဝင် သီချင်း၁၂ပုဒ်ကို ပထမပိုင်းနှင့် ဒုတိယပိုင်း နှစ်ပိုင်းခွဲပြီးဖျော်ဖြေသွားခဲ့သည်။ " M Music Band က Players တွေအရမ်းတော်ကြပါတယ်။ ထင်ထားတာထက် ပရိသတ်တွေများတော့ Sound system မှာ အခက်အခဲတွေရှိခဲ့ပေမယ့် ကျနော်တို့အားလုံးကျော်ဖြတ်နိုင်ခဲ့ကြပါတယ်။ အိမ်ကနေမိုင်ပေါင်း၁၇၀၀ ဝေးတဲ့ LA ကို ငွေကုန်ကြေးကျခံပြီး သွားရောက်ပါဝင်ကူညီပေးရတာ တန်ဖိုးရှိတဲပီတိတွေရခဲ့ပါတယ်။ အဲ့ဒီပီတိက သေတဲ့ထိပါမယ်ဆိုတာယုံ" ဟုတေးသံရှင် Sai De Moine က မြန်မာ့ဂဇက်သို့ ပြောကြားခဲ့သည်။ " လာရောက်အားပေးတဲ့ပရိသတ်တွေကို အရမ်းကျေးဇူးတင်ပါတယ်" ဟု နောင်အင်းလေးကိုလာဖို့ဖိတ်ခေါ်တယ် သီချင်းသီဆိုကာ အကောင်းဆုံးဖျော်ဖြေသွားခဲ့သော တေးသံရှင်မမြမြအေးက မြန်မာ့ဂဇက်မှတဆင့် ပရိသတ်များကို ပြောကြားခဲ့သည်။

California Shan ocial & Cultural Society ကို ၂၀၀၈ခုနှစ်တွင် Los Angeles မြို့၌ ရှမ်းမိသားစုများက စတင်တည်ထောင်ခဲ့ပြီး အသင်းဝင်၁၀၀ခန့်ရှိကာ ဥက္ကဋ္ဌအဖြစ် Dr. Sai Htwe Maung က တာဝန်ယူခဲ့သည်။ အသင်းလှုပ်ရှားမှုများမှာ ဖေဖော်ဝါရီတွင် ရှမ်းအမျိုးသားနေ့၊ နွေရာသီတွင် ရှမ်းစာပေသင်တန်းများသင်ကြား ပေးခြင်း၊ သက်ကြီးပူဇော်ပွဲ၊ လူမှုရေး၊ သာရေး၊ နာရေး လှုပ်ရှားမှုများ၊ ရန်ပုံငွေရှာပြီး မြန်မာပြည်ရှိ လူမျိုးဘာသာမရွေးစစ်ပြေးပြောင်းခိုသူများကိုကူညီခြင်း၊ Los Angeles တွင် ပြုလုပ်သောအခြားအသင်းရန်ပုံငွေရှာဖွေပွဲများတွင်လည်း တတ်နိုင်သလောက်ပါဝင်လှူဒါန်းခြင်းများဖြစ်သည်။ Dr. Sai Htwe Maung သည် မူဆယ်၊ ရှမ်းပြည်ဇာတိဖြစ်ကာ မန္တလေးဆေးတက္ကသိုလ်မှ ၁၉၇၃ခုနှစ်တွင် MBBS ဘွဲ့ရခဲ့ပြီး ဟောင်ကောင်တွင်ဆရာဝန်အလုပ်ကို ၂၅နှစ်ကြာလုပ်ကိုင်ခဲ့သည်။ US တွင် California ရှိ ရှမ်းမိသားစုများနှင့်အတူ အသင်းကိုတည်ထောင်ခဲ့ပြီး ကချင်ပြည်နယ်၊ လိုင်ဇာတွင် တိုက်ပွဲအပြင်းအထန်ဖြစ်နေသည့်နေရာသို့ ၂၀၁၂ခုနှစ်၊ မတ်၊ဧပြီတွင် တလကျော်သွားရောက်နေထိုင်ပြီး ဒဏ်ရာရသူများကိုသွားရောက် ဆေးကုသပေးခဲ့ပြီး ၂၀၁၃၊ ဇန်နဝါရီတွင် တလကြာတခါ လိုင်ဇာသို့သွားရောက်နေထိုင်ကာ မြန်မာစစ်တပ်ဘက်မှလေကြောင်းဖြင့် ပစ်ခတ်သော လက်နက်ကြီးများဒဏ်ကြောင့် ဒဏ်ရာရသူများကို ခွဲစိတ်ကုသပေးခဲ့သည်။ " ကျနော်တို့ဆေးကုသနေတဲ့အနီးနားမှာတင် ဗမာစစ်တပ်လေကြောင်း တိုက်ခိုက်မှုကြောင့် လူသုံးယောက်သေသွားတယ်။ မျက်မြင်ကိုယ်တွေ့ပါ။ ဒဏ်ရာအပြင်းအထန်ရတဲ့သူတွေကိုလဲ ကျနော်ခွဲစိတ်ကုသပေးခဲ့ပါတယ်။ ကျနော်တို့နားမှာတင် တိုက်ပွဲက အပြင်းအထန်ဖြစ်နေတာပါ" ဟု ခရစ်ယာန် Reverend တဦးဖြစ်သော Dr. Sai Htwe Maung က မြန်မာ့ဂဇက်သို့ပြောကြားခဲ့သည်။ " အခုအချိန်က နိုင်ငံရေး၊ စစ်ရေးမှာ ကျနော်တို့ရှမ်းလူမျိုးတွေ စည်းလုံးချစ်ခင်ရမယ့်အချိန်ပါ။ ရှမ်းပြည်မှာ အချင်းချင်းတိုက်ပွဲဖြစ်နေကြတာ ကျနော်စိတ်မကောင်းဘူး။ ပြီးခဲ့တဲ့အပတ်ကတော့ ရှမ်းပြည်မြောက်ပိုင်းနဲ့ တောင်ပိုင်းတိုင်းရင်းသားတပ်တွေ အပစ်အခတ်ရပ်စဲဖို့ သဘောတူုလိုက်တယ်လို့သိရပါတယ်။ " ဟု လက်ရှိအခြေအနေကို ဆက်ပြီး ပြောသည်။

" Tai နှစ်သစ်ကူးပွဲဆိုတော့ Tai ဆိုတာကိုမသိကြသူတွေကို ရှင်းပြချင်ပါတယ်။ Tai ဆိုတာ ကျနော်တို့ရှမ်းတွေက ကိုယ့်လူမျိုးကိုကိုယ်ခေါ်တဲ့နာမည်ပါ။ ရှမ်းဆိုတာကတော့ မြန်မာတွေကခေါ်တဲ့နာမည်ပါ။ ကျနော်တို့ Covid ကြောင့် ပွဲတော်ကိုမကျင်းပခဲ့တာ ၃နှစ်ရှိခဲ့ပြီး ဒီနှစ်ပြန်ကျင်းပတဲ့အခါ မထင်မှတ်အောင်လာအားပေးသူတွေများလှပြီး ခမ်းမအပြင်ဘက် လျှံထွက်သွားတာတွေ၊ နေရာမရှိလို့ ပြန်သွားသူတွေကို တောင်းပန်ပါတယ်။ လာအားပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်။ နောက်နှစ်တွေမှာ လူများများလာနိုင်အောင် နေရာကိုစီစဉ်ပါ့မယ်။ အလှူငွေအားလုံးကိုလဲ မြန်မာပြည်စစ်ဘေးရှောင်တွေအတွက် လှူဒါန်းသွားမှာပါ" ဟု Dr. Sai Htwe Maung က မြန်မာ့ဂဇက်သို့ပြောကြားခဲ့သည်။

# လောက်သေပင်

Desmodium triquetrum (L.) DC. (မြန်မာတိုင်းရင်းဆေး)



လောက်သေပင်တွေဟာ ပဲမျိုးရင်း Fabaceae ထဲက Desmodium genus ထဲမှာပါပါတယ်။ အပင်က လူတရပ်သာသာမြင့်သော ခြုံပင်ဖြစ်ပါတယ်၊ စိုက်ပျိုးပင်မဟုတ် မြန်မာနိုင်ငံအောက်ပိုင်း စွတ်စိုသောဒေသ တောထဲမှာအရိုင်းပေါက်ပါတယ်၊

သူ့ရဲ့ ပင်စည် က triquetrous (၃ ထောင့်)ပုံစံပါ၊ အရွက်မှာ ရွက်လွှဲထွက်၏။ လုံးသွားပုံရှိ၏။ အလျား ၆လက်မ၊ အနံ ၂ လက်မခန့်ရှိ၏။ ရွက်ထိပ်ချွန်၏။ အပေါ်မျက်နှာပြင်ပေါ်တွင် သေးငယ်သော ဆူးလေးများရှိသည်။ ရွက်ညှာအတောင်ပါသည်။ ရွက်ညှာရင်းနားတွင် ရွက်စွယ် အဖတ်လေးများရှိပါတယ်။

မြန်မာ့ဆေးကျမ်းများအလိုအရ လောက်သေပင်သည် လေ၊ သလိပ်၊ သည်းခြေကို နိုင်၏။ အသက်ကိုရှည်စေ၏။ ကာမကို အားပေး၏။ ရောဂါဖြစ်စေသော ပိုးများကို ပယ်တတ်၏။ အဆီကို တိုးပွားစေ၏။ အူတို့ကို တွန့်ရှုံ့စေတတ်၏။ အဖျားရောဂါ၊ အဖျားကြောင့် ဖြစ်သော စိတ်မသက်သာမှု၊ လေရောဂါ၊ မြင်းသရိုက်၊ ဖောရောင်ခြင်း၊ ပန်းနာချောင်းဆိုး၊ ရေငတ်နှင့် အန်ခြင်းတို့ကိုပျောက်စေနိုင်သည်။ လို့ဆိုပါတယ်။

## အသုံးပြုပုံ

**အမြစ်** - ဆီးတွင် သွေးပါသောရောဂါအတွက် အမြစ်ကို ငရုတ်ကောင်းအနည်းငယ် ထည့်ကျိုပြီး ဆီးပွွန်ချောင်းမှ ၎င်းပြုတ်ဆေးကို ဖန်ပြွန်ပိုက် စသည်ဖြင့် သွေးပေးသော် ပျောက်၏။

**အရွက်**- (၁) အရွက် မနုမရင့်ကို ပြုတ်၍ သုပ်စားခြင်း၊ တို့စားခြင်းဖြင့် ဝမ်းကိုက်ရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်ရောဂါ ကလေးများ သန်ဝမ်းကိုက်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း ပျောက်၏။

(၂) အရွက်ကို လက်ဖက်ခြောက်ကဲ့သို့ သောက်သုံးသော် ဆီးပူ၊ ဆီးအောင့်ရောဂါနှင့် အရေပြားရောဂါပျောက်၏။

(၃) ၎င်းအရွက်ကို အခြားသောဆေးပင်တို့နှင့် ပေါင်းစပ်၍ ဆီးရွှင်ဆေးအဖြစ် ဖော်စပ်သောက်သုံးနိုင်သည်။

(၄) လောက်သေရွက်နှင့် ထားဝယ်မှိုင်းရွက်ကို ရေနွေးဖြော၍ သုပ်စားသော်ဆီးပူ၊ ဆီးအောင့်၊ ဝမ်းကိုက်၊ သွေးဝမ်းသွား၊ သွေးမြင်းသရိုက်၊ မီးယပ်သွေးလွန်တို့ကို ရပ်တန့်စေသည်။

(၅) လောက်သေရွက်ခြောက်၊ ဖလံတောင်ဝေ့းရွက်ခြောက်တို့ကို ဆတူအမှုန့်ပြု၍ အုန်းဆီနှင့်ဖျော်ပြီး နေပူပူတွင် လှန်း၍ အပေါ်ဆီအကြည်ကို နားတွင်းသို့ အစက်ချခြင်း၊ ကြက်တောင်နှင့် ကြပ်ပေးခြင်းများပြုလုပ်ပါက နားပြည်ယို နားကိုက်ရောဂါများပျောက်၍ နားတွင်းရှိပိုးများကိုသေစေသည်။ လိမ်းဆေးအဖြစ်သုံးပါက ဝဲနာ၊ အနာစက်နာ၊ အနာမီးလျှံ၊ အိုင်းနာ၊ ဒက်နာများပျောက်၏။

(၆) လောက်သေရွက်၊ စံကားစိမ်းပွင့်ခြောက်တို့ကို နှမ်းဆီစစ်စစ်နှင့် စိမ်ပြီး ခေါင်းလိမ်းဆီအဖြစ်သုံးပါက ခေါင်းကိုက်၊ ခေါင်းပူ၊ ဖောက်ထခြင်း၊ ယားခြင်း၊ သန်းပေါက်ခြင်းများ ပျောက်၍ ဦးနှောက်ကိုကြည်လင်လန်းဆန်းစေ၏။

(၇) လောက်သေရွက်နှင့် ဆောက်ပြာရွက် ၂မျိုးကို ပြုတ်၍ ရေနွေးနွေးဖြင့် မီးဖွားပြီးနောက် မိခင်ကိုလည်းကောင်း၊ ကလေးကိုလည်းကောင်း ချိုးပေးပါက ကျဗဟုံးရောဂါ၊ မွေးကတည်းကပါလာတတ်သော သူငယ်နာမျိုးစုံ၊ အကြောတတ်၊ အကြောကပ်ရောဂါနှင့် မိဘကိုယ်မှ ကူးစက်တတ်သော ရောဂါများကိုကာကွယ်နိုင်၏။

(၈) လောက်သေရွက်ကို ကိုယ်ပူချွဲထ၊ အညှော်ဝင်၊ ချောင်းဆိုး၊ နှာစေး၊ နှာပိတ်ရောဂါအတွက်လည်း ဆေးဖော်စပ်သုံးနိုင်သည်။

(၉) လောက်သေရွက်၊ ရေခရာရွက်၊ နနွင်းရိုးရိုးအရွက် ဆတူအကျွမ်းလှော်၍ နှမ်းဆီတွင်ဖျော်လိမ်းပါက ကလေးများချက်ကြိုးချက်တိုင် ကိုက်ခြင်းပျောက်၍ ချက်ကြိုးကြွေလွယ်၏။ နို့ချောင်းပိတ်၊ နို့နာ၊ နို့ပျဉ်းထသော မိခင်များကို လိမ်းပေးက လျင်မြန်စွာ သက်သာပျောက်ကင်းစေ၏။

အမျိုးသားတို့ဖြစ်တတ်ကြသော ပန်းသေရောဂါတွင်လည်း လောက်သေပင်၏ အစွမ်းအံ့မခန်းပါဝင်ပြန်သည်။ စားဖွယ်အဖြစ် လောက်သေရွက်၊လယ်ပတူရွက်၊ ငရုံ့ပတူရွက်နှင့် ဆီးဖြူသီးတို့ကို ရေနွေးဖြင့်ဖျော၍အစားသွပ်ပြီး ပုံမှန်သုပ်စားခြင်းပေးခြင်းဖြင့် ပန်းသေရောဂါကိုပျောက်ကင်းစေပါတယ်။

ဆံပင်ကျွတ် ထိပ်ပြောင်သူများအတွက် ဆေးနည်းမှာ လောက်သေ ရွက်ခြောက်၊ စံကားစိမ်းပွင့်ခြောက်တို့ကို နှမ်းဆီစစ်စစ်ဖြင့် စိမ်း၍ နံက်တစ်ကြိမ်၊ ညတစ်ကြိမ် နေ့စဉ်ဦးရေပြားထဲ စိမ့်ဝင်အောင်လိမ်းပေးခြင်းဖြင့် ခေါင်းကိုက်ခြင်း၊ဦးရေပြားပူခြင်း၊ ဖောက် ထခြင်း၊သန်ရောဂါတို့ကင်းရှင်းကာ ဆံပင်ကိုသန်စွမ်းပြီး ဦးနှောက်ကိုကြည်လင်စေပါတယ်။

လောက်သေရွက်ကို အိန္ဒိယနဲ့ ချိုင်းနားတို့မှာလည်း ဆေးဖက်ဝင်တိုင်းရင်းဆေးအဖြစ်သုံးကြပြီး အနောက်တိုင်းဆေးသိပ္ပံမှာတော့ လောက်သေရွက်မှာ tannin, silicic acid, and potassium oxide ( Perry 1980). တို့ပါဝင်ကြောင်းမှတ်တမ်းတွေ့ရှိပါတယ်။

ဆေးဖက်ဝင်ပေမယ့် တန်ဆေး လွန်ဘေး အလွန်အကျွံသုံးစွဲသောက်သုံးတာမျိုးမလုပ်သင့်ကြောင်းပါ။


Edna K.Taikwel, MD, FAAP (ဒေါက်တာ အက်ဒ်နာတိုက်ကွဲလ်)

Garvey Healthy Family Medical Clinic
Board Certified Pediatric & General Practice
Immigration Physical Available
Closed on Saturday & Sunday
705 E. Garvey Avenue
Monterey Park
CA 91755-3024
Phone: (626) 312-5488
Fax: (626) 312-5455



Kristen Lew
M.D., FACP, Internal Medicine
ACMC
Awesome Care Medical Clinic
993 N. Broadway, Suite # A
Los Angeles, CA 90012
Office: (213) 625-7995
Cell: (909) 633-2999
Fax: (213) 625-7997
Email: ACMC993@gmail.com
www.AwesomeCareMedicalClinic.com
Downtown L.A. ရှိ မြန်မာဆရာဝန်ဆေးခန်း။ မြန်မာလိုပြောဆိုဆွေးနွေးနိုင်သည်။

နဝင်းဗေဒပညာရှင်
ဆရာကြည်မိုးကောင်း
မြန်မာ့ဗိဒ္ဓါနည်းကျမ်းဗေဒင်
ကျန်းမာ၊ လူမှု၊ အိမ်ထောင်၊ စီးပွား၊ အမှုအခင်းတို့အတွက် တိုင်ပင်နိုင်သည်
(Chief Advisor for all.)
တယ်လီ(ဖုန်း)လုံးမေးမြန်းနိုင်သည်
(626) 695 4075
kyimoekaung14@gmail.com သို့ဆက်သွယ်ပါ

ကိုယ့်အိမ်မှာကိုယ်နေပြီးမှန်မှန်နှင့်မြန်မြန်
ဝိပဿနာအားထုတ်လိုသူများခုံခမ်းမေးမြန်း
လေ့လာနိုင်ပါသည်။
လူလာစရာလည်းမလို၊ အလှူငွေပါစရာလည်း မလိုပါ။
အခမဲ့ကူညီနေပါသည်။
ဦးကြည်မိုးကောင်း။
(၆၂၆)-၆၉၅-၄၀၇၅

စံထွန်းရွှေ San Tun Shwe
◉ သံပန်း၊ သံတံခါး
◉ Iron Fence, Gate (Motor)
◉ Concrete
◉ Kitchen
◉ Bathroom } Remodeling
◉ Additional Room
Cell: (626) 512 3139

Golden KP Auto Service
金發汽車維修服務
မြန်မာ ပိုင်ဝပ်ရှော့သို့ ဆီလဲရန်ဝင်ခဲ့ပါ။ ကားပြင်ရန်လာခဲ့ပါ။
10019 Valley Blvd
El Monte CA 91731
Tel: (626) 444-5000
Fax: (626) 444-4069
Business Hours:
Closed on Sun & Mon
Tue - Sat 8:00am - 6:00pm
Email: goldenkpas@gmail.com

Jasmine Market & Deli
Burmese, Indian Cuisine
(310) 313 3767
HALAL
JASMINE MARKET
4135 Sepulveda Blvd,
Culver City, CA 90230
Store Hours
11:00 am to 8:00 pm
Monday Closed
Lunch Specials
11:00 am to 4:00 pm
Everyday
Lunch Combo Special

simmered in our tradition- ... Serve with Rice, Vegetables, and ...
Combo $14.00

L4 Lamb Curry
Lamb curry and our ... Serve with Rice, Vegetables, and ...
Combo $15.00

L5 Stewed Veggie
... vegetables is a great choice ... rice, Veggie Curry, Naan & ...
Combo $13.00

L6 ... spices come together in ...
Combo $13.00

B3 Mohinga (Fish soup)
Considered to be the ... soup with rice noodles, chili, garlic, onion, and ...
$ 10.00

B8 Wheat/Rice noodle, rice, Cabbage, Onion, Cilantro, ... rind sauce, Crispy Garlic ...
$ 11.00

B7 ... leaves, roasted peanuts, ... lic, sesame seeds, dried shrimp and chopped ...
$ 13.00

D1 Loaded with exotic spices, ... Basmati rice with Burmese ...
$ 13.00

# စာစောင်/ ဂျာနယ်များက ပြောတဲ့ Celeb ဆယ်လက်ဘ်သတင်းများ

ဘလက်ချော

မြန်မာ ပြည်တွင်းစစ်သည် ဇာတ်ရှိန် အမြင့်ဆုံးအထိ ရောက်ရှိနေပြီ ထင်ရပါသည်...။

မြန်မာငွေ တန်ဘိုး ကျဆင်းမှု ၏ ဒါဏ်ကို မြန်မာပြည်သူများ ရင်ဆိုင်ကျော်ဖြတ်နေရ၏...။ မည်သို့ပင်ဆိုစေကာမူ မြန်မာ မင်းသမီး အကျော်အမော် တချို့၏ မင်္ဂလာ သတင်းများက ပြန့်လွင့် လျက်သာ...။ ခိုင်ထူး ၏ နောက်ဆုံးအိပ်မက် သီချင်းထဲကလို တချို့တွေ နေနိုင်လွန်းနေပါသလား...။ နေနိုင်လွန်းနေသူ တချို့ထဲ ကျနော်လည်း ပါနေပြီလား...။ မသိဘူး..တချို့တွေ နေနိုင်လွန်းတယ်...။

## ချယ်ရီသင်း ၏ ပထမဆုံး အယ်လ်ဘမ် ထွက်ရှိ...။

အိပ်မက်ဆုံရာပြိုင်ပွဲက ထွက်ပေါ်လာတဲ့ တေးသံရှင်တစ်ဦးဖြစ်တဲ့ ချယ်ရီသင်း ရဲ့ "ဒါချစ်လို့ပဲ" အမည်ရ ပထမဆုံး အယ်လ်ဘမ် ထွက်ရှိလာပြီလို့ ဆိုပါတယ်...။ အဆိုပါ အယ်လ်ဘမ် တွင် ချယ်ရီသင်းကိုယ်တိုင်ရေးသားထားသည့် သီချင်းငါးပုဒ် ပါဝင်သည်ဟု သိရသည်...။ ပါဝင်သည့် သီချင်းများမှာ အရက်သမားလို့ မခေါ်ပါနဲ့၊ လွမ်းရဦးမယ့်ဆောင်း၊ မောင်နဲ့ သာဆိုရင်၊ The Trauma Of Love ၊ ဒါ...ချစ်လို့ပဲ၊ တို့ဖြစ်သည်...။ ချယ်ရီသင်းက "ဒီ အယ်လ်ဘမ် တစ်ခုလုံးကို ကိုယ့် ဘာသာ ဉာဏ်မီသလောက် ရေးထားပါတယ်၊ ကိုယ်က တေးရေးဆရာ တစ်ယောက် မဟုတ်တော့ လိုအပ်ချက်တွေ ရှိသေးတယ်၊ လိုအပ်ချက်တွေ ရှိရင် နားလည်ပေးပါ" ဟု ပြောကြားသွားသည်...။

ကဲ...အိပ်မက်ဆုံရာ ထွက် အဆိုရှင်တစ်ယောက်တော့ သီချင်း အယ်လ်ဘမ် ထွက်လာပါပြီဗျာ...။ အချိန်ကောင်း ဟုတ် မဟုတ်ကတော့ စောင့်ကြည့်ရမှာပါပဲဗျာ...။

## ညီမင်းခိုင် လည်း တေးသီချင်းခွေ မိတ်ဆက်...။

အဆိုတော် ညီမင်းခိုင်၏ ဆယ့်ခြောက်နှစ် မိန်းမပျို တေးသီချင်းခွေ မိတ်ဆက်ပွဲကို Infinity Bar တွင် ဒီဇင်ဘာ ၅ ရက် မနက်ပိုင်းက ကျင်းပခဲ့သည်...။ "သီချင်းခွေက ၃၀၀ ပဲ ထုတ်တာပါ...။ လက်ဆောင် က ၁၀၀ ကျော်ပေးပါတယ်...။ ခွေရောင်းရတာ မရောင်းရတာထက် အမှတ်တရလေးလည်းဖြစ်အောင်...တစ်ချိန်က တေးစီးရီးစ် မိတ်ဆက်ပွဲတွေကိုလည်း လွမ်းလို့ လုပ်တာပါ...။" ဟု ညီမင်းခိုင်က ပြောသည်...။

သီချင်းများကို တေးရေး ဝေကြီး နှင့် ညီမင်းခိုင် တို့ က ရေးသားထားကြောင်းသိရသည်...။ ညီမင်းခိုင်ကို အားပေးကြပါဦး ခင်ဗျာ...။

## လေးဖြူ နဲ့ အငဲ ပွဲပြန်လုပ်ပြီ...။

ပရိသတ် ရှေ့မှာ သီချင်းမဆိုတာ ကြာနေပြီဖြစ်တဲ့ လေးဖြူ နဲ့ အငဲ တို့ ညီအစ်ကို နှစ်ယောက်က The Heart of Rangoon ဆိုင်မှာ ပွဲလုပ်ပြီး သီချင်းတွေပြန်ဆိုခဲ့ကြပါတယ်...။ လေးဖြူနဲ့ အငဲက ဟော်လိုဂစ်တာကိုယ်စီ တီးကြပြီး ဇေယျာမင်း ဆိုတဲ့ စန္ဒယားဆရာလေးနဲ့ တွဲပြီး သီချင်းတွေ သီဆိုခဲ့ကြတာပါ...။

လေးဖြူ စင်ပေါ်ကနေ ပြောခဲ့တဲ့ "ဘယ်လိုပဲဖြစ်ဖြစ် ဘယ်လိုနည်းနဲ့ ပဲ တွေ့ရ...တွေ့ရ ကျနော် ခင်ဗျားတို့ကို အရမ်းလွမ်းလို့ပါ..." ဆိုတဲ့ စကားကို ပရိသတ်ပွဲကျ ခဲ့ပါကြောင်း...။ အွန်လိုင်းပေါ်တက်လာတဲ့ သီချင်းဗီဒီယိုတွေ ပြန်ကြည့်ရတာတောင် ကျနော်တို့ မှာ ကြွေခဲ့ရပါတယ်ဆိုတဲ့ အကြောင်း...။

## အာကာအောင်ခင်ဝင်း ကွယ်လွန်ရှာပြီ...။

အိပ်မက်ဆုံရာ Season 1 ၏ 1st Runner ဆုရှင် တေးသံရှင် အာကာအောင်ခင်ဝင်း သည် အသက် ၃၇ နှစ် အရွယ်တွင်ကွယ်လွန်သွားရှာပြီဖြစ်ကြောင်းသိရသည်...။ အာကာအောင်ခင်ဝင်း သည် အိပ်မက်ဆုံရာ သီချင်းဆိုပြိုင်ပွဲမှ တစ်ဆင့် ပရိသတ်အားပေးမှု ရခဲ့သူဖြစ်ပြီး အသိအမှတ် အမည်ရှိ တစ်ကိုယ်တော် တေးသီချင်းခွေ ၂၀၁၅ ခုနှစ်က ထွက်ရှိထားသူဖြစ်သည်...။ ကျနော်ကိုယ်တိုင်လည်း အိပ်မက်ဆုံရာမှာ အာကာအောင်ခင်ဝင်း ပြိုင်ပွဲဝင်ခဲ့တုန်းက ကြိုက်ခဲ့ခိုက်ခဲ့သူမို့ သူကွယ်လွန်တဲ့ အကြောင်း ကြားသိရတော့ အတော်စိတ်မကောင်းဖြစ်မိပါတယ်...။ ညီလေး အာကာအောင်ခင်ဝင်း ကောင်းရာ ဘုံတစ်ခုမှာ ပျော်ရွှင်ပါစေ ခင်ဗျာ...။

## ညိုမြင်းလွင် ရဲ့ ဖုန်းရွှေလား အေမီစျာန် ရဲ့ ဖုန်းရွှေလား...။

မရိုက်ကူးမီကတည်းက အေမီစျာန် ပါမယ် ဆိုတာကြောင့် ပရိသတ် စိတ်ဝင်စားနေကြသော ဒါရိုက်တာညိုမြင်းလွင်ရဲ့ ဖုန်းရွှေ ဇာတ်ကားကြီး စတင်ရိုက်ကူးနေပါပြီ ခင်ဗျာ...။ အေမီစျာန် ပါမယ် ဆိုတာကြောင့် ဖုန်းရွှေ ဟာ အောင်မြင်လိမ့်မယ်လို့ အေမီစျာန် ပရိသတ် တစ်ဦးက ထုတ်ဖော်ပြောဆိုပါတယ် ခင်ဗျာ...။

ဖုန်းရွှေကို ညကျောင်း ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဇာတ်လမ်း ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ညိုမြင်းလွင်က ရိုက်ကူးပြီး သရုပ်ဆောင်ထက်ယံပိုင်၊ စိုးစံအောင်၊ အေမီစျာန်၊ ဟန်နာ့၊ V V Cheng ၊ မေလန်း၊ အစရှိသည့် သရုပ်ဆောင်များစွာပါဝင်ရိုက်ကူးလျက် ရှိကြောင်းသိရသည်...။ ညိုမြင်းလွင်ရဲ့ ဖုန်းရွှေ ဖြစ်မလား...အေမီစျာန် ရဲ့ ဖုန်းရွှေ ဖြစ်မလား စောင့်ကြည့်ရမယ့် ဇာတ်ကားပါ ခင်ဗျာ...။

## ဇာတ်မင်းသမီးကြီး နန်းခင်အေး ကွယ်လွန်ရှာပြီ...။

ဂီတစာဆို နန်းတော်ရှေ့ဆရာတင်၏ မြေး၊ မင်းသားကြီး ရွှေနန်းတင်နှင့် မင်းသမီးကြီး ခင်စန်းတင်တို့၏ သမီးကြီး၊ ဇာတ်မင်းသား နန်းဝင်း၊ မင်းသမီး နန်းခင်မွှေးတို့၏ အစ်မကြီး၊ အကယ်ဒမီ ငြိမ်းမင်း၏ ဇနီး ဒေါ်နန်းခင်အေး သည် ဒီဇင်ဘာ ၆ ရက် အသက် ၇၀ အရွယ်တွင် ကွယ်လွန်သွားခဲ့ပါသည်...။

"'ဇနီးက ကျောက်ကပ်လဲထားတာ ၁၀ နှစ် ကျော်ပါပြီ...၊ လဲထားတဲ့ ကျောက်ကပ် ပြန်အားနည်းလာလို့ ဆေးရုံမှာ ကျောက်ကပ်ဆေးဖို့ ပြင်နေတဲ့အချိန် ရုတ်တရက် နှလုံးရပ်ပြီးဆုံးသွားခဲ့တယ်" ဟု ခင်ပွန်းဖြစ်သူ ဦးငြိမ်းမင်းက ပြောကြားသွားခဲ့ပါသည်...။ ဇာတ်မင်းသမီးကြီး နန်းခင်အေး ငြိမ်းအေးရာမှာ နားခိုနိုင်ပါစေ ခင်ဗျာ...။

## နေဝင်းခေတ်အစပျိုး ခြင်းများလား...။

ကျော်ဟိန်း၊ ဒွေး တို့ နောက်မှာ မင်းသားတွေအတော်များများ ထွက်လာကြပေမယ့် ပရိသတ်က အာသာမပြေ ကြဘူးခင်ဗျ...။ ဟော...အခု စာရိတ္တ ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားကြီးမှာ သရုပ်ဆောင်ထားတဲ့ နေဝင်း ကို ကြည့်ပြီး ပရိသတ်က ကျော်ဟိန်းကို သတိတွေရနေကြတယ်ဆိုတဲ့ အသံတွေ ထွက်လာပါတယ်ဗျာ...။ နေဝင်းရဲ့ တချို့ အိုက်တင်တွေ ဒိုင်ယာလော့ခ်တွေဟာ ကျော်ဟိန်းကို သတိရစေသတဲ့လားဗျာ...။ ထွေလာအတိုလေး ကို ကြည့်မိတော့ ကျနော်လည်း ဦးကျော်ကြီး သတိရမိတယ် ခင်ဗျ...။ အော်...နေဝင်းခေတ်အစပျိုး ခြင်းများလား စဉ်းစားနေမိတယ် ခင်ဗျ...။


ကျော်ဟိန်း၊ ဒွေး တို့နေရာ အစားထိုးရမယ့် သူများလား...။ နေဝင်းဆိုတာ Snare အဖွဲ့က အဆိုတော်လေး ပါခင်ဗျာ...။ ကျနော်ပြောတာ ဟုတ်မဟုတ် ခင်ဗျားတို့ ကိုယ်တိုင်လည်း ကြည့်...ကြည့်ကြဦးဗျ...။ ကျနော်ကတော့ Snare နေဝင်းရဲ့ သီချင်းတွေကိုလည်း ခိုက်တယ်...၊ မင်းသား နေဝင်းရဲ့ အိုက်တင်တွေကိုလည်း ကြိုက်တယ်ဗျာ...။ နေဝင်း ခေတ် အစပျိုးခြင်း လို့ တင်စားလိုက်ပါရစေဗျ...။

## ဒါရိုက်တာ ကြည်စိုးထွန်း၏ အသက် ၇၈ နှစ်ပြည့် မွေးနေ့ပွဲကျင်းပ...။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ၏ ဥက္ကဋ္ဌဖြစ်သူ အကယ်ဒမီ ငါးဆုရှင် ဦးကြည်စိုးထွန်းသည် ၎င်း၏ ၇၈ နှစ်မြောက် မွေးနေ့ပွဲကို ဒီဇင်ဘာ ၁၇ က ဒဂုံမြို့သစ် မြောက်ပိုင်းရှိ နေအိမ်တွင် ကျင်းပသွားခဲ့ပါသည်...။ ဦးကြည်စိုးထွန်း၏ မွေးနေ့ အမှန်မှာ ဒီဇင်ဘာ ၉ ရက်နေ့ ဖြစ်ပြီး ရုပ်ရှင်အသိုင်းအဝိုင်းမှ မိတ်ဆွေများနှင့် ပွဲကျင်းပခဲ့ပြီး ဖြစ်သည်...။ ယခုပွဲမှာ စာပေနယ်ပယ်မှ မိတ်ဆွေများအား ဆုံတွေ့ချင်သဖြင့် ထပ်မံကျင်းပခဲ့ခြင်းဖြစ်သည်...။ ဦးကြည်စိုးထွန်း ၇၈ နှစ်မြောက် မွေးနေ့မှ အသက်ရာကျော်အထိ ကျန်းကျန်းမာမာ နှင့် အနုပညာအလုပ်များကို ဆက်လက်လုပ်ကိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ် ခင်ဗျား...။




မိဘများ အလုပ်ကိုသာ ကြိုးစားလုပ်ကိုင်ပါ။ သားသမီးများရဲ့ ပညာရေးနဲ့ ပတ်သက်လာရင်
New York က ဆရာ Yan Aung ရဲ့ Success Prep Education Center က တာဝန်ယူပါတယ်။




Nicole Oo '2027
Lehigh University
Full Scholarship
$73,715/yr



Michelle Htut '2027
Bates College
Full Scholarship
$81,480/yr



Aye M. Phwe '2027
St. Francis College
Full Scholarship
$75,000/yr



Yamin K. Phyu '2026
Swarthmore College
Full Scholarship
$81,376/yr

- How to train my child to get into good schools since primary level?
- How to help my daughter or son with their homework and science assignments?
- How to prepare myself to take GED, TASC, College entrance exam etc.?
- How to make my college application unique and noticeable?
- How to prepare myself to win scholarships, grants and work-study at prestigious colleges?
- How to write effective admission essays or personal statements?
- How to choose colleges based on my financial commitment, major, and career path?

ဒီလိုမေးခွန်းတွေ ရှိလာပြီဆိုရင် ၂၀၁၆ ခုနှစ်ကတည်းက အမေရိကားရှိ ပြည်နယ်ပေါင်းများစွာမှ ကျောင်းသူကျောင်းသားများနှင့် မြန်မာပြည်မှ ထူးချွန်လူငယ်များအား ပညာရည်ထူးချွန်စေရန်နှင့် ပညာရေး ရည်မှန်းချက်များ ပြည့်မီနိုင်စေရန် စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ပညာတော်သင်ဆုရ မြန်မာဆရာကိုယ်တိုင် ဦးစီးလမ်းညွှန်ပေးနေတဲ့ Success Prep Education Center များနဲ့ ယနေ့ပဲ ဆက်သွယ်ဆွေးနွေး အဖြေရှာကြည့်လိုက်ပါ။ Online နဲ့ In-person တန်းခွဲမျိုးစုံ ရှိပါသည်။

WWW.SUCCESSPREPTUTORING.COM












Success Prep Center I
8829 51st Avenue
Elmhurst NY 11373
(347) 612 4561

Success Prep Center II
1766 Cropsey Avenue
Brooklyn NY 11214
(626) 464 3058

Success Prep Center III
183 W El Repetto Dr
Monterey Park CA 91754
(626) 464 3058

# ဂျပန်လူမျိုး ပီရူးသမ္မတဟောင်းထောင်မှလွတ်မြောက်



ပီရူးသမ္မတဟောင်း Alberto Fujimori သည် ၁၉၉၀ ခုနှစ်များတွင် ၎င်း၏သမ္မတသက်တမ်းအတွင်း ၌ လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့်ထောင်ဒဏ် ၂၅ နှစ်ကျခံနေရသည့်ပီရူးသမ္မတဟောင်း Alberto Fujimori အား လူသားချင်းစာနာထောက်ထားမှုဖြင့် လွတ်မြောက်လာပြီဖြစ်ကြောင်း ဒေသတွင်းမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အသက် ၈၅ နှစ်ရှိ ဖူဂျီမိုရီ၏ အသက်အရွယ်နှင့် ကျန်းမာရေး ယိုယွင်းလာမှုကို ကိုးကား၍ ပီရူးဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးက ၎င်း၏သက်တမ်း၏ သုံးပုံနှစ်ပုံခန့်ကို ထမ်းဆောင်ခဲ့ပြီးပြီဟု မှတ်ချက်ပေးကာ လွတ်ပေးရန် ယခုသီတင်းပတ်အစောပိုင်းက အမိန့်ပေးခဲ့ပြီးနောက် ဖူဂျီမိုရီ၏ အစိုးရလက်ထက် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ မိသားစုများ ၏တောင်းဆိုမှုအပေါ် အခြေခံ၍ လွတ်ပေးခြင်းမပြုပါရန် ပီရူးအစိုးရက တောင်းဆိုထားသော်လည်း အမှန်တကယ် ပြန်လည်လွတ်ပေးခဲ့ခြင်း ဖြစ်သည်။

ပီရူးနိုင်ငံ သမ္မတဟောင်း အယ်လ်ဘာတို ဖူဂျီမိုရီ (၈၅) နှစ်၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်က ပီရူးနိုင်ငံ၊ Callao အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် လီမာမြို့ဆင်ခြေဖုံးရှိ ထိန်းသိမ်းရေးစခန်းရှေ့တွင် ၎င်း၏သမီးဖြစ်သူ ကီကို (၄၈) နှစ်နှင့် သားဖြစ်သူ ကန်ဂျီ (၄၃ နှစ်)တို့ ကကြိုဆိုခဲ့ကြသည်။

ဖူဂျီမိုရီ လွတ်မြောက်ရေးအတွက် တရားရုံးက ၂၀၂၂ ခုနှစ် မတ်လတွင် စီရင်ဆုံးဖြတ်ခဲ့ဖူးသော်လည်း ဒေသတွင်း လူ့အခွင့်အရေး တရားရုံး၏ ဖိအားပေးမှုကြောင့် လွတ်မြောက်လာခြင်း မရှိခဲ့ပေ။

ဂျပန်ပြည်မှ ပီရူးသို့ရွှေ့ပြောင်းနေထိုင်ခဲ့သူ ဖူဂျီမိုရီသည် ပီရူးကို ၁၉၉၀ မှ ၂၀၀၀ ခုနှစ်အထိ ဦးဆောင်ခဲ့သည်။ သူ၏အစိုးရလက်ထက်တွင် ပီရူးစီးပွားရေးကို ပြန်လည်တည်ဆောက်ကာ လက်ဝဲပြောက်ကျား အုံကြွမှုများကို နှိမ်နင်းခြင်းဖြင့် ဂုဏ်ပြုခံခဲ့ရသည်။ ထို့ပြင် ၁၉၉၆ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ လီမာမြို့ရှိ ဂျပန်သံအမတ်ကြီး၏ တရားဝင်နေအိမ်ကို ဝိုင်းရံထားစဉ် Tupac Amaru သောင်းကျန်းမှုမှ ဓားစာခံများ လွတ်မြောက်ရန် လက်နက်ကိုင် စစ်ဆင်ရေး ညွှန်ကြားမှုကြောင့် လူသိများသည်။

၂၀၀၀ ခုနှစ်တွင် ဖူဂျီမိုရီသည် အဓိကလက်ထောက်တစ်ဦး၏အကျင့်ပျက်ခြစားမှုစွပ်စွဲချက်ကြောင့်ဂျပန်နိုင်ငံသို့ ထွက်ပြေးခဲ့ပြီး ဂျပန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့်ယူခဲ့သည်။ ထို့နောက်ပိုင်းတွင် ပီရူးကွန်ဂရက်လွှတ်တော်မှ သူ့အားသမ္မတအဖြစ်မှ ထုတ်ပယ်ပစ်ခြင်းခံခဲ့ရသည်။

၂၀၀၅ ခုနှစ်တွင် ချီလီသို့ ခရီးထွက်နေထိုင်နေပြီးနောက် နှစ်နှစ်အကြာတွင် ပီရူးနိုင်ငံသို့ လွှဲပြောင်းပေးခြင်းခံခဲ့ရသည်။လူ့အခွင့်အရေး ရက်စက်ကြမ်းကြုတ်မှုများတွင် ပါဝင်ပတ်သက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

၁၉၉၁ နှင့် ၁၉၉၂ တို့တွင် အရပ်သား ၂၅ ဦးကို လက်ဝဲပြောက်ကျားဟု မှားယွင်းစွာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု နှစ်ကြိမ်ဖြင့် ၂၀၁၀ ခုနှစ်တွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရသည်။ ပီရူးအစိုးရသည် ၂၀၁၇ခုနှစ်တွင် ဖူဂျီမိုရီအား ဆေးဘက်ဆိုင်ရာ အကြောင်းပြချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သော်လည်း သူ့အစိုးရလက်ထက် သေဆုံးသူများ၏ ဆွေမျိုးများ၏ တောင်းဆိုမှုကြောင့် နောက်နှစ်တွင် တရားရုံးချုပ်မှ ဆုံးဖြတ်ချက်ကို ပယ်ချခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ပြန်လည်ထိန်းသိမ်းခံခဲ့ရသည်။

ဖူဂျီမိုရီ၏ ဖြတ်သန်းခဲ့ရသော ဘဝ မှာ စိတ်ဝင်စားစရာပါ။

Fujimori ကို ပီရူးနိုင်ငံ Lima ခရိုင် Miraflores တွင် ၁၉၃၈ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် မွေးဖွားခဲ့သည်။ သူ၏မိဘများဖြစ်သော Naoichi Fujimori (1897-1971) နှင့် Mutsue Inomoto Fujimori (1913-2009) တို့သည် 1934 ခုနှစ်တွင် ပီရူးသို့ပြောင်းရွှေ့လာခဲ့သော ဂျပန်၊ Kumamoto မှဇာတိသားများဖြစ်သည်။

ဇူလိုင်လ 1997 ခုနှစ်တွင် သတင်းမဂ္ဂဇင်း Caretas မှ Fujimori သည် ၎င်း၏ဖခင်၏မွေးရပ်မြေ Kawachi, Kumamoto စီရင်စုတွင် ဂျပန်နိုင်ငံတွင် မွေးဖွားခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ပီရူးနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ သမ္မတသည် ပီရူးတွင် မွေးဖွားရန် လိုအပ်သောကြောင့်၊ သတင်းမဂ္ဂဇင်းမှ ဖူဂျီမိုရီသည် သမ္မတအဖြစ် အရည်အချင်းမပြည့်မီကြောင်းပြောသည်။ မဂ္ဂဇင်းသည် ဖူဂျီမိုရီ၏ မွေးဖွားမှုနှင့် မွေးစာရင်းလက်မှတ်များကို ပြောင်းလဲနိုင်သည်ဟု ဖော်ပြခဲ့သည်။ဖူဂျီမိုရီ၏မိခင်သည် ပီရူးသို့ဝင်ရောက်ချိန်တွင် ကလေးနှစ်ယောက်ရှိသည်ဟု ကြေငြာခဲ့ဖူးသည်၊ဖူဂျီမိုရီသည် ကလေးလေးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ Caretas ၏ ဖွင့်ချမှုများအား ပီရူးမီဒီယာများတွင် ပြင်းပြင်းထန်ထန် ဝေဖန် တိုက်ခိုက်ခဲ့ကြသည်။

**Sí** မဂ္ဂဇင်း က စွပ်စွဲချက်များကို "pathetic" and "a dark page for [Peruvian] journalism" [ပီရူး] သတင်းစာလောကအတွက် အမှောင်စာမျက်နှာဟု ဖော်ပြခဲ့သည်။ လက်တင်အမေရိက ပညာရှင် Cynthia McClintock နှင့် **Fabián Vallas** တို့က "ဖူဂျီမိုရီ၏ မိဘများသည် မွေဖွါးကထဲက လီမာရှိ ဂျပန်ကောင်စစ်ဝန်ရုံးတွင် တရားဝင်မှတ်ပုံတင်ထားခဲ့ကြောင်း ၂၀၀၀ခုနှစ်တွင်ဂျပန်အစိုးရက ကြေငြာပြီးနောက် ပီရူးလူမျိုးများကြားတွင် အဆိုပါပြဿနာမှာ ပျက်ပြယ်သွားပုံရကြောင်း" ပြောပါသည်။ကိုဆီကီ **(koseki (戸籍)** or family register )တွင် သူ့မိဘများ၏ မှတ်ပုံတင်ကြောင့် သူလည်း ဂျပန် နိုင်ငံသားဖြစ်ကြောင်း ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့သည်။

ဖူဂျီမိုရီသည် သူ၏အစောပိုင်းပညာရေးကို Colegio **Nuestra Señora de la Merced**နှင့် La Rectora ကျောင်းတွင် သင်ကြားခဲ့သည်။ ဖူဂျီမိုရီ၏ မိဘများသည် ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း ရိုမန်ကက်သလစ်ဘာသာဝင်များ နှစ်ခြင်းခံပြီး ကြီးပြင်းလာခဲ့သည်။ စပိန်ဘာသာစကားမှလွဲ၍ မူလဘာသာစကားဖြစ်သောဂျပန်ဘာသာစကားကိုလည်း ပြောဆိုခဲ့သည်။ 1956 ခုနှစ်တွင် Fujimori သည် Lima ရှိ La Gran Unidad Escolar Alfonso Ugarte မှဘွဲ့ရခဲ့သည်။

သူသည် 1957 ခုနှစ်တွင် Universidad Nacional Agraria La Molina တွင် ဘွဲ့ကြိုပညာသင်ကြားခဲ့ပြီး 1961 ခုနှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာအဖြစ် ပထမဆုံးဘွဲ့ရခဲ့သည်။ 1964 ခုနှစ်တွင် ပြင်သစ်နိုင်ငံ Strasbourg တက္ကသိုလ်တွင် ရူပဗေဒဘာသာရပ်ကို လေ့လာခဲ့သည်။ Ford ပညာသင်ဆုအတွက် Fujimori သည် United States ရှိ Wisconsin-Milwaukee တက္ကသိုလ်တွင် တက်ရောက်ခဲ့ပြီး 1969 ခုနှစ်တွင် သင်္ချာမဟာဘွဲ့ကို ရရှိခဲ့သည်။

> 戸籍 တွင်သူ့မိဘများ၏ မှတ်ပုံတင်ကြောင့် သူလည်း ဂျပန် နိုင်ငံသားဖြစ်ကြောင်း ဂျပန်အစိုးရက ဆုံးဖြတ်ခဲ့သည်။

1974 ခုနှစ်တွင် သူသည် ဂျပန်-ပီရူးလူမျိုး Susana Higuchi နှင့် လက်ထပ်ခဲ့သည်။ သူတို့တွင် သမီးလေး Keiko နှင့် သားလေး Kenji အပါအဝင် သားသမီးလေးယောက်ရှိပြီး နောက်ပိုင်းတွင် သူသည် နိုင်ငံရေးလောကထဲသို့ဝင်ရောက်လာခဲ့သည်။

သူ၏ ပညာရေးအောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် National Agrarian University ၏ သိပ္ပံပညာဌာနမှ Fujimori အား ဌာနမှူးအဖြစ် ကမ်းလှမ်းခဲ့ပြီး 1984 တွင် သူ့ကို 1989 ခုနှစ်အထိ ကျင်းပခဲ့သော တက္ကသိုလ်၏ rectorship အဖြစ် ခန့်အပ်ခဲ့သည်။ 1987 ခုနှစ်တွင် Fujimori သည် ပီရူးအမျိုးသားကော်မရှင်၏ ဥက္ကဋ္ဌဖြစ်လာခဲ့သည်။ တက္ကသိုလ်ပါမောက္ခချုပ်များ (Asamblea Nacional de Rectores) ရာထူးကို နှစ်ကြိမ်တိုင်တိုင် ထမ်းဆောင်ခဲ့ဖူးသည်။ သူသည် ပီရူးနိုင်ငံပိုင် ကွန်ရက်ဖြစ်သည့် Channel 7 တွင် 1988 မှ 1989 ခုနှစ်အထိ "Concertando" ဟုခေါ်သော တီဗီရှိုးတစ်ခုကိုလည်း လုပ် ခဲ့သည်။




သင်၏သွားကျန်းမာရေးအတွက် "ဒေါက်တာမောင်" ကို သတိရပါ။
Kyaw Kyaw Mg, D.D.S.
(New York University)
11004 Lower Azusa Road
El Monte, CA 91731
(626) 575 -1191
FAMILY & COSMETIC DENTISTRY
QUALITY AND AFFORDABLE DENTAL CARE
MOST INSURANCE PLANS ACCEPTED

အိမ်မြေဈေးကွက်တွင် ရောင်းဝယ်ရင်းနှီးမြှုတ်နှံလိုပါသလား?
စီးပွားရေးလုပ်ငန်းရုံးအဆောက်အဦ၊ကိုယ်ပိုင်အိမ်နေလိုသူများ 'ချောစုသူ' ကိုဆက်သွယ်ပါ။
ငွေချေးခြင်းနှင့်ဘဏ်ကိစ္စများကို ရိုးရှင်းစွာတွက်ချက်ပြသပေးပါသည်။
မြန်မာမိသားစုများအတွက် စေတနာရှေ့ထား၍ကူညီဆောင်ရွက်ပေးပါသည်။
You can count on me with your Real Estate Need with Honest Guidance.
I'm proud to serve our Community with pride and Honor.
No Obligation Serving with a Smile!

Debbie Lee (ချောစုသူ) 626-622-7788
DebbieLee@Realty168.com
DRE# 01930194
Certified Military Residential Specialist
Speaks: English, Burmese, Cantonese
LEGACY REALTY PARTNERS
Buy. Sell. Invest.
Residential and Commercial

Liberty Alliance
Outstanding Values • Exceptional Service
Main Office: 626 872 5822
Email: debbie@libertyins.net
Fax: 626 280-6967
Open hours: M-F 9:00 am to 5:30
Sat. 10 to 2pm, Sun closed.
Certified Covered California Agent
We speak English, Burmese, Cantonese & Mandarin
Health: Aetna, Blue Cross, Blueshield, Health Net, LA Care, Kaiser Permanente, Medicare 65+
Life: AIG
Personal / Commercial: Alliance United, Allied, Bristol West, C.N.A, Chubb, Employers, Encompass, Fortuna, Guard, Hartford, Infinity, Kemper, Liberty Mutual, LIG, Mercury, Metlife, Progressive, Safeco, Travelers, USLI, Zurich
✔ Medicare ကိုအသက်၆၅နှစ်အထက်သက်ကြီးမြန်မာများ လျှောက်ယူနိုင်ရန် ကူညီပေးပါသည်။
၁၀နှစ်အထက်အတွေ့အကြုံရှိသူ အေးဂျင့်များမှ အထက်ပါ ကုမ္ပဏီကြီးများ၏
✔ ကား၊ အိမ်၊ ကျန်းမာရေး နှင့်အသက်အာမခံကိစ္စများ...
✔ Tickets ရခြင်း၊ ကားနှင့်ထိခိုက် ဒဏ်ရာ ရခြင်း၊ DUIကိစ္စများ...
✔ International လိုင်စင်လုပ်ခြင်း၊ ကားလိုင်စင်မဲ့ဖမ်းမိခံရခြင်းတို့အတွက် အကျိုးဆောင်ပေးပါသည်။
စိတ်တိုင်းကျ စိတ်ချမ်းသာစေရမည်၊ 626 872 5822 သို့ဆက်သွယ်စုံစမ်းပါ။

Silver Lining
Paint & Body
မော်တော်ကားဆော်ဒီပြုပြင်ခြင်းနှင့်ဆေးမှုတ်ခြင်းတို့ကိုစိတ်တိုင်းကျဆောင်ရွက်ပေးပါသည်

13908 E. Valley Blvd... La Puente. CA 91746
Tel: (626)333-1950 Fax: (626) 333- 7788
Email: SilverLiningPaintAndBody@yahoo.com
Tues - Friday 8-6pm & Sat 8-4pm. Closed on Mondays

မြန်မာပိုင်
L & T Japanese Automotive
HONDA • ACURA Specialist
Dealer ၏ Service နှင့် Parts တို့ကိုဈေးနှုန်းသက်သာစွာဖြင့်ကူညီပါရစေ...

13908 E. Valley Blvd
La Puente, CA 91746
Tel: (626) 333-1950
(626) 333-1944
(626) 333-1990
Fax : (626) 333-7788
www.LTautomotive.com
LTJapAuto@verizon.net
Factory-trained certified
Approved Auto Repair
Tues - Friday 8-6pm
Sat 8-4pm. Closed on Mondays

# မြန်မာဗုဒ္ဓဘာသာကျောင်း၏ ဓမ္မဗိမာန်တော်ကြီးဖွင့်လှစ်



Photo: Aung Bwint

La Puene မြို့၊ Los Angeles County တွင်တည်ရှိသော Burma Buddhist Monastery မြန်မာဗုဒ္ဓဘာသာကျောင်း၏ ဓမ္မဗိမာန်တော်ဖွင့်ပွဲအလှူမင်္ဂလာ အခမ်းအနားကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၃ရက်နေ့က ကျင်းပခဲ့သည်။ အခမ်းအနားသို့ Los Angeles မှ သံဃာတော်များအပါအဝင်အခြားမြို့၊ ပြည်နယ်များမှ ပင့်သံဃာပေါင်း၃၅ပါး ကြွရောက် ချီးမြှင့်ကာ ဧည့်ပရိသတ်ပေါင်းတစ်ထောင်နီးပါးခန့်တက်ရောက်ခဲ့ကြသည်။

အသစ်ဖွင့်လှစ်လိုက်သောဓမ္မဗိမာန်တော်သည် ပေ၆၀xပေ၁၀၀အကျယ်အဝန်းရှိပြီး ၂၀၁၉ခုနှစ်မှစပြီး အုတ်မြစ်ချခဲ့သည်။ " ဓမ္မဗိမာန်တော်ဆိုတာက ကြီးကျယ်ခမ်းနားတဲ့ အဆောက်အဦး ကို ဆိုလိုတာပေါ့။ ဓမ္မာရုံဆိုတာကတော့ ရပ်ကွက်မှာ တရားနာတဲ့ အဆောက်အဦပေါ့။ ဒါ့ကြောင့် ဓမ္မဗိမာန်တော်လို့ ခေါ်ဝေါ်သုံးနှုံးရခြင်းဖြစ်ပါတယ်။ မြန်မာဗုဒ္ဓဘာသာကျောင်းဟာ အခုဆိုရင် အစိုးရကတရားဝင်ခွင့်ပြုထားတဲ့သာသနာ့ အဆောက်အဦဖြစ်သွားပြီ။ အလှူ၊ ဘာသာရေး၊ ပွဲလမ်းသဘင်တွေ တရားဝင်လုပ်ခွင့်ရှိသွားပြီ။ ဘုန်းဘုန်းကြီးဦးသုန် အဓိကဖြစ်စေချင်တာဖြစ်သွားပြီ။ နှစ်ပေါင်း၄၃နှစ်အတွင်းမှာ ကျောင်းတည်တံ့ရေးအတွက် ထောက်ပံ့လှူဒါန်းခဲ့တဲ့ ဒကာ၊ ဒကာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု Burma Buddhist Monastery ၏ လက်ရှိ ကျောင်းထိုင်ဆရာတော်ဦးသီလာစာရက မြန်မာ့ဂဇက်သို့ မိန့်ကြားတော်မူသည်။ ဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ တရားထိုင်ရန်နှင့်တရားပွဲများ ကျင်းပလျှင် ကျယ်ကျယ်ဝန်းဝန်းကျင်းပနိုင်ရန် ဖြစ်သည်ဟု ဆရာတော်က မိန့်သည်။


Burma Buddhist Monastery ကို ၁၉၈၀ခုနှစ်က ပျံလွန်တော်မူပြီးသောပီနန် ဆရာတော်အရှင်ပညာဝံသက Commonwealth တွင် Los Angeles မှဒကာ ဦးမြင့်ဝေနှင့်မိတ်ဆွေများ၏ လှူဒါန်းမှု၊ ဆရာတော်ကြီး၏မတည်ငွေတို့ဖြင့် စတင်တည်ထောင်ခဲ့သည်။၁၉၉၄ခုနှစ်တွင် La Puente သို့ ပြောင်းရွှေ့ခဲ့သည်။မြန်မာပြည် ၂၀၀၇ခုနှစ်၊ စက်တင်ဘာလ သင်္ကန်းရောင်တော်လှန်ရေး( Saffron Revolution ) ဖြစ်ချိန်တွင် ပီနန်ဆရာတော်ကြီး ၏အသက်၈၀ပြည့်မွေးနေ့ပူဇာသဘင်အတွက် Los Angeles သို့ရောက်ရှိနေကြသော သံဃာ အပါး ၅၀ ကျော်ခန့်နှင့် Burma Buddhist Monastery တွင် October လကုန်ပိုင်း၌ "သံဃာဦးသျှောင် အပြည်ပြည်ဆိုင်ရာ မြန်မာရဟန်းတော်များအဖွဲ့ချုပ်" ကို ဖွဲ့စည်းနိုင်ခဲ့ပြီး နာယကအဖြစ် မစိုးရိမ် ဆရာတော်ကြီး ဦးကောဝိဒ (၁၂၈၉ - ၁၃၇၀ )၊ ဥက္ကဋ္ဌအဖြစ် ပီနန်ဆရာတော်ကြီး ဦးပညာဝံသ ( ၁၉၂၈ - ၂၀၁၇ )၊ အတွင်းရေးမှူးအဖြစ် လန်ဒန်ဆရာတော် ဦးဥတ္တရ ( မဟာသန္တိသုခ ကျောင်းတွင် မတရားဖမ်းဆီး ထောင်ချခံရသူ ) နှင့် အမေရိကားအရှေ့ဖက် အခြမ်း နှင့် အနောက်ဖက်အခြမ်း မှ ကိုယ်စားပြု အတွင်းရေးမှူး ဆရာတော် များဖြင့်ဖွဲ့စည်းခဲ့သည်မှာ လည်း Burma Buddhist Monastery ကျောင်းတိုက်၏ အထင်ကရ သမိုင်းမှတ်တိုင် တခုဖြစ်ခဲ့သည်။ ၂၀၁၇ခုနှစ်တွင် ပီနန်ဆရာတော်ကြီးပျံလွန်တော်မူပြီးနောက် ဆရာတော်ဦးသုန္ဒရာဘိဝံသ က Burma Buddhist Monastery ၏ ဦးစီးနာယက ပဓာနဆရာတော်ဖြစ်လာခဲ့သည်။

ဆရာတော်ဦးသုန္ဒရာဘိဝံသ သည် ဓမ္မဗိမာန်တော်ကြီးတည်ဆောက်ရန် ဆန္ဒပြင်းပြခဲ့ရာ လွန်ခဲ့သောဧနှစ်ကာလမှစပြီး ဆရာတော်ဦးသုန္ဒရာဘိဝံသ၊ အရှင်ခေမာ၊ ဦးလှဝေ၊ ဦးတင်ဝင်း၊ Joe (Contractor)တို့က CUP ကျောင်းဆောက်လုပ်ခွင့်ရရှိရန် သက်ဆိုင်ရာရုံးတွင် တရားဝင်ကိုယ်တိုင်သွားလျှောက်ခဲ့ကြကြောင်း ဓမ္မဗိမာန်တော်ကြီး ဖြစ်မြောက်ရေးအတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူ ဂေါပကအဖွဲ့ဝင် Dr. Ada Zaw က ဆိုသည်။ " အကြွေးမကျန်ဘဲ ကျောင်းကြီးပြီးစီးသွားတာ အရမ်းဝမ်းသာပါတယ်။ ခန့်မှန်းဘတ်ဂျက်က ဒေါ်လာ၈သိန်းပေမယ့် တကယ်ကုန်တာက ဒေါ်လာ၂.၂သန်း ကုန်ခဲ့ပါတယ်။ ဒီလိုနေ့ကိုရောက်ဖို့ ဆရာတော်ကြီးဦးသုန်က အနှစ်၄၀စောင့်ခဲ့ရတာ" ဟု ဆိုသည်။ ဂေါပကအဖွဲ့၏သက်တမ်းမှာ ၄နှစ်ဆိုသော်လည်း အရှင်သုန္ဒရာဘိဝံသက ဓမ္မဗိမာန်တော်ကြီးတည်ဆောက်ရေးအတွက် အနီးကပ်အသေးစိတ်ကြီးကြပ်ကွပ်ကဲ၊ စီစဉ်၊ ဆောင်ရွက်သူ ဂေါပက ဥက္ကဋ္ဌ - ဦးစိုးအောင် နှင့် အတွင်းရေးမှူး - Dr Ada Zaw တို့ အပါအဝင် ဘဏ္ဍာရေးမှူး - Dr သစ်သစ်လွင် ၊ မသီဂီဝင်း ၊ Dr ထိန်လင်း တို့ ဂေါပက အဖွဲ့ကို ဓမ္မဗိမာန်တော်ကြီးတည်ဆောက်ချိန်များမှာလဲ ဆက်လက်တည်ရှိစေခဲ့သည်။ အရှင်ဦးသုန္ဒရာဘိဝံသသည် နိုဝင်ဘာ၂၀၊ ၂၀၂၃ခုနှစ်၊ သက်တော်၈၉နှစ်၊ ဝါတော်၆၉ဝါ တွင် ပျံလွန်တော်မူခဲ့သည်။ သူစီစဉ်ခဲ့သော ဓမ္မဗိမာန်တော်ကြီးဖွင့်ပွဲမတိုင်မီ သီတင်းပတ် အနည်းငယ်အလိုတွင် ပျံလွန်တော်မူခဲ့ခြင်းဖြစ်သည်။ " ကျမတို့က ဘုန်းဘုန်းကြီး ကို အနီးကပ်ပြုစုခဲ့သူတွေဆိုတော့ သူ့အခြေအနေကိုသိတော့ ကထိန်လုပ်တဲ့နေ့မှာပဲ ဂေါပကငါးယောက်နဲ့ သူ့အတွက် ရေစက်ချခဲ့တယ်။ ဘုန်းဘုန်းကြီးက ကိုစိုးအောင်နဲ့ Ada နဲ့က ဆရာတော်ဦးသီလာစာရနဲ့ဆက်လက် လက်တွဲပြီး သင့်သင့်မြတ်မြတ်နဲ့ ကျောင်းကို စောင့်ရှောက်ပါ" လို့ မိန့်တော်မူခဲ့တယ်။ ကိုစိုးအောင်က ရေစက်ခွက်သွားသွန်နေလို့ မကြားလိုက်ဘူး။ ကျမက ဓမ္မဗိမာန်တော်ကြီး ပြီးတဲ့အချိန်မှာ ဂေါပကအဖွဲ့ကနေ Resign လုပ်ဖို့ ဆုံးဖြတ်ပြီးသားမို့ ဘုန်းဘုန်းကြီးကို ကတိမပေးခဲ့ပါဘူး" ဟု Dr. Ada Zaw က မြန်မာ့ဂဇက်သို့ပြောကြားခဲ့သည်။ အရှင်သုန္ဒရာဘိဝံသည် ၂၀၂၁ခုနှစ်မှစပြီး မကျန်းမာကာ နိုဝင်ဘာ၊ ၂၀၂၁ခုနှစ်တွင် အစာမျိုရေမျိုကင်ဆာ ဖြစ်နေသည်ဟု ဆေးစစ်ချက်ကအတည်ပြုခဲ့သည်။

၁၉၈၄ခုနှစ်တွင် US သို့ရောက်ရှိ သီတင်းသုံးခဲ့သော အရှင်သုန္ဒရာဘိဝံသ ပျံလွန်တော်မူပြီးတစ်လပြည့်အခမ်းအနားကို ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာ၁၉တွင် Burma Buddhist Monastery မှာပင် ဒကာမ ဒေါ်မြင့်မြင့်စိန်နှင့်ဓမ္မမိတ်ဆွေများက ကျင်းပခဲ့သည်။ အရှင်သီလာစာရက ပီနန်ဆရာတော်အရှင်ပညာဝံသနှင့် အရှင်သုန္ဒရာဘိဝံသ တို့ နှစ်ပါး အကြောင်း ကို အနီးကပ်တပည့်ရင်းအနေဖြင့် မိန့်ကြားခဲ့ပြီး အခမ်းအနားမှူးအဖြစ် Dr. အောင်မျိုးသန့်က ဆောင်ရွက်ခဲ့သည် ။ သံဃာတော်၁၅ပါး ကြွရောက်ကာ ပရိတ်တရားချီးမြှင့်ခဲ့ကာ ကုသိုလ်ကောင်းမှုများကိုရေစက်ချအမျှဝေခဲ့သည်။ လက်ရှိကျောင်းထိုင်ဆရာတော်ဦးသီလာစာရက ဂေါပကအဟောင်းများအနားယူသွားမှုအကြောင်းကို ရှင်းပြခဲ့သည်။ ဆရာတော်ဦးသုန်၏ဆန္ဒ အတိုင်း ဂေါပက ဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးများ အား ဓမ္မဗိမာန်တော်ကြီးပြီးစီးသည်အထိ ဆောင်ရွက်ပေးရန်နှင့် ပြီးဆုံးမှသာ အနားယူကြပါရန် မေတ္တာရပ်ခံခဲ့သောကြောင့် ဓမ္မဗိမာန်တော်ကြီးအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ဓမ္မဗိမာန်တော်ကြီးပြီးစီးသည့်အခါ အရှင်သီလစာရက ခွင့်ပြုသဖြင့် ကျန်သော အဖွဲ့ဝင်များပါ အနားယူသွားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အရှင်သီလာစာရသည်မြန်မာနိုင်ငံတွင် နိုင်ငံခြားသာသနာပြု မဟာသန္တိသုခ ကျောင်းတိုက်တွင် သီတင်းသုံးခဲ့ပြီး US သို့ ၂၀၀၂ခုနှစ်တွင် သာသနာပြုရန်ကြွရောက်တော်မူခဲ့သည်။ သက်တော်၅၆နှစ်၊ ဝါတော်၃၆ဝါရှိတော်မူသော အရှင်သီလာစာရသည်မြန်မာ-အမေရိကန်ကလေးများကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ဗုဒ္ဓဘာသာတရားများသင်ကြားပေးခဲ့သည်။ " ဦးဇင်းကတော့ ဦးဇင်းတို့ကျောင်းတော်ကြီး ရေရှည်တည်တံ့ရေးအတွက်ရော၊ ဘုန်းဘုန်းကြီးဦးသုန်ရဲ့ဆန္ဒပြည့်ဝအောင် ဓမ္မဗိမာန်တော်ကြီးဖြစ်မြောက်ရေးအတွက် လူအား၊ ငွေအားနဲ့ကူညီခဲ့ကြတဲ့သူတိုင်းကို ကျေးဇူးတင်ပါတယ်။ Facebook ကို ဦးဇင်းမသုံးပါဘူး။ ကျောင်းနာမည်နဲ့ Facebook Page ရှိပေမယ့် မသုံးဖြစ်တာလဲကြာပြီလေ။ ဂေါပကအဖွဲ့သက်တမ်းကတော့ ဥပဒေအရ ၄နှစ်ဖြစ်ပါတယ်။ ဂေါပကအဖွဲ့သစ်အကြောင်းတော့ မထုတ်ပြန်သေးပါဘူး" ဟု မြန်မာ့ဂဇက်သို့ပြောကြားခဲ့သည်။

## Fort Wayne, IN ဇေတဝန်ကျောင်းတိုက်မဟာ ဘုံကထိန်ပွဲတော်



Indiana ပြည်နယ်၊ Fort Wayne မြို့၊ ဇေတဝန်ကျောင်းတိုက်၏ စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ၂၆၊ ၂၀၂၃ခုနှစ်က ကျင်းပခဲ့ရာ သံဃာတော် ၁၀ ပါးကို နေ့ဆွမ်း၊ ကထိန်သင်္ကန်းနှင့် နဝကမ္မများဆက်ကပ်လှူဒါန်းကာ ကုသိုလ်ကောင်းမှုများကို ကြွရောက်လာသူ၁၀၀ကျော်က ရေစက်ချအမျှဝေခဲ့သည်။

ဓာတ်ပုံ (ဘယ်)- ကိုခင်မောင်လေး (Fort Wayne)

## French Camp, CA ကုသလကာရီတရားရိပ်သာ စုပေါင်းမဟာ ဘုံကထိန်



California ပြည်နယ်၊ French Camp တွင် တည်ရှိသော ကုသလကာရီတရားရိပ်သာ၏ စုပေါင်းမဟာဘုံကထိန်အခမ်းအနားကို ၂၀၂၃ခုနှစ်၊ နိုဝင်ဘာ၂၆ တွင်ကျင်းပခဲ့ရာ မနက်၁၀နာရီ၃၀မိနစ်တွင် သံဃာတော်၁၅ပါးတို့အား တန်းဆွမ်းလောင်းလှူကြပြီး မွန်းလွဲ၁၂နာရီခွဲတွင် စုပေါင်းတရားနာရေစက်ချကာ ကထိန်သင်္ကန်းနှင့်နဝကမ္မများ စုပေါင်းဆက်ကပ်ခဲ့ကြသည်။

ဗုဒ္ဓဆင်းတုအား အမှူးထားပြီး သာသနာ့အလံများလွှင့်ချီကာ ညှပ်မကြီးကထိန်ပဒေသပင်နှင့် တဦးချင်းအလှူရှင်များ၏ပဒေသာပင်များကိုကိုင်ဆောင်ကာ ကလေးငယ်များ အပါအဝင် ဒကာ၊ ဒကာမများက ကျောင်းဝန်းတွင်း တပတ် ပဒေသပင်လှည့်ခဲ့ကြပြီး မြန်မာ့ရိုးရာဗုဒ္ဓဘာသာယဉ်ကျေးမှုသရုပ် ဖော်ကျူးခဲ့ကြသည်။

United States တွင်ကျင်းပသော ကထိန်အခမ်းအနားများသည် ဘာသာရေးယုံကြည်မှုသာမကဘဲ ရိုးရာယဉ်ကျေးမှုကို ဖော်ကျူးကာ မျိုးဆက်ဟောင်းများမှ မျိုးဆက်သစ်များကို လက်ဆင့်ကမ်းသောပွဲတော်တခုဖြစ်သည်။ " ဒီနှစ်ပွဲက လူအတော်စည်ပါတယ်။ ကထိန်ပွဲကိုလာတဲ့သူပေါင်း၄၀၀ကျော်တယ်။ San Francisco Bay Are က လူတွေရော၊ Central valley ကလူတွေပါ လာကြတယ်။" ဟု ၁၉၉၉ခုနှစ်မှစပြီး နှစ်စဉ်ကုသလကာရီတရားရိပ်သာ၏ ပွဲတော်များတွင် စေတနာ့ဝန်ထမ်းပါဝင်ကူညီခဲ့ပြီး ယခုနှစ်အခမ်းအနားအတွက်ဓာတ်ပုံပေါင်း ၃၀၀ကျော် မေတ္တာဖြင့်မှတ်တမ်းတင်ခဲ့သူ Fremont မြို့နေ Jason Hu က ပြောကြားခဲ့သည်။ ကုသလကာရီတရားရိပ်သာ၏ ၂၀၂၃ခုနှစ် စုပေါင်းမဟာဘုံကထိန်အခမ်းအနားသည်San Francisco Bay Area နှင့် Central Valley တွင်နေထိုင်ကြသည့် မြန်မာဗုဒ္ဓဘာသာမိသားစုများ၏ ကုသိုလ်စိတ်၊ စုပေါင်းအင်အားနှင့် ယဉ်ကျေးမှုကို ဖော်ထုတ်ပြသခဲ့သောပွဲတော်တခုဖြစ်ခဲ့သည်။

ဓာတ်ပုံ(ဘယ်)- Jason Hu



CNC PHARMACY 福星藥房

Exclusive MEDICAL PHARMACY

• 免費送藥到家
Free Local Prescription Delivery
Transferring Prescriptions is EASY!
Call us with your Rx Numbers
or bring your containers

Rachel Chhek, Pharm.D.
Pharmacy Owner

Languages: We speak English, Mandarin, Cantonese, Vietnamese, Spanish and Myanmar

☎ (626) 578 9991

Next to Dr. Yong Wang & Dr. May Li Wang Clinic.

CNC Aurora Pharmacy
11245 Lower Azusa Rd,
El Monte, CA 91731
*Inside Aurora Medical Center*
Tel: (626) 542 3374
Fax: (626) 542 3294

ဆေးဝယ်ရင် **Exclusive** မှာစိတ်ချရတယ်

San Gabriel Valley တဝှမ်းတွင်နေထိုင်သူ မြန်မာမိသားစုများထံသို့ အိမ်အရောက်အခမဲ့ပို့ဆောင်ပေးသည်၊
အမေရိကပြည်ထောင်စု ပြည်နယ်အသီးသီးမှ မှာယူသော မြန်မာများထံသို့လည်း စာတိုက်မှတဆင့် အိမ်အရောက် အခမဲ့ပို့ရှဝန်ဆောင်မှုပေးပါသည်၊
ဖုန်းနှင့်မေးမြန်းစုံစမ်းပါ၊

သတင်းကောင်း....
Covina နှင့် El Monte တို့တွင် ဆိုင်ခွဲများဖွင့်လှစ်လိုက်ပါပြီ၊

We Accept
Medi-Cal and Most Insurance Plans

CNC Rose Pharmacy
420 W Rowland St.
Covina CA 91723
*Inside Magan Medical Clinic*
(626) 966 9888

Exclusive Medical Pharmacy
65 North Madison Ave
Pasadena, CA 91101

Free delivery

Tel: (626) 578-9991
Fax: 626-578-9992
: rchhek@hotmail.com

မြန်မာအကြောင်း US အမျိုးသားမော်ကွန်းဝင်ခဲ့သော Myanmar Gazette

Los Angeles အခြေစိုက် မြန်မာသတင်းစာ Myanmar Gazette ကို Washington DC. အခြေစိုက် Newseum သတင်းမော်ကွန်းတိုက်က ၂၀၁၄၊ ဇွန်လက သတင်းစာအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုလက်ခံခဲ့သည်။ မြန်မာ့ဂဇက်သည်မြန်မာနိုင်ငံပြင်ပတွင်မြန်မာဘာသာဖြင့်ထုတ်ဝေသည့်သက်တမ်းအကြာဆုံးစာစောင်ဖြစ်သည်။
လစဉ်ထုတ် Myanmar Gazette အကြောင်းကို Los Angeles Times အဖုံးတွင်အင်တာဗျူးဖော်ပြခဲ့သလိုကမ္ဘာ့အစောဆုံးမီဒီယာတခုဖြစ်သည့် Agence France Presse (AFP) သတင်းဌာနကလည်းအယ်ဒီတာချုပ်နှင့်အင်တာဗျူးခဲ့သည်၊


International Media များကအသိအမှတ်ပြုသော Myanmar Gazette

Hong Kong, Japan ထုတ်မဂ္ဂဇင်းများတွင် Myanmar Gazette သတင်းစာအကြောင်းကို ရေးသားဖော်ပြခဲ့သည်။ South China Morning Post - scmp.com တွင် Myanmar Gazette သတင်းစာအယ်ဒီတာချုပ်နှင့်အင်တာဗျူးကိုဖော်ပြခဲ့သည်။

စောင်ရေများများနှင့် လစဉ်အချိန်မှန်ထုတ်ဝေသော

အမေရိက၏တခုတည်းသော ပုံနှိပ်စာစောင်မြန်မာ့ဂဇက်တွင်ကြော်ငြာပါ။

ကမ္ဘာကျော်လုပ်ငန်းကြီးများဖြစ်သည့်
Western Union, MoneyGram လည်းမြန်မာ့ဂဇက်တွင်ကြော်ငြာသည်။
Gilead လည်းမြန်မာ့ဂဇက်တွင်ကြော်ငြာထည့်သည်။
China Airlines ကြော်ငြာလည်းမြန်မာ့ဂဇက်တွင်ပါသည်။
အမေရိကတွင် မြန်မာသန်းနီးပါး အမြဲတမ်းနေကြသည်။
အမေရိကန်(ဝသန်း)သိသွားအောင် မိမိလုပ်ငန်းကိုမြန်မာ့ဂဇက်တွင်ကြော်ငြာပါ။
မြန်မာပြည်ဈေးကွက်ကိုထိုးဖောက်ရန် မြန်မာ့ဂဇက်မှစတင်ပါ။
ပုံနှိပ်မီဒီယာသည် Social Media တို့နှင့်မတူကွဲပြား လွှမ်းခြုံသိရောက်ဆဲပါ။
https://www.facebook.com/TheMyanmarGazette
www.MyanmarGazette.net http://issuu.com/myanmargazette



牙科诊所
DENTISTA

Dr. Min Lwin
Dr. Tin Tin Htwe

San Gabriel Office
1739 S San Gabriel Blvd
San Gabriel
CA 91776
Ph: (626) 288-5777

SUPER SMILE DENTAL
We Care For Your Smile

- Cosmetic Dentistry (Veneer, White Filling,Teeth Whitening)
- Painless Treatment.
- Senior Discount(50% Off UCR)

Call us today for
FREE XRAYS FREE EXAM FREE CONSULTATION
www.SuperSmileDental.com

JJW FOOD SERVICES CO.

Jimmy Myint
Cell: (626) 342-2273
JimmyMyint@jjwtradinginc.com




ဆန်၊ ပဲပြုတ်လုပ်သည့် စားတော်ပဲ၊ ကောက်ညှင်းဆန်နှင့် ကောက်ညှင်းချေ့ပ် အပါအဝင် မြန်မာများစားသုံးကြသည့်ပဲမျိုးစုံနှင့် မြန်မာနိုင်ငံထွက် စားသောက်ကုန်များကို မြန်မာနိုင်ငံမှ ကွန်တိန်နာဖြင့်တိုက်ရိုက်တင်သွင်းသော JJW Food Services တွင် လက်လီ–လက်ကားဝယ်ယူနိုင်ပါသည်။ လက်ကားအထူးဈေးနှုန်းမေးမြန်းပါ။
Poultry, Meat & Seafood များလည်းရပါပြီ။

Tel: (626) 361-7144
Fax: (626) 507-6408

J J W Food Services
2637 Chico Ave
S. El Monte, CA 91733

Mon to Fri: 8:00 AM - 6:00 PM | Sat-Sun: 9:00 AM - 5:00 PM
https://www.facebook.com/JJW-Food-Services-Co-2073276332707603

# U.S. TRADING COMPANY

အမေရိကလက်ကားကုန်စုံဆိုင်နှင့်ရောင်းဝယ်ရေးပွဲရုံ

SINCE 1985

Local and Nationwide Food Service Distributor

21118 Cabot Blvd
Hayward, CA

Office Hours Mon-Fri: 7am to 7pm Sat-Sun: Closed





Rice & Noodles | Seafood & Meats | Sauces & Seasonings | Desserts & Sweets | Baking & Mixes | Fresh & Frozen | Households

TEL: 1.800.453.5502 LOCAL: 1.510.781.1818 FAX: 1.800.844.8885

ကုန်စုံဆိုင်အစားအသောက်မျိုးစုံကိုထိုင်းဗီယက်နမ်တို့မှတိုက်ရိုက်မှာယူတင်သွင်းသော လက်ကားဆိုင်ဖြစ်ပါသည်၊ အမေရိကပြည်နယ်အသီးသီးနေမြန်မာများ၏ ဆူရှီဆိုင်များ ကုန်စုံဆိုင်များ စားသောက်ဆိုင်များများအတွက် လက်ကားဈေးနှုန်းဖြင့်လိုသလောက်မှာယူနိုင်ပါသည်၊ Business to Business Distributor အတွက်သာဖြစ်ပါသည်၊ လက်လီမရောင်းပါ၊ ဖုံးဆက်မေးမြန်းစုံစမ်းပါ၊

WWW.USTRADING.COM | | INFO@USTRADING.COM






lumineers(veneers)

- Cleaning
- Deep Cleaning
- Filling
- Sealant
- Extraction
- Tooth Whitening
- Root Canals
- Crown & Bridge
- Denture
- Implant

Zoom! about an hour in office bleaching
TEETH WHITENING
ယခုဖြတ်ပိုင်းယူလာပါက အထူးဈေး
$249 Reg. $450

*Free consultation for orthodentic only(by appointment only)

ACCEPTS MEDI-CAL, HEALTHY FAMILY (DELTA DENTAL PLAN)
MOST INSURANCES ACCEPTED
NEW PATIENTS AND CHILDREN WELCOME

美美牙科

## May Valley Dental Center


Ma May Thet Naing D.D.S
General & Cosmetic Dentistry

11766 Valley Blvd.
El Monte, CA 91732
Tel. (626)-448-5000 Daily - 9Am to 6pm

Open Saturday & Sunday

6850 Lincoln Ave.Suite 100
Buena Park , CA 90620
Tel. (714)-229-1888
Open: Mon-Sat 9Am to 6pm





We Speak:English, Spanish, Mandarin, Cantonese, Vietnamese and Burmese.
www.MayValleyDental.com info@mayvalleydental.com



# MRL™ Group, Inc.

(dba) Max Realty & Loans DRE # 01255756

Over 20 years
of Real Estate, Mortgage and Property Management Experience in Bay Area

1st Choice in Real Estate
Call John
Then " Start Packing"
(510) 219 2880



ကိုတင်အေး
John P. Lee
Broker/Owner
License # 01255756
Cell: (510) 219 2880
Office :(510) 505 9933
JohnLee@MRLBayArea.com
www.JohnPLee.com
3982, Horner St, Suite A,B&C
Union City, CA 94587

**RUBY GROUP CONSTRUCTION INC.**
Commercial, Apartment Building, New Development & Construction
အဆောက်အဦးဆောက်လုပ်ပြင်ဆင်ခြင်းလုပ်ငန်းများ
စီမံကိန်းချဆောင်ရွက်လိုသူများတိုင်ပင်ဆွေးနွေးလုပ်ငန်းအပ်နှံနိုင်ပါသည်။

အိမ်ခြံမြေရောင်းဝယ်ခြင်းငှားရမ်းခြင်း၊ စီမံခန့်ခွဲခြင်းများ
ပိုင်ရှင်တိုက်ရိုက်နှင့်အကျိုးတူအပ်နှံမှုတို့ကိုလက်ခံဆောင်ရွက်ပေးပါသည်။

**PENINSULA PRIME REALTY**
Real Estate Sales & Property Management
info@peninsulaprimerealty.com
672 Laurel St, San Carlos, CA 94070
Office: (650) 591-0119 DRE# 01835927

**MAX PROPERTY MANAGEMENT, INC.**
Professional Property Management Services
https://www.maxpropertymanagement.com/